www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE




BURMESE CLASSIC

## သိုးဆောင်း

# ဈာပနရှင်းတမ်း

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

သားသား စိုင်း၏

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ၈၉၅.၈၃

(ရှာပနရှင်းတမ်း) သိုးဆောင်း ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၀၄

စ၁၆-စာ၊ ၁၂၅၊ ၁၉.၅ စင်တီ၊ (၁) ရှာပနရှင်းတမ်း ၊


# ရှာပနရှင်းတမ်း

www.burmeseclassic.com

# ဈာပနရှင်းတမ်း

မြို့တစ်မြို့ . . .

မြို့ကြီးလည်း မကျ၊ မြို့သေးလည်း မဟုတ်။ ဒါပေမဲ့ ပြည်နယ်တစ်ခု၏ မြို့တော်ဖြစ်သည်။ ထို့အတွက် ရရှိထားသော ဂုဏ်ပုဒ်နှင့် လျော်ညီစွာ ထိုက်တန်သော တိုးတက်မှုတွေရှိပါ၏။ ဘာတွေ တိုးတက်သနည်း။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး။ ပြီးတော့ စိတ်ဓာတ်၊ ပြည်နယ်တစ်ခု၏ မြို့တော်ဖြစ်ရာ သူ့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိ၏။

ကိုယ်ပိုင်ပညာရေး။

ကိုယ်ပိုင် ဆေးဝါးစောင့်လျှောက်မှု။

ကိုယ်ပိုင်အလှ။

ကိုယ်ပိုင်သတင်းစာ။

ကိုယ်ပိုင် . . . . . . . . . .

ကိုယ်ပိုင် . . . . . . . . . .

ကိုယ်ပိုင် . . . . . . . . . .

စသဖြင့် ရှိကြသည်။ ထို့အတွက် သူတို့မြို့တွင် ပညာတတ်ပေါ၏။

လူတော်တွေ ထွက်၏။ လူယဉ်ကျေးတွေ များ၏။

ဒါပေမဲ့ နေ့ရက်တစ်ခုမှ စတင်ပြီး ထိုမြို့တွင် ကြံတောင့်ကြံခဲ ဖြစ်ရပ်များ ဆက်တိုက်ဆိုသလို ဖြစ်ပျက်လာပါတော့သည်။

မနက်ခင်းတစ်ခုတွင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ရေချိုမြစ်တစ်စင်းက မြို့ကြီးကိုပတ်ကာ နံဘေးမှ ဖြတ်သန်းစီးဆင်းသည်။ ထိုမြစ်သည် ထိုမြို့အတွက် အဓိက အသက်သွေးကြောဖြစ်ပါသည်။ ထို့အတူ မြို့၏ အမှတ်သင်္ကေတလည်း ဖြစ်သည်။

ယခုမြစ်ကမ်းစပ်တစ်နေရာ၌ လူတွေ အုံခဲလျက် ရှိနေသည်။ တစ်နေရာကို စိတ်ဝင်တစားကြည့်ကာ အုံးအုံးကျွက်ကျွက် ပြောဆိုနေကြသည်။ အနီးဝန်းကျင်မှလူများ၊ သတင်းကြား၍ ဟိုမှသည်မှ အပြေးအလွှား ရောက်လာကြသူများ စသည်ဖြင့် ကျွက်ကျွက်စီစီကာ နေပါ၏။

ခါးတောင်းကို မြှောင်အောင် ကျိုက်၍ အင်္ကျီဗလာဖြင့် လူငယ်သုံးဦး မြစ်တွင်းမှ အရာတစ်ခုကို ကုန်းပေါ်ဆွဲတင်နေသည်။ တစ်ဦးက ကုန်းပေါ်မှ ကြိုးဖြင့် တောင့်ကာ နှစ်ဦးက လက်အိတ်ကိုယ်စီဝတ်ပြီး မြစ်တွင်းမှနေ၍ ကြိုးချည်ထားသော အရာတစ်ခုကို တွန်းတင်ပေးနေသည်။

အဘယ်နည်း . . . ။

ဤမျှ သောက်သောက်လဲ စိတ်ဝင်စားနေကြသော အရာမှာ ဘာဖြစ်နိုင်သနည်း။ ရုပ်လုံးကတော့ တဖြည်းဖြည်း ပေါ်လာနေပြီ။



တာဝန်ရှိသူတွေလည်း ရောက်လာကြပြီ။

ထို့အတွက် လိုအပ်သော ဧရိယာတစ်ဝိုက်အား တားမြစ်နယ်မြေသတ်မှတ်ထားသည်ဖြစ်ရာ ရပ်ကြည့်နေသူများကို ပို၍ မရိုးမရွ ဖြစ်စေပါသည်။

မိန်းမတစ်ဦး လေး၊ ငါးနှစ်အရွယ် ကလေးငယ် လက်ကိုဆွဲကာ လူအုပ်တွင်းမှ လှည့်ထွက်သွားသည်။ ပေါ်လာသောအရာနှင့် ပတ်သက်ပြီး ကလေးအား မမြင်တွေ့စေချင်သည့် ပုံစံမျိုး။

တစ်နေရာမှာလည်း ဗိုက်ဖုံးအင်္ကျီဝတ် အမျိုးသမီးတစ်ဦးကို ခင်ပွန်းဖြစ်ဟန်တူသူက နေရာမှ အတင်းဆွဲခေါ်နေသည်။ ဒါပေမဲ့ အမျိုးသမီးမှာ သိပ်မလိုက်ချင်။ ရင်သွေး လွယ်ထားရသော်လည်း မိန်းမတို့သဘာဝအရ မျက်စိရှေ့မှ အဖြစ်အပျက်ကို ကြည့်ချင်နေသည် မဟုတ်ပါလား။

နောက်ဆုံးတစ်ချက် တွန်းတင်ပြီးချိန်မှာ လူအများ စိတ်ဝင်စားသောအရာသည် ကုန်းပေါ်သို့ မှောက်ခုံကြီး ရောက်လာတော့သည်။

ဆိုးရွားသော အနံ့သက်ကြောင့် ကြည့်နေသူများ နှာခေါင်းပိတ်လိုက်ကြ၏။

ဘယ်သူလဲ . . .

ဘာကြောင့်လဲ . . .

ရဲအရာရှိက မှောက်ခုံဖြစ်နေသော အရာအား ပက်လက်ဆွဲလှန်လိုက်စဉ်မှာတော့ . . .

“ဟာ . . .”

“ဟယ် . . .”

“အို . . .”

အသက်လေးဆယ်ဝန်းကျင် အမျိုးသား။

မျက်နှာမှာ ငါးတွတ်ရာ ဗရပွနှင့် . . . ။



www.burmeseclassic.com

www.burmeseclassic.com

## (b)

စကားပေါင်းနှင့် ပြောရပါက ဆောင်းနှင်းဝေသော မနက်ခင်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်မှ ပေ (၇၀၀)ကျော်သာ မြင့်သော်လည်း တိုက်ခတ်လာသောလေက ရေခဲတမျှ အေးစက်နေသည်။ ညအိပ်မီးတို့ အလင်းဖျော့နေကြပြီ။

ဘူတာရုံအိုလေးက အလင်းမဝင်သေးသော ညအရိပ်အောက်မှာ စောင်ခြုံကွေးလျက် ရှိနေ၏။ ရထားဝင် နောက်ကျသည်မို့ အားလုံးက အေးအေးသက်သက်။ မီးရထားဝန်ထမ်းနှစ်ဦး ဘူတာအဆောက်အဦးတွင်း ခုံတန်းလျားပေါ်မှာ စိတ်အေးလက်အေး အိပ်စက်နေသည်။

ဈေးသည်အချို့မှာတော့ အိပ်တစ်ဝက် နိုးတစ်ဝက်။ ခရီးသည်စောင့်နေသော မြင်းလှည်းသုံးစီးမှာလည်း ထို့အတူ။

ထိုထိုသော ပုံသဏ္ဌာန်များဖြင့် ရှိနေကြသည့် အခါသမယ . . .

"အား . . ."

ထွက်ပေါ်လာသော အော်သံကြီးက အားလုံးကို နိုးထသွားစေသည်။



အမလေး . . . လုပ်ကြပါဦး . . . ဒီမှာ ဘာကြီးလဲ မသိဘူး"

ဘူတာရုံလေး လှုပ်ရှားသွားလေပြီ။ အသံထွက်ပေါ်လာရာကား ရထားသံလမ်းတစ်နေရာ။ ပြေးသံလွှားသံ၊ ဖိနပ်နှင့် အုတ်သား ပွတ်သံသွေ့ တစ်မုဟုတ်ချင်း ထွက်ပေါ်လာသည်။ ရထားသံလမ်းပေါ်တွင် စိုးရိမ်ကြီးသော ခြေထောက်တွေ ရှုပ်ယှက်ခတ်သွား၏။

တစ်နေရာအရောက် . . .

သူတို့ တွေ့လိုက်ရသည်ကား . . .

ပြန့်ကြဲနေသော ဟင်းသီးဟင်းရွက်များ . . .

သံလမ်းပေါ် ကန့်လန့်ဖြတ်လဲနေသည့် အရာတစ်ခု . . .။

ခေါင်းမြီးစကိုင်ကာ တုန်ယင်အော်ဟစ်နေသော မိန်းမကြီးတစ်ဦး။ ထိုအခိုက် ဓာတ်မီးရောင်တစ်ချက် လင်းလက်သွား၏။

စိုက်ကျသွားသော အကြည့်များအောက်မှာ . . .

အနီရောင် ဂါဝန်တစ်ထည်။

ပေါင်လယ်လောက်သာရှိသော ဆွဲသားပျော့ဂါဝန်က အပေါ်သို့ လန်ကာနေသည်။ ဒါပေမဲ့ . . .

• • •

"သေဆုံးသူကို စတွေ့ပုံလား ပြောပါဦး . . ."

ရဲအရာရှိစကားကြောင့် ခေါင်းမြီးစကိုင်ထားသော မိန်းမကြီးက တုန်တုန်ယင်ယင်ဖြင့် . . .

"ကျွန် . . . ကျွန်မ ဈေးရောင်းဖို့ ထွက်လာတာပါ။ ကျွန်မအိမ်က သံလမ်းရဲ့ ဟိုဘက်ခြမ်းမှာ ရှိပါတယ်။ သံလမ်းကိုဖြတ်ပြီး ဘူတာကို လာတုန်း သူ့ကို တွေ့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

“တွေ့တော့ ဘယ်လိုပုံစံလဲ”

“အခုတိုင်းပဲ ကန့်လန့်ဖြတ် လဲနေတာပါ”

“ပြီးတော့ရော . . . ”

“မှောင်နေလို့ ပထမ မမြင်ပါဘူး။ ခြေထောက်ကို တိုက်မိပြီး ကျွန်မ ဈေးဗန်းမှောက်ကျသွားတော့မှ . . . ”

“ခင်ဗျားအော်သံကို ကြားလို့ သူတို့ ပြေးလာတာပါလို့ ကျွန်တော့် လူတွေ ဖြေထားပါတယ်။ လန့်ပြီး အော်လိုက်တာလား၊ ဒါမှမဟုတ် သေနေတယ်ဆိုတာ သိလို့ အော်လိုက်တာလား”

“ဖြန့်းခနဲ တွေ့လိုက်ရတော့ လန့်သွားတာပါ။ ပြီးတော့ သူ့ ရင်ဘတ်မှာ သွေးတွေ ထွက်နေတာကိုလည်း မြင်လိုက်ရလို့ပါ”

“ကိုင်းတောထဲကနေ ရထားသံလမ်းထိ သွေးစက်တွေကျနေ တာကိုရော မမြင်ဘူးလား”

“အဒါကိုတော့ မိုးလင်းမှ မြင်ရတာပါ”

ဟုတ်၏။ ကိုင်းတောထဲတွင် သွေးအိုင်တစ်အိုင်ကို မြင်ရပါသည်။ သွေးများက ထိုနေရာမှတစ်ဆင့် အတန်းလိုက် ဒရွတ်ဆွဲကာ ရထားသံလမ်းပေါ်တွင် ကန့်လန့်ဖြတ် လဲနေသော အလောင်းနေရာတွင် ဆုံးသည်။ သေဆုံးသူမှာ ကိုင်းတောထဲမှတစ်ဆင့် ရထားသံလမ်းပေါ် သို့ ဒရွတ်ဆွဲတက်သွားသည်ဟု ယူဆရသည်။

ရဲအရာရှိ ခေါင်းညိတ်၏။ အခြားနေရာ၌ အခင်းဖြစ်ရာ အနီး ဝန်းကျင်ရှိလူများကိုလည်း သက်ဆိုင်ရာ ရဲတချို့ စစ်မေးနေသည်။

“ခင်ဗျားက မီးရထားဝန်ထမ်းနော်”

“ဟုတ်ပါတယ် . . .”

“အော်သံမကြားခင် ခင်ဗျား ဘာလုပ်နေလဲ”

“အိပ်နေပါတယ်”

“တခြားအလုပ် မရှိဘူးလား”

“ဘာအလုပ်ကို ပြောတာလဲ”



“ဘူတာ အနီးဝန်းကျင် လုံခြုံရေးလိုမျိုးပေါ့”

“အဲဒါ ခင်ဗျားတို့ ရဲတွေအလုပ်လေ။ ကျုပ်တို့ အလုပ်မှ မဟုတ် တာ”

“ခင်ဗျားဂျူတီက ဘယ်အချိန်လဲ”

“ည (၆) . . . မနက် (၆)”

“ဒါဆို ခင်ဗျားတာဝန်ချိန်မှာ အိပ်နေတာပေါ့”

ပုံစံကြည့်ရတာ အရင်ကလည်း သူတို့အချင်းချင်း ငြိထားကြဖူး သည် ထင်ပါ၏။

“အလုပ်မရှိဘဲ ကျုပ်က တစ်ညလုံး ထိုင်နေရမှာလား။ ခင်ဗျား တို့ရော အလုပ်မရှိရင် မအိပ်ဖူးလား”

“No. . . . ကျုပ်တို့က ပြည်သူ့လုံခြုံရေးအတွက် (24/7) တာဝန် ယူနေတာ”

ဘူတာဝန်ထမ်းက ခေါင်းငုံ့ကာ ရယ်ပြီး . . .

“မျက်ချေးတွေ သုတ်လိုက်ပါဦး ဆရာ”

တစ်ဖက်တွင်လည်း . . ...

“ခင်ဗျား ဒီနေရာကို ဘယ်လိုရောက်လာတာလဲ”

မြင်းလှည်းသမားက တစ်နေရာကို မေးငေါ့ကာ . . ...

“ဟိုအဒေါ်ကြီး အော်သံကြားလို့ ရောက်လာတာပါ”

“သူ့ကို သိလား”

“အဒေါ်ကြီးကို မေးတာလား ခင်ဗျာ”

“ဟုတ်တယ်”

“သိပါတယ် . . . ဒီဘူတာမှာ ဟင်းရွက်ရောင်းနေကျ ဈေးသည် ပါ”

“ဒီရောက်တော့ ခင်ဗျား ဘာတွေ့လဲ”

“မိန်းကလေး အလောင်းရယ်၊ ကြောက်လန့်ပြီး အော်နေတဲ့ အဒေါ်ကြီးရယ်ကို တွေ့ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတစ်ယောက်တည်းလား"

"မဟုတ်ပါဘူး . . . ကျွန်တော်နဲ့အတူ ပြေးလာတဲ့ သူတို့လည်း ပါပါတယ်"

မြင်းလှည်းဆရာက အဖော်နှစ်ယောက်ကို လက်ညှိုးထိုးပြသည်။ စစ်မေးနေသူက မျက်လုံးတစ်ချက် ဝှံကြည့်ကာ . . .

"ခင်ဗျားတို့တွေက ဒီဘူတာမှာပဲ လူစောင့်တာလား"

"ဟုတ်ပါတယ်"

"ညတိုင်းလား"

"ညတိုင်းနီးနီးပါပဲ"

"အဲလိုဆို ဘူတာနဲ့ အခင်းဖြစ်တဲ့နေရာက သိပ်မှမကွာဘဲ။ မသင်္ကာစရာအကြောင်း တစ်ခုတလေများ မတွေ့မိဘူးလား။ ဥပမာ . . . အော်သံလိုမျိုးပေါ့"

မြင်းလှည်းဆရာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ ပြီးတော့ ပြိုင်တူ ခေါင်းရမ်းကာ . . .

"ဟင့်အင်း . . . မတွေ့မိဘူး"

"သေဆုံးသူကိုရော ခင်ဗျားတို့ သိလား"

တစ်ဦးက ကျောက်ခါင်ငင်ကာ ထပြောသည်။

"သိပါတယ်"

"ဘယ်သူလဲ"

"ဒီဘူတာအနီးဝန်းကျင်မှာ ကျက်စားနေတဲ့ ညဥ့်ငှက်မလေးပါ"

ᄌ ᄌ ᄌ



# I

ဝဋ်ကြွေး . . .

လူတိုင်း ကြားဖူးမှာပါလေ။ ဒါပေမဲ့ . . . လူတိုင်း ခံစားဖူးမယ်တော့ မထင်ပါဘူး။ ကျွန်မအတွက်တော့ ဝဋ်ကြွေးဆိုတာ ငိုသံတွေနဲ့ ရွတ်ဆိုရတဲ့ ကဗျာတစ်ပုဒ်လို့ပဲ သတ်မှတ်ထားပါတော့တယ်။

လူဖြစ်လာရတာ ဝဋ်ကြွေးလား။ တစ်ချိန်မှာ သေဆုံးဖို့အတွက် အဓိပ္ပာယ်မဲ့ ရှင်သန်နေရတာ ဝဋ်ကြွေးလား။ အမေနဲ့နေရတာ ဝဋ်ကြွေးလား။ သို့မဟုတ် အဖေနဲ့ခွဲနေရတာ ဝဋ်ကြွေးလား။

ဟင့်အင်း . . . မဟုတ်ပါဘူး။ အဲဒါတွေက ဝဋ်ကြွေးမဟုတ်ဘူး။ ဝဋ်ကြွေးလို့ မခေါ်လောက်သေးဘူး။ တကယ့် ဝဋ်ကြွေးအစစ်က သူမရဲ့ အတွင်းစိတ်ထဲမှာ၊ ဖျို့အန်တွန်းကန်နေတဲ့ အတွင်းတုံ့ပြန်မှုတွေနဲ့စာရင် အဲဒါတွေက ထမင်းရည်ပူ စည်းတွေပါ။

တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကိုယ် မုန်းတယ်။ နာကြည်းတယ်။ စိတ်တိုရင် နှုတ်ခမ်းကိုက်တတ်တာ ဘယ်သူတွေ စခဲ့တဲ့ အပေါ်စားဟန်ဆောင်မှုတွေ မသိဘူး။ သူမအတွက်တော့ နှုတ်ခမ်းကိုက်လေ ပိုနာလေပါပဲ။ သွေးထွက်အောင်ကိုက်ရင် သွေးထွက်အောင်နာတယ်။ ဒါပါပဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့လဲ . . . ဘယ်မှာလဲ . . .

အလွန်တရာ ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်လုံးထဲမှာ။

ကျယ်ဝန်းပြန့်စိမ်းသော ခြံဝန်းကြီးထဲမှာ . . .

ညနေတိုင်း အစွမ်းကုန် ပြင်ဆင်ခြယ်သပြီး အပြင်ထွက်လေ့ရှိတဲ့ အမေတစ်ယောက်။

တံခါးအထပ်ထပ် ကာရံထားတဲ့ အိမ်ကြီးတစ်လုံးထဲမှာ ပိတ်မိနေတဲ့ သမီးတစ်ကောင်။

အရာရာကို နားလည်ခံစားပေးနိုင်တဲ့ အထိန်းတော်တစ်ဦး။

ဒါပါပဲ။ သူမဘဝက အဲဒါပဲ။

ဒီထက် ဘာမှ မပိုခဲ့ဘူး။ တချို့တွေကတော့ နတ်ဘုံနတ်နန်းနဲ့ ရွှေသားနန်းတော်ကြီးလို့ ထင်ရင် ထင်နေကြလိမ့်မယ်။ လိုတရတဲ့ ရွှေအိမ်စံ မင်းသမီးလေးလို့လည်း ထင်နိုင်ကောင်းပါတယ်။ ဒါပေမဲ့ သူမ အဲဒါ တွေကို မုန်းတယ်။

အကျဉ်းကျနေတာမဟုတ်ပါဘဲ အချုပ်သားတစ်ဦးလို နေရတဲ့ ဘဝလေ။ လွတ်လပ်သူဆိုတာ ဘာလဲ။ လွတ်မြောက်သူဆိုတာ ဘာလဲ။ လူအချို့ လွတ်မြောက်ဖို့ ကြိုးစားရင်း ကိုယ်ခင်းတဲ့လမ်းထဲ ကိုယ်ကိုယ်တိုင် ကျွံဝင်သွားကြတယ်။ တချို့ လွတ်လပ်ဖို့ ကြိုးစားရင်း ကြက်တူရွေးဆန်ဆန် နှုတ်သီး ချွန်သွားကြတယ်။

သူမကရော လမ်းထဲကို ကျွံဝင်သွားပြီလား။ (သို့) နှုတ်သီးချွန်နေပြီလား။

မှန်ရှေ့မှာ ရပ်ချင်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် မကြည့်ချင်ဘူး။ သေချာတာတစ်ခုက 'စိတ်' ဆိုတဲ့ အရာကို မုန်းနေတယ်။

ဘယ်တော့မှ ရှင်းလင်းချောမွေ့ဖို့ မဖြစ်နိုင်တော့တဲ့ သူမခန္ဓာ။

အရွယ်ရောက် မိန်းကလေးတစ်ယောက်ရဲ့ အချို့အချို့သော အရာတွေကို လိုချင်တောင့်တမှု။



ပျော်ရွှင်မှုကို အမောတကော ရှာဖွေရင်း ကျေနပ်ခြင်းပါ ဆုံးရှုံးသွားမှု။

ထွက်ပေါက်ကို တောင့်တရင်း စိတ်ဟင်းလင်းပြင်မှာ နေရာလွတ်ရှိအောင် ပြည့်လျှံလာမှု။

အားလုံးပဲ၊ အားလုံးကို မုန်းတယ်။

လူဖြစ်လာတဲ့ဘဝမှာ အမုန်းဆုံးအရာတစ်ခုကို ပြပါဆို 'စိတ်ဓာတ်'။

ကိုယ့်စိတ်ဓာတ်ကိုယ် သေလောက်အောင် မုန်းနေတာပါပဲ။

"ကျွတ် . . ."

အံကိုကြိတ်တော့ အောက်ထပ်က အသံပေါ်လာတယ်။

"သမီးရေ . . . ဖေကြီး ဖုန်းလာတယ်"

တံတွေးကို မျိုချတော့ လည်ပင်းမှာ ချွေးစတွေ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## II

ကောင်းမွန်သော အိပ်မက်နှင့် ချမ်းသာစွာ နိုးထခွင့်ရပါစေ။ ဦးနှောက်ရဲ့ ဆဲလ်တွေထဲကို အသိဆိုတဲ့အရာလေး ဝင်လာတဲ့အချိန်က စပြီး ညတိုင်းမပျက် တောင်းခဲ့သော ဆုပါ။ ဒါပေမဲ့ ထိုဆုက အခုချိန် ထိ တစ်မနက်မှ ပြည့်မလာခဲ့သေးဘူး။

တချို့နေ့တွေမှာ ချမ်းသာစွာ အိပ်စက်ခွင့်ရပါတယ်။ ဒါပေမဲ့ နိုးထချိန်ကတော့ စဉ်ဆက်မပျက် ဆန့်ကျင်ဘက်အသွင်ကိုသာ ဆောင် နေခဲ့တယ်။ မတိတ်နိုင်ဘူးလေ။ ကိုယ့်မှာက မနက်ခင်းတွေကို ပန်းပွင့် ပေးနိုင်တဲ့ တန်ခိုးစွမ်းအားမှမရှိဘဲ။ ဒီလိုဆိုတော့လည်း ပွင့်ခက်ဝေလေ ရက်ဆက်ကြွေလေပေါ့။

တချို့တွေရဲ့ မနက်ခင်းဟာ ကြည်လင်နေလိမ့်မယ်။ တချို့က ပျော်ရွှင်နေလိမ့်မယ်။ တချို့ကတော့ တက်ကြွအားပြည့်နေလိမ့်မယ်။

အင်း . . .

သူကတော့ ဆာတာပါပဲ။ သူ့မနက်ခင်းတိုင်းက ထူးထူးခြား ခြား ဆာလောင်နေခဲ့ပါတယ်။ ဗိုက်ဆာတာ မဟုတ်ပါဘူး။ ဒါဆို ရေ ဆာတာလား။ ရေဆာတာလည်း မဟုတ်ဘူး။ နှစ်ရှစ်ဆယ်ဆိုတဲ့ ဘဝ သက်တမ်းကို လျှောက်လှမ်းဖို့ လုံလောက်သော အသိဉာဏ်နဲ့ ရင့်ကျက်မှု တွေကို ဆာတာလည်း မဟုတ်ဘူး။

သူ တကယ်ဆာတာက သတင်းတစ်ပုဒ်။

မနက်ခင်းတိုင်း အာသာပြေအောင် ရောက်လာမယ့် သတင်း တစ်ပုဒ်ကို ဆာနေတယ်။ နွေသက်တမ်းက မိုးကို ဝတ်ရုံဖွင့်ပြီး တောင့်တ သလိုမျိုး။ ပင်လယ်က လေချွန်ပြီး မုန်တိုင်းကို ခေါ်သလိုမျိုး ရှင်းရှင်း ပြောရရင် ဘိန်းသမားတစ်ယောက် ဘိန်းဆာသလိုကို ဆာနေခဲ့တာပါ။

အလိုမပြည့်ရင် ရင်တွေ ပူလာတတ်တယ်။ ပြီးတော့ စိတ်တွေ ယောက်ယက်ခတ်လာတယ်။ မသိစိတ်တစ်ခုရဲ့ တောင်းဆိုမှုကို သက် ဆိုင်ရာ သတိနယ်ပယ်က ရှည်ရှည်မထိန်းကွပ်နိုင်တဲ့ သဘော။ ပါးစပ် ဟထားတဲ့ ကျားတစ်ကောင်လိုပါပဲ။ (သို့) ချက်ကြိုးထောက်ညှို့ထား တဲ့ မြွေတစ်ကောင်လိုပဲ။

သတ်သေဖို့ထိတောင် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးတယ်။ သို့သော်မဲ့ တချို့တွေရဲ့ နောက်ဆုံးမိုင်တိုင်က ရှည်လွန်းလှတယ်လေ။ အပြစ်ပေး ခံဖို့ ပြဇာတ် ဇာတ်စင်ကလည်း လူပြည့်နေသေးတယ်ထင်ရဲ့။

ကိုယ့်အကြောင်းကို ဘယ်သူမှ ထုတ်မပြောရဲဘူး။ ရှက်လည်း ရှက်တယ်။ ရွံလည်း ရွံတယ်။ တကယ်ပါ . . . ။

ဘုရားသခင်က တချို့တွေအတွက် ရွေးချယ်စရာ ထည့်မပေး လိုက်ဘူးလေ။

• • •

အိပ်ရာနိုးနိုးချင်း ရင်ထဲ ပထမဆုံး ဝင်ရောက်လာတာက ဆာ လောင်မှု။ စောင်ကို တွန်းဖယ်ရင်း ကောင်းထက် ထထိုင်လိုက်ပါသည်။ စားပွဲတင်နာရီဆီ မျက်လုံးရောက်တော့ မနက်ခုနစ်နာရီထိုးဖို့ ငါးမိနစ်



www.burmeseclassic.com

www.burmeseclassic.com

အလို၊ ကပျာကရာ ထ၍ အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ဟင်းလင်း ဖွင့်ထားသော လေသာပြတင်းမှ နံနက်ခင်းလေကို ရှူရှိုက်ရ၏။ တံခါး မပိတ်ဘဲ အိပ်မိသည်မို့ အခန်းက အေးစိမ့်စိမ့်ဖြစ်နေသည်။

အရေးမကြီး၊ အရေးကြီးတာက သတင်းစာမှာ သူလိုချင်တဲ့ သတင်းပါလာဖို့။ ထို့အတွက် ခြေလှမ်းကို သွက်ရင်း အိမ်တံခါးကို ဆွဲဖွင့်လိုက်တော့ . . .

"ဟာ . . ."

ရင်တစ်ခုလုံး ဟာဆင်းသွားပါ၏။ သတင်းစာ ရောက်မလာသေး။ ဘယ်လိုဖြစ်တာလဲ။ ခုနစ်နာရီတောင် ထိုးနေပြီ။ အရင်ဆို ဒီအချိန် ရောက်နေကျပါ။ တံခါးကိုပိတ်၍ ဝရန်တာဆီ ထွက်လိုက်သည်။ အပြင်လှမ်းကြည့်တော့ လမ်းမထက်ဆီမှာ လူသူ ကင်းရှင်းနေ၏။

သူ နေထိုင်ရာ ဝန်ထမ်းအိမ်ရာလေးမှာလည်း တိတ်ဆိတ်လျက် ရှိနေသည်။ ဝန်ထမ်းတော့ မဟုတ်။ ဒါပေမဲ့ သုံးစွဲလို့ရရုံ ဝင်ငွေကလေးနှင့် တစ်ကိုယ်ရေတစ်ကာယသမားဖြစ်သူ သူ့အတွက် အိမ်ကောင်းကောင်း ငှားမနေနိုင်။

မျက်စိတစ်ဆုံး မျှော်ကြည့်ပြီးချိန်မှာ ဝရန်တာမှ ကောင်းထက် ပြန်လှည့်ခဲ့လိုက်သည်။ အနည်းငယ်လှုပ်ရှားလာသော စိတ်ကို ဖြေသိမ့်မှုပေးသည့်သဘော အခန်းတွင်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်၏။

"ပါလာပါစေ . . . ဒီနေ့လည်း လိုချင်သောသတင်း ပါလာပါစေ"

နှုတ်ကလည်း အကြိမ်ကြိမ် ဆုတောင်းနေမိသည်။ တစ်အောင့်ကြာတော့ ဝရန်တာ ပြန်ထွက်၊ သတင်းစာပို့သူကို ထပ်မျှော်။

နာရီဝက်လောက် ကြာသည့်တိုင် သတင်းစာပို့သူ၏ အရိပ်အခြည် မမြင်ရတော့ . . .



ရင်ခုန်သံတွေ မြန်လာခဲ့ပြီ။ နှုတ်ခမ်းတွေ ခြောက်လာခဲ့ပြီ။ ခမ်းတွင်းမှ ပူလောင်လာမှုကို ငြိမ်းသတ်ရန် ရေတစ်ခွက် ခပ်တော့ လက်တွေပင် တုန်လာသလို။

မဖြစ်တော့ . . . ကြာလျှင် ဒုက္ခများရချေတော့မည်။ ထိုစဉ်မှာပဲ . . . .

"ဒေါက် . . . ဒေါက် . . ."

"ဟာ . . ."

တံခါးခေါက်သံ . . .။ အိမ်ရှေ့ ပြေးထွက်ပြီး တံခါးကို ဆွဲဖွင့်တော့ . . .

"ဝုန်း . . ."

တံခါးဖွင့်သံက လှေခါးမှဆင်းရန် ပြင်နေသော သတင်းစာပို့ကောင်လေးကိုပင် ထိတ်လန့်သွားစေသည်။ ကောင်လေးက မျက်လုံးပြူးနှင့် မော့ကြည့်ပြီး . . .

"ဆောရီး . . . အစ်ကိုရာ၊ ဒီနေ့ နောက်ကျသွားတယ်"

"ရတယ် . . ."

သံဘာဂျာတွင် ညှပ်ထားသော သတင်းစာကို ဆွဲယူကာ စားပွဲတွင် အပြေးအလွှား ဝင်ထိုင်သည်။ ပြီးတော့ . . . နောက်ဆုံး စာမျက်နှာမှစ၍ . . .

တစ်နေရာအရောက် သူ့မျက်လုံးတွေ ဝင်းပသွား၏။ ထို့အတူ ရင်ထဲမှ အလုံးကြီးလည်း ကျသွားသည်။

ဖတ်လိုက်မိသည့် သတင်းတစ်ပုဒ်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

# III

ရှင်သန်ခြင်းနှင့် သေဆုံးခြင်းကြားမှာ ပါးလွှာသော စည်းလေးတစ်ခု ရှိ၏။ ထိုအရာကို နူးညံ့စွာ ပြောင်းလဲခြင်းလို့ တေးရေးဆရာတစ်ဦးက သွဲ့သွဲ့ဖွဲ့ဖွဲ့ ရေးပြထားဖူးသည်။ သူကတော့ ထိုအရာကို အာနာပါန ကျိုးပျက်ခြင်းလို့ အမည်ပေးထားပါသည်။

ဝင်လေတစ်ခု ဝင်လာပြီး ထွက်လေအဖြစ်သို့ မကူးပြောင်းဘဲ တစ်နေရာမှာ ရပ်တန့်သွားသည်။ ဒါဟာ သာမန်လူတစ်ဦးအဖို့ (တမင်တကာ လေ့ကျင့်ထားခြင်းမရှိပါက) သေဆုံးခြင်းပင် ဖြစ်ပါသည်။ ဝင်လေဝင်ပြီး အချိန်ကာလတစ်ခုထိ ထွက်လေမရှိတော့ခြင်းကို အသက်သေသည်ဟု သူကတော့ ရိုးရိုးလေး သတ်မှတ်ထားသည်။

နူးညံ့စွာ ပြောင်းလဲခြင်း (သို့) အာနာပါန ကျိုးပျက်ခြင်း။ ထိုတရားတို့၏ အဆုံးသတ်သည် ဘာမှအဓိပ္ပာယ်မရှိသည့် ရုပ်ခန္ဓာကြီးကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခြင်း ဖြစ်သည်။ မနက်က ရရှိထားသော သတင်းတစ်ပုဒ်အရ 'ဦးလူအောင်' ဟူသော ရုပ်ခန္ဓာကြီးကို ကျန်ရစ်သူ



မိသားစုက နေ့လယ် ဆယ့်နှစ်နာရီတွင် မြို့မသုသာန်သို့ လာရောက်သင်္ဂြိုဟ်ပေးပါမည်။

ထို့အတွက် ကောင်းထက်တစ်ယောက် မြို့မသုသာန်သို့ ကြိုတင်ရောက်ရှိကာ နေသည်။ ကိုယ်ကိုယ်တိုင်၏ ပယောဂတစ်စုံတစ်ရာမပါဘဲ ရရှိခဲ့သော စိတ်ဒဏ်ရာအတွက် လိုအပ်သော ဆေးဝါးကုသမှုတွေ လာရောက်ပြုလုပ်ပေးခြင်းပါ။

မြို့ပြင်သုသာန် ဖြစ်သည့်အတွက် လူသူလူပ်ရှားသူမရှိဘဲ ရှင်းလင်း ကင်းပကာနေသည်။ တောင်ကုန်းမြင့်လေးပေါ်တွင် တည်ရှိနေသည်ဖြစ်ရာ လာရာလမ်းက အနည်းငယ်ကွေ့ကောက်သည်။ ကျွန်းပင်ကြီးများ ထူးထူးခြားခြား ပေါက်ရောက်နေပြီး သုသာန်အနောက်ဘက်တွင် မြို့နေ လူထုတစ်ရပ်လုံး အနှစ်နှစ်အလလ ထိန်းသိမ်းထားသည့် သစ်တောကြိုးဝိုင်း ရှိ၏။

အုတ်ဂူများ၊ မြေပုံအစုအဝေးများ၊ ဝမ်းနည်းကျောက်စာတိုင်များ စတာတွေနှင့် သုသာန်လေးမှာလည်း တစ်မျိုးတစ်ဖုံ လှပကာ နေပါသည်။ ကုန်းမြင့်လေး၏ အောက်ခြေ၌ နှစ်ထပ်အိမ်လေးတစ်လုံးရှိသည်။ အောက်ထပ်တွင် ခန်းမငယ်တစ်ခု ပြုလုပ်ထားပြီး 'နှုတ်ဆက်ခန်းမ' ဟု အမည်ပေးထား၏။ တွဲလျက်အခန်းမှာတော့ အလုံပိတ်ထားသော အအေးခန်းတစ်ခုဖြစ်သည်။

သေဆုံးပြီး ရုပ်ခန္ဓာတို့အား မသင်္ဂြိုဟ်မီအချိန်အထိ ထိုအခန်းမှာ ထားရှိသည်။ အိမ်လေး၏ အပေါ်ထပ်မှာ သုဘရာဇာမိသားစု နေထိုင်ပြီး သူတို့တာဝန်မှာ အသုဘရှင်တို့၏ အလိုအတိုင်း သေဆုံးသူရုပ်အလောင်းတို့အား ပြင်ဆင်ခြယ်သပေးခြင်း၊ မြေချမြှုပ်နှံပေးရခြင်းဖြစ်သည်။

ခပ်ဝေးဝေးမှ အိမ်လေးကို လှမ်းကြည့်ပြီး ကောင်းထက် အကြောင်းချလိုက်သည်။ နှုတ်ဆက်ခန်းမမှာ ရှင်းလင်းလျက်ရှိနေသည့်အတွက် အသုဘရှင်တစ်ဦးတစ်လေမျှ ရောက်လာသေးပုံ မပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

နာရီကို ကြည့်တော့ ဆယ့်နှစ်နာရီထိုးရန် မိနစ်အနည်းငယ် လိုသေး၏။ ပခုံးပေါ်ကျနေသည့် အင်္ကျီမှ ခေါင်းစွပ်ကိုစောင်းပြီး အုတ်ဂူများရှိရာသို့ ကောင်းထက် လျှောက်လာလိုက်သည်။ ကျွန်းပင်ကြီးတစ်ပင်အောက်ရောက်တော့ နီးစပ်ရာ အုတ်ဂူပေါ်ထိုင်ကာ ဆေးလိပ်တစ်လိပ်ထုတ်သောက်လိုက်၏။

ဆောင်းလေအေးက ကျွန်းရွက်များကို တစ်ရွက်ချင်း အုတ်ဂူပေါ်ခြွေချပေးနေ၏။ သက်တမ်းကုန်သစ်ရွက်များကို ကြည့်ပြီး အကြောင်းမဲ့နှုတ်ခမ်းကိုက်မိလိုက်သည်။

ဘာမှမဆိုင်ပါပဲ ယန်းပေါ်ဆတ်၏ ဖြစ်တည်ခြင်း ပဓာနဝါဒကို နှလုံးသားက ပြန်ကြားလာသည်။ ဂျာမန်တို့ အုပ်စိုးမှုကို ပြင်သစ်တို့ တွန်းလှန်ပုန်ကန်ချိန်မှာ ထွက်ပေါ်လာသောဝါဒ၊ ဖြစ်တည်ခြင်းပဓာနဝါဒ (သို့) လူသားဝါဒ။

လူသည် မိမိပြုလိုသည်ကို ပြုနိုင်ရန် အစဉ်အမြဲ လွတ်လပ်ခွင့်ရှိသည်။ ပြီးတော့ ထိုအပြုအမူတို့အတွက် တာဝန်လည်း ရှိသည်။

သက်မဲ့အရာဝတ္ထုတို့မှာ ထိုသို့မဟုတ် သူတို့ကို ပြဋ္ဌာန်းထားသည့် နိယာမများက ချုပ်ကိုင်ထားသည်။ ထို့အတွက် သက်မဲ့အရာဝတ္ထုတို့မှာ မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အဆုံးအဖြတ်ခံရမြဲ ဖြစ်၏။ ထိုနိယာမများက လူသတ္တဝါကို မချုပ်ကိုင်နိုင်။

လူသတ္တဝါ၌ ကြံစည်ဖန်တီးနိုင်စွမ်း ရှိနေ၏။ လူသည် မိမိပြုမူလိုသည်ကိုပြုနိုင်ရန် လွတ်လပ်ခွင့်ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင်လူသည် လုံးဝလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။ လူသည် အဆုံးဖြတ်ခံ မဖြစ်စေရ။

ကမ္ဘာမှာ ဟိုးလေးတကျော်ဖြင့် ထိုဝါဒနှင့်ပတ်သက်ပြီး လက်ခမောင်း ခတ်နေကြသူတွေကို သူရယ်ချင်သည်။ လူတိုင်းသည် လွတ်လပ်ခွင့် ရှိတာလား၊ ကိုယ်နှစ်သက်ရာကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတာလား။



ဆတ်အဆိုအရ ထမင်းချက်အလုပ်ကို လုပ်သောသူသည် မွေးကတည်းက ထမင်းချက်မဟုတ်ပေ။ မိမိသဘောအရ ထမင်းချက်အလုပ်ကို ရွေး၍သာ ထမင်းချက်ဖြစ်နေရခြင်း ဖြစ်၏။ ၎င်းထမင်းချက် ဖြစ်ခြင်းမှာ မည်သည့်အရာ၏ ဆုံးဖြတ်မှုကြောင့်မှမဟုတ်။ ကိုယ်က လုပ်ချင်၍လုပ်ခြင်းသာ ဖြစ်သည်။

ဟုတ်ရဲ့လားကွယ်၊ လောကမှာ ကိုယ့်အပေါ် သက်ရောက်နေတဲ့အရာရာတိုင်းက ကိုယ့်ရွေးချယ်မှုကြောင့်ဆိုတာ ဟုတ်ရဲ့လား။ တခြားသူတွေ မပြောတတ်ပေမဲ့ သူ့အတွက်တော့ လုံးလုံးဆန့်ကျင်လို့နေသည်။

ဒီသုသာန်ကို ရောက်လာတာ သူ့ ရွေးချယ်မှုမဟုတ်ဘူးလေ။ မှန်သော သစ္စာပါ။ ဒီနေရာကို သူ လုံးဝ မလာချင်ဘူး။ ဒါပေမဲ့ ဖောက်ပြန်တွန်းကန်နေတဲ့ ဆာလောင်မှုတစ်ခုကြောင့် သူ ဒီကိုရောက်လာရခြင်း။

"ဟက် . . ."

ကောင်းထက် ဟက်ခနဲ တစ်ချက်ရယ်ရင်း ဆေးလိပ်ငွေ့တွေကို ခပ်ဝေးဝေး မှုတ်ထုတ်လိုက်သည်။ တချို့လူတွေအတွက်တော့ သူတို့ရဲ့ ရုပ်ခန္ဓာဟာ လောကကြီးရဲ့ အဆုံးအဖြတ် သက်သက်ပါပဲကွယ်။

တစ်လိပ်ကုန်တော့ နောက်တစ်လိပ်ထုတ်၍ မီးညှိသည်။ အဆာကမပြေ၊ ဒုတိယအလိပ် တစ်ဝက်မကျိုးခင်မှာပဲ ကားသံများကို ကြားရပါတော့၏။ အသုဘရှင်တို့ လာကြလေပြီ။

ကားသေးနှစ်စီး၊ ကားကြီးနှစ်စီး စုစုပေါင်းလေးစီး။ ကားလေးပေါ်မှ မိန်းမကြီးတစ်ယောက် ဆင်းဆင်းချင်း ငိုကြီးချက်မဖြင့် နှုတ်ဆက်ခန်းမထဲ ပြေးဝင်သွားသည်။ ထိုအချိန်မှာပင် အအေးတိုက်တံခါးပွင့်လာတာ သုဘရာဇာက အခေါင်းနှင့်တကွ ပြင်ဆင်ထားသော ရုပ်အလောင်းကို ခန်းမတွင်း တွန်းယူလာသည်။

ငိုသံတွေ ဆူညံပွက်လောရိုက်သွား၏။ ကောင်းထက် ဆေးလိပ်ကို ကုန်အောင် သောက်လိုက်ပါသည်။ ပြီးတော့ ထိုင်ရာမှထကာ



www.burmeseclassic.com

www.burmeseclassic.com

အကျီလက်ရှည်ကို လက်ဖုံးအောင် ဆွဲချလိုက်၏။ ထို့နောက်မှာတော့ . . .

ခန်းမတွင်းကိုဝင်တော့ စိမ်းသက်သက်အနံ့ကို ခံစားရသည်။ လူတွေဆီကလား၊ ဆေးထိုးပြင်ဆင်ထားသော ရုပ်အလောင်းဆီကလား မသိ။ အကြိမ်ကြိမ် ခံစားဖူးနေကျ အနံ့သက်ပေမို့ အရေးအယူ ပြုမနေတော့ဘဲ အလောင်းစင်ရှိရာကို လျှောက်သွားလိုက်ပါသည်။

လူတွေ အုံခဲနေသည်မို့ အလောင်းမြင်ရရန်ကိုပင် ခဏစောင့်ရသေး၏။ နှာရှည်တွဲလောင်းနှင့် ငိုယိုနေသော မိန်းမနှစ်ဦးထွက်သွားမှ သူတို့နေရာကို ဝင်သည်။

သုဘရာဇာတို့ တော်လှ၏။ အလောင်းမှာ သပ်သပ်ရပ်ရပ်နှင့် ကြည့်ပျော်နေသည်။ ရိုးရာဝတ်စုံကို အကျအနဆင်မြန်းထားပြီး မျက်နှာဖွေးဖွေးမှာ ရေခဲငွေ့ပင် သီးနေသေး၏။ ကိုယ်နှင့် ဘာမှမပတ်သက်သည်မို့ ဝမ်းနည်းစရာလည်း မရှိ။ အကြာကြီး ရပ်ကြည့်နေလျှင်လည်း မကောင်းဖြစ်ရာ မျက်လုံးကိုမှိတ်၍ နှုတ်ဆက်စကား ဆိုလိုက်ပါသည်။

"စိတ်မကောင်းပါဘူး . . . ဦးလှအောင်၊ ခင်ဗျား အသုဘစည်ကားပါတယ်"

ပြီးတော့ အလောင်းစင်မှ လှည့်ထွက်ရင်း ချခင်းပေးထားသော ထိုင်ခုံတွင်ထိုင်ကာ သင်္ဂြိုဟ်မည့်အချိန်ကို စောင့်နေလိုက်သည်။

နောက်ငါးမိနစ်လောက်ကြာတော့ တာဝန်ရှိသူတို့ ရောက်လာပြီး အခေါင်းကို အဖုံးပိတ်ကာ မ,ချီသည်။ ငိုသံတွေ တခဲနက် ထွက်ပေါ်လာတော့ ခုံတွင် စောင့်ဆိုင်းနေသူများ မတ်တတ်ရပ်ကြသည်။ အခေါင်းကို လေးယောက်မကာ ခန်းမတွင်းမှ သယ်ထုတ်သွားပါ၏။

ပို့ဆောင်သူများက နောက်မှတန်းစီကာ လိုက်သည်။ ကောင်းထက်လည်း ထိုင်ရာမှထပြီး သူတို့နည်းတူပင် နောက်မှ လိုက်ခဲ့ပါသည်။ မြေ ချရာနေရာကို ခေါ်ဆောင်သွားတာပါ။

အုတ်ဂူများ၊ မြေပုံ အစုအဝေးများကို ကွေ့ဝိုက်ပြီး တောင်ကုန်း[illegible]ရဲ့ တစ်ဖက်ကို သယ်ဆောင်သွား၏။ မြေချမည့်နေရာမှာ လူနှစ်ဦး [illegible]များဖြင့် အသင့်စောင့်နေသည်။ ကျင်းဝရောက်တော့ အခေါင်းကိုချ[illegible] နောက်ဆုံးအကြိမ် ဆုတောင်းစာရွတ်သည်။

ထို့နောက်မှာတော့ အခေါင်းကို ကြိုးဖြင့်သိုင်း၍. . .

ငိုယိုအော်ဟစ်သံတွေမှာ နားကွဲလုမတတ်။

အလောင်းမြေကျတော့ သုဘရာဇာက ဂေါ်ပြားကိုယူကာ မြေ[illegible] ထိုးကော်သည်။ ထို့နောက် . . .

အခေါင်းဖုံးနှင့် မြေကြီးထိရှသံတစ်ချက်ကို ကြားလိုက်ရ၏။ [illegible]ရင်ဘတ်တစ်ခုလုံးလည်း ပေါ့ပါးသွားသည်။

"အင်း . . . ပြန်လို့ရပါပြီ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## IV

လမ်းမဘက်ဆီမှ ကားသံများကို ကြားရ၏။ ပိုက်ဆံရှိ လူတန်းစားမဟုတ်ဘဲ ဆိတ်ငြိမ်မှု လူတန်းစားများနေထိုင်ရာ ရပ်ကွက်တစ်ခုဖြစ်ရာ လမ်းသွယ်လေးက တိတ်ဆိတ်လျက်ရှိနေသည်။ အိမ်နံပါတ် (၂၉) ဆိုလျှင် ဒီလမ်းထဲမှာ မသိသူမရှိ။

သက်တမ်းရင့် တိုက်အိုကြီးတစ်လုံး ဖြစ်သည့်အပြင် ရေညှိများ၊ အုတ်ကပ်ပင်နွယ်များ တွယ်ယှက်ပေါက်နေသည်ဖြစ်ရာ ကြည့်ရ အလွန်ဆိုးသည်။ ထိုအိမ်ကြီးတွင် အငြိမ်စားပါမောက္ခကြီးတစ်ဦး နေထိုင်ပါသည်။ နာမည်က အာသာကိတ် (Arthur Kaith) မြန်မာနာမည်တော့ ရှိမည်ထင်၏။ ဒါပေမဲ့ အားလုံးက ဦးအာသာကိတ်ဟုသာ ခေါ်ကြသည်။

တက္ကသိုလ်ပါမောက္ခဘဝက (Sir Arthur Kaith) ဟူသော အမည်ဖြင့် စိတ်ပညာနှင့်ပတ်သက်သော ကျမ်းစာအုပ်များပြုစုခဲ့ဖူးသည် ဆိုပါသည်။ အသက် (၆၀)ကျော် အားကိုးမရှိ တစ်ကိုယ်တည်းသမား။

ပညာတော်၏။ အမှိုခိုကင်း၏။ တပည့်တပန်းများ၏။ အလုပ်မှ အနားယူပြီးသည့်တိုင် ဝါသနာကို မစွန့်နိုင်ဘဲ သင်တန်းဖွင့်ကာ ပညာ



ထို ဆက်လက်ဖြစ်န့်ဝေနေသည်။ ထို့အတွက် အိမ်နံပါတ် (၂၉)တွင် စာသင်ကြားရာ သင်တန်းခန်းမလည်း ရှိသည်။

ည (၇) နာရီ ကျော်နေပါပြီ။ အမှောင်ကြီးစိုးပြီဖြစ်ရာ စာသင်ခန်းမထဲတွင် အလင်းချောင်းများကို စီကာရီကာ ထွန်းညှိထားသည်။ စာသင်ခန်း၏ ရှေ့တွင်ရပ်ပြီး ဆရာကြီးတစ်ဦး မမောနိုင်မပန်းနိုင် သင်ကြားပေးနေပါသည်။

"နေ့ခင်းနေ့လယ် လူရှင်းတဲ့လမ်းမထက်မှာ လူတစ်ယောက် လမ်းလျှောက်နေတယ်။ လမ်းဘေးကနေပဲ မနှေးလွန်းမမြန်လွန်းသော ခြေလှမ်းတွေနဲ့၊ အဲဒါကို နောက်ကမောင်းလာတဲ့ ကားတစ်စီးက ဝင်တိုက်သွားတယ်။ ကားမောင်းသူနဲ့ လမ်းလျှောက်နေတဲ့သူမှာ အရင်က ရန်ငြိုးရန်စ မရှိဘူး။ မြင်ပေည်း မမြင်ဖူးဘူး။ အတိုက်ခံရတဲ့လူ ပွဲချင်းပြီး သေသွားတယ်ဆိုပါစို့။ အဲဒါ . . . ဘယ်သူ့အမှားလဲ"

ရှေ့ဆုံးတန်းတွင် ထိုင်နေသည့် သင်တန်းသားတစ်ဦးက ထောက်ခါင်ကာ ထပြောသည်။

"ကားမောင်းသူရဲ့ အမှားပေါ့"

"ကောင်းပြီ . . . ဘယ်လိုအမှားမျိုးလဲ"

"အိပ်ငိုက်သွားလို့ . . ."

ထူထဲသော မျက်မှန်ကိုကျော်ပြီး ဆရာကြီးက ပြောဆိုသူကို လှမ်းကြည့်၏။ နောက်တစ်ယောက်က . . .

"အရက်မူးနေတာလည်း ဖြစ်နိုင်တာပဲ"

"ဒါပဲလား . . ."

"မျက်စိရှုန်းသွားတာ"

သင်တန်းသူနောက်တစ်ဦးက ဒိတ်ဒိတ်ကြဲအဖြေကို ဝင်ပေးသည်။

"မျက်လုံးထဲ အမှုန်ဝင်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com

"ဘရိတ်ပေါက်သွားလို့"

စသဖြင့် တစ်ယောက်တစ်ပေါက် ထင်ရာဝင်ပြောကုန်ကြတော့၏။ ကောင်းကောင်းမွန်မွန် ဖြေသူများလည်းရှိသလို လူငယ်တို့ရဲ့ ထုံးစံအတိုင်း ရွှတ်နောက်နောက် ဝင်ပြောသူများလည်း ရှိသည်။ ဆရာကြီးကတော့ အားလုံးကို တံခါးဖွင့်ပေးသော ပုံစံနှင့် ခါးထောက်ကာ ရပ်နေသည်။

စိတ်ထဲ ထင်ရာလျှောက်ပြောနေသူများကိုကြည့်ပြီး ကောင်းထက် စုတ်သတ်မိပါသည်။

"ကျွတ် . . ."

အသံကြောင့် ရှေ့တွင်ထိုင်နေသော မိန်းကလေးတစ်ဦး လှည့်ကြည့်လာသည်။ ပခုံးတွန့်ပြတော့ မျက်ဆောင်းထိုးကာ ရှေ့ပြန်လှည့်သွား၏။

စိတ်ပညာနှင့် ပတ်သက်သော အချိန်ပိုင်း သင်တန်းတစ်ခု ဖြစ်ပါသည်။ ကျောင်းပညာနှင့် မလုံလောက်သူများ၊ ဝါသနာပါသူများ၊ သင်တန်းဖြစ်ပြီးရော တက်လေ့ရှိသူများ ပေါင်းစုပါဝင်သည်ဖြစ်ရာ လူမျိုးစုံ၏။ ဒါပေမဲ့ ဖွင့်လှစ်သင်ကြားပေးသူမှာ ဆရာစိတ် ပြည့်ဝသူဖြစ်ရာ သူ့အတွက်တော့ အကျိုးရှိသည်။

နောက်ပြီး ဒါမျိုးသင်တန်းက များများစားစားရှိသည် မဟုတ်။

"ရပြီ . . . ကားတစ်စီးက လူတစ်ယောက်လို ဝင်တိုက်တဲ့ကိစ္စမှာ မင်းတို့ပြောသလိုပဲ မျိုးစုံဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒါတွေတစ်ခုမှ မဟုတ်ဘူးဆိုရင်ရောကွာ"

အကုန် တိတ်သွားကြပါ၏။ ခုနလို ပေါက်ပေါက်ထဖောက်သူများ အသံထွက်မလာတော့။

"ကားမောင်းသူက ရှေ့မှာလည်း ယာဉ်မတော်တဆမှုတွေ ဖြစ်ဖူးတယ်။ ထိမိခိုက်မိတွေလည်း ခဏခဏ ကြုံဖူးတယ် ဆိုပါစို့"



ဆရာကြီးက စကားကိုရပ်ပြီး အဖြေတောင်းသလို တစ်ခန်းလုံးအား ဝေ့ကြည့်သည်။ ကောင်းထက် ရှေ့ရှိမိန်းကလေးမှာ အုန်းသီးတွေ့သော မျောက်တစ်ကောင်လို ဆတ်ခနဲ ခုန်ထပြီး . . .

"အဲလိုဆိုရင်တော့ ကားမောင်းသူရဲ့စိတ်အခြေအနေကို လေ့လာရပါလိမ့်မယ်"

ဆရာကြီး၏ ကျေနပ်သွားသောမျက်နှာကို မြင်ရသည်။ ကောင်းထက်လည်း မှတ်ချက်ပေးမိပါသည်။ မဆိုးပါဘူးလေ . . . ခုန မျက်စောင်းထိုးလာတာ ကြည့်လို့မကောင်းဘူးပေါ့။

"မှန်တယ် . . . ကားမောင်းသူရဲ့စိတ်အခြေအနေကို ငါတို့ဆက်ချာပေါက် လေ့လာရတော့မယ်"

ဆရာကြီးက စကားကို ခဏရပ်ပြီး . . .

"ကဲ . . . နောက်တစ်ခု။ ဒါကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ငါကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်။ အသက် (၅၀)ဝန်းကျင် အမျိုးသမီးတစ်ယောက်။ လွယ်လွယ်ပြောရရင် နာမည်က ဒေါ်မေရီဆိုပါတော့။ ဒေါ်မေရီက နာတာရှည်ရောဂါ ဖြစ်နေတယ်။ ဘာတွေဖြစ်လဲဆိုရင် ခေါင်းခဲတယ်၊ ဇက်လေးတယ်၊ အကြောတင်၊ အကြောတက်၊ ကိုယ်တစ်ခြမ်းကိုက်တယ်။ တစ်ခါဖြစ်ရင် လချီအောင်ကြာတယ်။ ဆရာဝန်မျိုးစုံနဲ့ ပြပြီးပြီ၊ စမ်းသပ်မှုမျိုးစုံလည်း လုပ်ပြီးပြီ။ ဒါပေမဲ့ ဘာရောဂါမှ တွေ့ဘူး။ သက်လည်း သက်သာမလာဘူး။ ကြာတော့ အအိပ်ပျက် အစားပျက်ဖြစ်ပြီး ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းသွားတယ်။ နောက်ဆုံး ငါ့ဆီရောက်လာတယ်ဆိုပါတော့။ ထုံးစံအတိုင်း သူ့စိတ်ကို လေ့လာကြည့်တော့ ရောဂါမှန်ကို သွားတွေ့တယ်။ ဖြစ်ပုံက ဒီလို . .။ ဒေါ်မေရီရဲ့ ခင်ပွန်းက စီးပွားရေးမှာ အောင်မြင်နေသူတစ်ဦး။ အဲတော့ ဇနီးဖြစ်သူကို ချစ်ခင်ကြင်နာမှုတွေ မပေးနိုင်ဘူး။ သားဖြစ်သူကလည်း အိမ်ထောင်ကျပြီးတည်းက မိခင်အပေါ် ရှေးကလောက် ဂရုမစိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အဲဒီအခါ ခင်ပွန်းနဲ့ သားဖြစ်သူရဲ့ ဂရုစိုက်မှုကို ခံချင်တဲ့စိတ်က မသိစိတ်နဲ့ လှုံ့ဆော်မှုအဖြစ်နဲ့ ဒေါ်မေရီ နာမကျန်းဖြစ်တော့တာ"

"ဪ . . ."

"အဲလို ရှိသေးတယ်လား"

အာမေဋိတ်သံအချို့ ထွက်လာသည်။ ရယ်သံလွင့်လွင့်ကိုလည်း ကြားရသည်။

"အဲဒါကိုလည်း လွယ်လွယ်သိခဲ့ရတာ မဟုတ်ဘူးနော်။ စိတ်ခွဲကုခြင်းရဲ့ ထုံးစံအတိုင်း လူနာပြောပြတာတွေကို စိတ်ရှည်ရှည်ထားပြီး နားထောင်ရတယ်။ ပြီးမှ သူ့ပြောစကားတွေပေါ် မူတည်ပြီး ကိုယ့်ဘက်က ဟာကွက်တွေရှာ၊ မေးခွန်းထုတ်၊ သူဖြေတာ ပြန်နားထောင်။ အဲလိုမျိုး ရက်ပေါင်းများစွာ လေ့လာပြီးမှသိခဲ့ရတာ။ ဘာဖြစ်လို့ဆို သူ့ရဲ့ အလိုဆန္ဒက ပြည့်နေပြီလေ။ ရောဂါဖြစ်နေချိန်မှာ သားအဖနှစ်ယောက်လုံးရဲ့ ဂရုစိုက်မှုကို ရသွားပြီ။ အဲတော့ သူ့ပြောစကားတွေမှာ အဖြေနဲ့ ပတ်သက်ပြီး မပါတော့ဘူး။ မသိစိတ်ကပဲ ပြန်ဖုံးသွားတာ။ ဒါကြောင့် တချို့သော မသိစိတ်တွေက လူနာကို တစ်ဖက်က ရောဂါဖြစ်အောင် ဖန်တီးပြီး နောက်တစ်ဖက်က လူနာရဲ့ အလိုဆန္ဒကို ဖြည့်စွမ်းပေးနေတဲ့ အတွက် ရောဂါကို သူတို့ မစွန့်လွှတ်နိုင်ကြဘူး"

ကောင်းထက် ဂရုတစိုက် နားထောင်နေရာမှ မျက်မှောင်ကြုတ်မိသွားသည်။

"ဒါကြောင့် စိတ်ပညာကို ဝါသနာပါရင် အရင်ဆုံး အချက်က စိတ်ရှည်ရမယ်။ လူတွေရဲ့ အသေးစိတ်လေးတွေကို လေ့လာရမယ်။ သူတို့ရဲ့ အရေးကိစ္စကို ကိုယ့်အရေးကိစ္စလောက်နီးနီး စိတ်ပါဝင်စားရမယ်။ အဲဒီအတွက် အတွေ့အကြုံတွေ့ များစွာ လိုအပ်တယ်"

စိတ်ပါဝင်စားသူအချို့၏ စိတ်မောသံကို ကြားရသည်။ တချို့လည်း စိတ်ဝင်စားလွန်းကာ ပါးစပ်လက်အုပ်ပြီး သန်းနေကြ၏။

"ထားပါ . . . ဒါတွေက တဖြည်းဖြည်း လေ့လာသွားရမှာတွေ။ လောလောဆယ်အတွက်တော့ လူတစ်ယောက်ရဲ့စိတ်ကို လေ့လာနိုင်မယ့် နည်းလမ်းတွေကို သင်ပေးမယ်"

ဆရာကြီးက ဆော့ပင်ကို အဖုံးချွတ်သည်။ ပြီးတော့ . . .

"စိတ်ပညာလေ့လာနည်း (၅)မျိုးရှိတယ်။ အဲဒါတွေက . . ."

တစ်ခုချင်းအား White board တွင် ရေးပြပါ၏။

(၁) နာဗ်ကြောဇီဝ လေ့လာနည်း

(၂) အပြုအမူ လေ့လာနည်း

(၃) သိမှုဆိုင်ရာ လေ့လာနည်း

(၄) စိတ်ခွဲပညာ လေ့လာနည်း

(၅) သွင်ပြင်လက္ခဏာ (သို့) လူသားဝါဒ လေ့လာနည်း

www.burmeseclassic.com

www.burmeseclassic.com

နာဗ်ကြောဗီဝ လေ့လာနည်းဆိုသည်မှာ ဦးနှောက်ကို အခြေခံသော လေ့လာနည်းဖြစ်၏။ လူတို့ အပြုအမူ ဟူသမျှသည် ဦးနှောက်နှင့် နာဗ်ကြောအဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်တွင် လှုပ်ရှားနေကြသည်ဟူသော အယူအဆမှာ နာဗ်ကြောဗီဝ လေ့လာနည်း၏ ပင်မအယူအဆပင် ဖြစ်သည်။

တစ်စုံတစ်ယောက်၏ သင်ယူမှုကို လေ့လာသောအခါ ထိုသူသည် အသစ်အသစ်သော အပြုအမူတွေကို သင်ယူနေတာနှင့် အမျှ ဦးနှောက်နှင့် နာဗ်ကြောစနစ်မှာ ဘယ်လိုဘယ်ပုံပြောင်းလဲသနည်း။ ၎င်းပြောင်းလဲမှုကို လေ့လာခြင်းသည် နာဗ်ကြောဗီဝ လေ့လာနည်းစနစ်ပင် ဖြစ်တော့၏။

သို့သော် ဦးနှောက်သည် ရှုပ်ထွေးစွာဖွဲ့စည်းထားသည်က တစ်ကြောင်း၊ သက်ရှိလူများ၏ ဦးနှောက်ကို စမ်းသပ်ခန်းတွင်းခွဲစိတ်လေ့လာရန် အခြေအနေမပေးသေးသည်က တစ်ကြောင်းတို့ကြောင့် နာဗ်ကြောဗီဝလေ့လာနည်းတစ်ခုတည်းကို လေ့လာပါက လူ့အပြုအမူများကို အပြည့်အဝနားလည်ဖို့ မဖြစ်နိုင်ပေ။



# V

ဆရာကြီးက စိတ်ပညာလေ့လာနည်း (၅)မျိုးအား တစ်ခုပြီးတစ်ခု ရှင်းပြသွားပါ၏။ အဆုံးသတ်တော့ . . .

"ကျွန်တော် တစ်ခုလောက် မေးလို့ရမလား ဆရာ"

ကောင်းထက် လက်ထောင်ကာ မေးလိုက်တော့ . . .

"ရပါတယ် . . . မေးပါ"

ပေါင်ပေါ်တင်ထားသော လွယ်အိတ်ကို နသေးချုရင်း မတ်တတ်ရပ်လိုက်ပါ၏။

"လူတစ်ယောက်ရဲ့စိတ်ကို အခုနည်းတွေနဲ့ လေ့လာတာတော့ဟုတ်ပါပြီ ဆရာ။ ဒါပေမဲ့ ကျွန်တော် တစ်ခုထပ်သိချင်တာက လူတစ်ယောက်မှာ သာမန်လူတွေနဲ့ မတူကွဲပြားတဲ့ စိတ်အခြေအနေတစ်ခုရှိနေရင် အဲဒါဟာ ဘာကြောင့်ဖြစ်တာပါလဲ။ သူ့ရဲ့ ဗီဇကြောင့်လား။ ဒါမှမဟုတ် ပတ်ဝန်းကျင်ကြောင့်လား ဆရာ။

"ဟား . . . ဒါတော့ နည်းနည်းခက်သွားပြီ။ ရှည်ရှည်ရှင်းပြမှ ရတော့မယ်။ ရပြီ . . . ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက ရပ်နေသောသူအား လက်ပြကာ ထိုင်ခိုင်း၏။ ပြီးတော့ . . .

"အရမ်းကောင်းတဲ့ မေးခွန်းလေးပါ။ အဲတော့ မောင်ကောင်းထက်ပြောတဲ့ ဗီဇနဲ့ ပတ်ဝန်းကျင်ဆိုတာကို အရင်စရှင်းရအောင် . . . လောကမှာ လူတို့ရဲ့ဘဝအခြေအနေကို ပြုပြင်ဖန်တီးနိုင်တဲ့အကြောင်း နှစ်မျိုးပဲ ရှိတယ်။ အဲဒါက ဗီဇနဲ့ ပတ်ဝန်းကျင်ပဲ။ ဗီဇဆိုတာ မိဘနှစ်ဦးဆီကနေ သတ္တဝါတစ်ဦး ရရှိနိုင်တဲ့ မျိုးစေ့ဗီဇ၊ ပတ်ဝန်းကျင်ဆိုတာက ဗီဇ သတ္တိမှအပ လူကို ပြုပြင်ဖန်တီးနိုင်တဲ့ အကြောင်းတရားအားလုံးပဲ။ သတ္တဝါ၊ ဒါမှမဟုတ် သက်ရှိရုပ်အားလုံးရဲ့ ကြီးပွားတိုးတက်မှုဟာ ဒီအကြောင်းတရားနှစ်ခုမှာပဲ အရင်းတည်တယ်။ အဲမှာ မေးခွန်းတစ်ခု ရှိလာတယ်။ ဗီဇနဲ့ ပတ်ဝန်းကျင်မှာ ဘယ်အရာက လူတွေကို ပိုပြီး ပြုပြင်ပြောင်းလဲနိုင်တာလဲ။

လူမျိုးရေး အစွဲဥပဒါန်ရှိတဲ့ အချို့ကတော့ မျိုးရိုးဗီဇက အရေးကြီးတယ်လို့ တရားသေပြောကြတယ်။ ပညာရေးနဲ့ လူမှုပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သူအများစုကတော့ ပတ်ဝန်းကျင်ကသာ အရေးကြီးတယ်လို့ ဆိုကြတယ်။ ဆရာ့အမြင်ကတော့ လူတစ်ယောက် ကောင်းမွန်စွာ ဖြစ်တည်လာဖို့ အရေးမှာ ဗီဇရော၊ ပတ်ဝန်းကျင်ရော နှစ်ခုလုံး ထပ်တူထပ်မျှ အရေးကြီးတယ်"

ဆရာကြီးကစ ကားကိုရပ်ကာ တစ်ခန်းလုံးအား ဝေ့ကြည့်သည်။ ပြီးတော့ ကောင်းထက် မျက်နှာအား တစ်ချက်အကဲခတ်ရင်း . .

"သစ်တစ်ပင်ရဲ့ ရှင်သန်ကြီးထွားမှုကို ကြည့်ရအောင် . . . သစ်တစ်ပင် ရှင်သန်ဖို့အတွက် အရင်ဆုံး ကောင်းမွန်သော မျိုးစေ့လိုအပ်တယ်။ ပြီးရင် လူက ရေလောင်းပေါင်းသင်၊ မြေဩဇာကျွေး မြေတောင်မြှောက်ပေးရမယ်။ အဲတော့မှ ကောင်းမွန်စွာ ရှင်သန်ကြီးထွားနိုင်မှာ။ တိရစ္ဆာန်မှာလည်း ထိုအတိုင်းပဲ။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကိုကြည့်၊



သူ့ရဲ့ အောင်မြင်သူဟာ တိရစ္ဆာန်မျိုးကောင်းခြင်းနဲ့ လူရဲ့ ဂရုတစိုက် ကျွေးမွေးစောင့် ရှောက်ခြင်းပေါ်မှာ မူတည်တယ်။ ဆရာတို့လူတွေမှာလည်း ဒီသဘောပဲ။ ဗီဇနဲ့ ပတ်ဝန်းကျင်ဆိုသော အချင်းချင်း အမှီသဟဲပြုနေတဲ့အရာတွေ။ ကဲ . . ခုန မောင်ကောင်းထက်မေးတဲ့ မေးခွန်း . . လူချင်းတူပါလျက် ဘာလို့ သူ့မှာ သာမန်နဲ့မတူတဲ့ စိတ်အခြေအနေ ရှိနေတာလဲ"

ကောင်းထက် ခါးမတ် သွားပါ၏။

"ဒါဟာ ဗီဇတစ်ခုတည်းကြောင့်လည်း ဖြစ်နိုင်တယ်။ ပတ်ဝန်းကျင်တစ်ခုတည်းကြောင့်လည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ဗီဇနဲ့ ပတ်ဝန်းကျင် နှစ်ခုလုံးကြောင့်လည်း ဖြစ်နိုင်တယ်။ ဗီဇတူတဲ့ လူနှစ်ဦးဟာ ပတ်ဝန်းကျင်မတူတာကြောင့် ခြားနားနိုင်သလို ပတ်ဝန်းကျင်တူတဲ့ လူနှစ်ဦးဟာ ဗီဇမတူတာကြောင့်လည်း ခြားနားနိုင်တယ်။ ဘယ်အရာကြောင့် ခြားနားတာလဲဆိုတာကို သိချင်ရင် ဗီဇမတူတဲ့ လူနှစ်ဦးကို တူညီတဲ့ပတ်ဝန်းကျင်မှာ ထားကြည့်။ ထွက်ပေါ်လာတဲ့ ခြားနားခြင်းဟာ ဗီဇကြောင့်၊ အဲဒီနည်းအတိုင်းပဲ ဗီဇတူတဲ့လူနှစ်ဦးကို မတူညီတဲ့ ပတ်ဝန်းကျင်မှာ ထားကြည့်။ ထွက်ပေါ်လာတဲ့ ခြားနားခြင်းဟာ ပတ်ဝန်းကျင်ကြောင့် . . ."

ဆရာကြီးစကားကို နားထောင်ပြီး ကောင်းထက် ငြိမ်ကာ စဉ်းစားနေရာမှ . . .

"ဗီဇတူတဲ့လူကို ဘယ်လိုရှာရမလဲ ဆရာ"

"အနီးစပ်ဆုံးကတော့ သူ့မွေးချင်းတွေပဲ"

"သူ့မှာ မွေးချင်းမရှိဘူး ဆိုရင်ရော"

ဟိုမှသည်မှ ခိုးခိုးခစ်ခစ် ရယ်သံများ ထွက်ပေါ်လာသည်။ ကောင်းထက်ကတော့ ဆရာကြီးအဖြေကိုသာ နားစွင့်လျက် . . .

"မောင်နှမ မရှိရင် သူ့မိဘတွေကို လေ့လာပေါ့။ မိဘရဲ့ ဗီဇတစ်စိတ်တစ်ဒေသက သားသမီးမှာ ပါနေတာပဲ။ ပတ်ဝန်းကျင် အများ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမကွာရင် လေ့လာလို့ ဖြစ်ပါတယ်။ ဗီဇမှာ မတွေ့ရင်တော့ ပတ်ဝန်းကျင်ကြောင့်ပဲပေါ့။ ပတ်ဝန်းကျင်ဆိုတာကလည်း အဓိပ္ပာယ် အကျယ်ကြီးနော်။ မိဘတွေရဲ့ ပြုစုစောင့်ရှောက်မှု၊ ပညာသင်ကြားမှု၊ ပေါင်းသင်းဆက်ဆံမှု၊ ဘာသာတရား၊ လူမျိုးဓလေ့ထုံးစံ၊ နိုင်ငံရေး၊ စီးပွားရေး၊ ရာသီဥတု အများကြီးမှ တကယ့်အများကြီး"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ ကျေးဇူးတင်ပါတယ်"

ဆရာကြီးက ညင်သာစွာ ခေါင်းညိတ်ပြီး သင်တန်းလွှတ်ရန် နာရီကြည့်သည်။ ထိုစဉ်မှာပဲ . . .

"ဆရာ . . . လူတစ်ယောက်က လက်ရှည်အင်္ကျီကိုပဲ အမြဲဝတ်လေ့ ရှိတယ်ဆိုရင် အဲဒါ ဗီဇကြောင့်လား။ ပတ်ဝန်းကျင်ကြောင့်လား ဆရာ"

"ကျွတ် . . ."

အသံကြောင့် ကောင်းထက် စုတ်သတ်လိုက်မိသည်။ သူ့ကိုကြည့်ပြီး မိန်းကလေးအချို့ထံမှာ ပိကျိပိကျိရယ်သံတွေ ထွက်လာ၏။ ဆရာကြီးက သဘောပေါက်သလို ပြုံးကာ . . .

"အဲဒါကတော့ သူ့ရဲ့အကြိုက်ပဲ ဖြစ်မယ်ထင်ပါတယ်"

အံကြိတ်ကာ လှည့်ကြည့်တော့ . . .

ခရမ်းရောင်ခေတ်လွန် မိန်းမပျိုက နှုတ်ခမ်းကိုက်ကာ မျက်စိမှိတ်ပြသည်။

⁂ ⁂ ⁂



## VI

နံဘေးမှ ဆိုင်ကယ်တစ်စီး 'ဝူး' ခနဲ မောင်းထွက်သွား၏။

"ကောင်းထက်ရေ . . . သွားပြီ"

"အေး . . . အေး . . . သူငယ်ချင်း"

ကောင်းထက် လက်ပြရင်း ကျန်ခဲ့ပါသည်။ အိမ်ပြန်မည့်သူများ၊ လက်ဖက်ရည်ဆိုင် ထိုင်မည့်သူများနှင့် သင်တန်းအဆင်းတွင် အလျှိုလျှို လူစုကွဲကုန်ကြ၏။ သူကတော့ ဆိုင်ကယ်လည်း မဝယ်နိုင်၊ သင်တန်းနှင့် အိမ်ကလည်း အရမ်းကြီးမဝေးလှသည်မို့ လမ်းလျှောက်၍သာ ပြန်ခဲ့ပါသည်။

ညသည် ဆောင်းပီသစွာ နှင်းသူနှင်းသားတို့ဖြင့် ကြည်ဖျော်ကာနေသည်။ မာကျူရီမီးရောင်တို့ အုပ်မိုးထားသော လမ်းကလေးမှာ ဆောင်းငွေ့အောက်တွင် ချမ်းခိုက်လျက်ရှိနေပါ၏။ ကောင်းထက် လက်နှစ်ဖက်ကို ဘောင်းဘီအိတ်တွင် ထည့်ကာ အချမ်းပြေလိုပြေငြား ခြေကို ကျဲကျဲလှမ်းနေမိသည်။

"တီ . . . တီ"



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ကပ်တီးလိုက်သော ကားဟွန်းသံကြောင့် လှည့်ကြည့်လိုက်တော့ . . .

"ဟိတ် . . . လာ . . . ကားပေါ်တက် အိမ်လိုက်ပို့ပေးမယ်"

ဖိတ်ခေါ်ပုံကြမ်းလွန်းလှ၏။ ခရမ်းရောင်မိန်းမပျိုက ကားကို ကိုယ်တိုင်မောင်းပြီး စွဲမက်ဖွယ်မျက်ဝန်းတွေဖြင့် သူ့ကို ဖိတ်ခေါ်နေသည်။ 'သက်မှူးရှင်' သင်တန်းတွင် အချောဆုံးဖြစ်သလို ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နိုင်သည့် တစ်ဦးတည်းသော မိန်းကလေး။

"ရတယ် . . . ငါ လမ်းလျှောက်ပြီးပဲ သွားချင်လို့"

စိတ်မပါစွာပြောရင်း ကျောခိုင်းလိုက်၏။ ကျောခိုင်းလိုက်သော်လည်း တစ်ဖက်လူက ကျောခိုင်းမသွားခဲ့ပါ။ ကားကို ဘီးလိမ့်ရုံသာ မောင်းရင်း နံဘေးမှ ထက်ကြပ်မကွာပါလာသည်။ ပထမတော့ သူ့သဘော သူဆောင်ထားလိုက်သော်လည်း လမ်းမီးသုံးတိုင်လောက် လွန်စဉ် ကောင်းထက် မနေနိုင်တော့ပါ။

အချိန်စောသေးသည်မို့ လမ်းသွားလမ်းလာတွေက ကွက်ကြည့်ကွက်ကြည့်နှင့် ရှိကုန်သည်။ ကောင်းထက် ခြေလှမ်းကိုရပ်ရင်း . . .

"မင်း ဒီအတိုင်းပဲ လိုက်နေတော့မှာလား . . ."

သက်မှူးရှင်က မချိုမချဉ်အပြုံးဖြင့် ပခုံးကိုတွန့်ကာ . . .

"ဟုတ်တယ်လေ . . . ကောင်းမှ လိုက်ပို့ပေးဖို့ကို လက်မခံတာ။ အဲတော့ ဘေးကနေပဲ အရိပ်တကြည့်ကြည့် စောင့်ရှောက်ပေးရတာပေါ့"

"ရူးတာပဲ"

ဒီတော့ မယ်မင်းကြီးမ တုံ့ပြန်ပုံက . . .

"အမှန်ပဲ . . . ကောင်းနဲ့ပတ်သက်ရင် အရာအားလုံးကို သက်မှူး ရူးပစ်ထားတာ"

"သေလိုက်"



မတိုးမကျယ် ကျိန်ဆဲရင်း ခြေလှမ်းကို ဆက်သည်။ သူ ခြေလှမ်းတော့ မယ်မင်းကြီးမကားလည်း လိုက်ပါလာသည်။ ခြေလှမ်း လျှောတော့ လိုက်လျှော၊ ခြေလှမ်းရပ်တော့ လိုက်ရပ် . . .

မဖြစ်ချေတော့ . . . တစ်ဖက်က ပတ်ဝန်းကျင်ကို ဂရုမထားပေမဲ့ ကိုယ့်ဘက်က ဂရုထားရမယ့်အပိုင်း ရှိနေသည်။ လူတွေထဲတွင် သေမသာဘဲ ရှင်သန်ချင်သည်မဟုတ်ပါလား။ နောက်ဆုံးတော့ . . .

"ကဲ . . . လာကွာ"

တံခါးကို ဆွဲဖွင့်၍ စိတ်မသက်သာဖွယ် ဝင်ထိုင်လိုက်ရတော့၏။ ကားတစ်စီး၏ ကျဉ်းကြပ်မှုကို စတင်ခံစားရသည်။ ပြီးတော့ . . . လူတချို့ ယစ်မူးနိုင်လောက်သော ညှို့ဓာတ်၊ ဗို့အားပြင်းအကြည့်၊ အသက်ရှူမှားလောက်သော ရနံ့၊ သူ့အတွက်တော့ အရာအားလုံးမှာ စိတ်ပျက်ဖွယ် . . . သက်မှူးရှင်က ယောကျ်ားလေးတိုင်း လဲသေသွားနိုင်သောပုံစံဖြင့် နှုတ်ခမ်းနှစ်လွှာကို ကိုက်ရင်း . . .

"ကျေးဇူးနော်"

ခေါင်းညိတ်ပြတော့ ကားမှာ မောင်းထွက်သွားသည်။

"ကောင်း အသိထဲမှာ သာမန်နဲ့ ကွဲလွဲနေတဲ့ စိတ်ရောဂါဝေဒနာရှင် ရှိလို့လား"

"ဘာဖြစ်လို့လဲ"

ဆတ်ခနဲ ပြန်မေးလိုက်တော့ . . .

"သြော် . . . မဟုတ်ပါဘူး။ ဆရာကြီးကို မေးနေလို့ပါ"

ကားမှန်အပြင်မှ ကျဆင်းနေသော နှင်းမှုန်ဖွေးဖွေးကို ငေးသွားမိ၏။ သက်ပြင်းကိုချကာ . . .

"အင်း . . . ရှိတော့ရှိတယ်။ ဒါပေမဲ့ ဒီကမဟုတ်ပါဘူး။ ငါ အရင်နေခဲ့တဲ့ မြို့ကပါ"

"သြော် . . ."

www.burmeseclassic.com

www.burmeseclassic.com

ပြောစရာလည်း ဆက်မရှိသည်မို့ ကားထဲတွင် စကားသံတွေ ပြန်တိတ်သွားသည်။ ဒါပေမဲ့ တစ်ဖက်က တိတ်ဆိတ်မှုကို မနှစ်မြို့သည် ထင်သည်။

"ဒီသင်တန်းကို ကောင်း ဝါသနာပါလို့ လာတက်တာလား"

"ဝါသနာမပါရင် အိမ်မှာ အိပ်နေမှာပေါ့"

သူ့စကားကြောင့် မျက်လုံးလေး ဝိုင်းသွား၏။ ပြီး ခေါင်းကို မသိမသာကုတ်ရင်း . . .

"ဟုတ်သားပဲနော် . . . ဝါသနာမပါရင် အိမ်မှာ အိပ်နေမှာ ပေါ့။ ဟီး . . . ဟီး"

လျှာလေး တစ်လစ်ထုတ်ကာပြောသော ပုံစံကြောင့် သူပင် အနည်းငယ် ပြုံးမိသွားသည်။

"ဒီနေ့ ဆရာကြီးသင်တာ အရမ်းမိုက်တယ်နော်"

ကောင်းထက် မသိမသာ မျက်မှောင်ကြုတ်မိတော့ . . .

"စိတ်ပညာလေ့လာနည်း (၅) မျိုးလေ။ အဲဒီထဲက အပြုအမူ လေ့လာနည်းကို သက်မှူး အကြိုက်ဆုံးပဲ"

"ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ရဲ့ အပြုအမူကို ကြည့်ပြီး သူ့ရဲ့စိတ်အခြေအနေ ကို ချက်ချင်း ခန့်မှန်းနိုင်လို့"

အနည်းငယ်ပင် အထင်ကြီးသွားရလား မသိပါ။ သူ့ပုံစံကို ကြည့်ပြီး သဘောပေါက်သွားသည်ထင်၏။

"တကယ်ပြောတာ . . . အခုကောင်းပုံစံကိုကြည့်ပြီး ကောင်း ရဲ့ လတ်တလော စိတ်အခြေအနေကို ခန့်မှန်းပြရမလား"

"အဟား . . . လုပ်ပါဦး"

"ကားပေါ်ကို စရောက်ရောက်ချင်း ကောင်းစိတ်တွေ မွှန်းကြပ် နေတယ်။ ဘာကြောင့်လဲဆိုတော့ ကောင်းရဲ့ခန္ဓာကိုယ်ဟာ သက်သောင့် သက်သာမရှိဘဲ တောင့်တင်းနေလို့။ ပြီးတော့ သက်ပြင်းတွေ ခဏခဏ



ချနေတယ်။ သက်မှူးနဲ့ စကားလေးငါးခွန်း ပြောပြီးတဲ့နောက် မွှန်းကြပ် နေတဲ့ ကောင်းစိတ်တွေ တဖြည်းဖြည်း ပေ့ါပါးလာတယ်။ အဲဒါရဲ့ သက် သက ငြိမ်နေတဲ့ ကောင်းလက်တွေ တံခါးမှန်ကို စည်းချက်လိုက်သလို ခေါက်လာလို့။ ဒါပေမဲ့ . . . ကောင်းနဲ့ သက်မှူးကြားမှာ ပွင့်လင်းမှု မရှိ သေးဘူး။ အလွှာပါးလေးတစ်ချပ် ခြားနေသေးတယ်။ ပွင့်လင်းရင်းနှီးမှု ရှိသူအများစုဆိုတာ တစ်ယောက်စကားပြောရင် ပြောသူရဲ့ မျက်လုံး (သို့) မျက်နှာကိုကြည့်ပြီး နောက်တစ်ယောက်က နားထောင်လေ့ရှိကြတယ်"

အာရုံပဲ။ ကိုယ်ကပဲ သူ စကားပြောရင် မျက်နှာကို တမေ့တမော ကြည့်နေရမယ့်သဘော။

"ဘယ်လိုလဲ . . . သက်မှူးပြောတာ မှန်လား"

"မဆိုးပါဘူး"

သူမက စိတ်လိုလက်ရ ပြုံးသည်။ သူကတော့ အလွှာပါး မဟုတ်ဘဲ အလွှာထူထူသာ ခြားစေချင်ပါသည်။

"ကောင်းလည်း သက်မှူးအပြုအမူကို ကြည့်ပြီး သက်မှူးစိတ် ကို ခန့်မှန်းကြည့်လေ"

"ငါ မပြောတတ်ဘူး"

"မဖြစ်နိုင်တာ"

"တကယ်ပြောတာ"

"အဲလိုဆိုလည်း သက်မှူး အခုဖြစ်နေတဲ့ စိတ်ကို သက်မှူး ကိုယ်တိုင် ပြောပြရမလား"

"ရပြီ . . . ရပ်တော့၊ လမ်းထိပ်ရောက်ပြီ"

မယ်မင်းကြီးမ ကြောင်တောင်တောင်ဖြင့် ကားကို ဘရိတ်နင်း မိသွားသည်။ မျက်လုံးလေး ကလည်ကလည်ဖြင့် ရောက်ရှိရာအရပ်ကို ဝေ့လာတော့ . . .

တကယ်ပါပဲ။ ကား၏ ခရီးတွင်မှုက သူနေထိုင်ရာ လမ်းထိပ် သို့ပင် ရောက်နေပြီ။ ကောင်းထက် မချိုမချဉ်ပြုံးရင်း ကားပေါ်မှ ဆင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ Half-Feel ဖြင့် ကျန်နေခဲ့မည်ဖြစ်သော်လည်း မတတ်နိုင်တော့။

"အခုလို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ညှို့ငင်မှုအတိပြီးသော အသံလေးတစ်ခုက ထွက်လာသည်။

"ညည့်သည်ကို အိမ်လည် မခေါ်တော့ဘူးလား"

ကောင်းထက် ပခုံးကို တွန့်ရင်း . . .

"ငါ ကြားဖူးထားတဲ့ စကားတစ်ခုရှိတယ်ကွ။ ယောကျ်ားလေးတစ်ယောက်ကို တစ်ဘဝလုံးစာ တာဝန်မယူနိုင်ဘဲ အခန်းထဲ အတင်းဆွဲမသွင်းပါနဲ့တဲ့။ မင်းအတွက် ပြောတာပါ။ တော်ကြာ တစ်သက်လုံး စိတ်ညစ်နေရမှာ စိုးလို့"

အမိပ္ပာယ်ဖော်ရန် ခက်ခဲသော အကြည့်တစ်ခု စူးရဲစွာ ရောက်လာပြီး . . .

"ဆယ်ဘဝလောက် တာဝန်ယူထားချင်တယ်ဆိုရင်ရော"

"အဟဲ . . . နောက်တာ။ ငါ တစ်ယောက်တည်း နေချင်သေးတယ်။ သွားတော့မယ် . . . တာ့တာ"

ကျောခိုင်းခဲ့လိုက်သည်။ မြန်မြန်သွားမှ။

ခြေလှမ်းအနည်းငယ် လျှောက်ပြီးချိန်မှာ ကျောပြင်ဆီမှ တင်းကြပ်မှုကို ခံစားလာရ၏။ အကြည့်မြားတွေ အံ့လိုက်ကျင်းလိုက် ပါလာသည်ထင်သည်။

မတတ်နိုင်ပါ။

ရင်ဘတ်ကို မစူးရင်ဘဲ တော်ပါပြီ။



# VII

တံခါးကို ချက်ထိုး၍ မီးခလုတ်ကို ဖွင့်လိုက်ပါသည်။ ထိုအခါ ပြူလက်သွားသော ဖန်ချောင်းအလင်းရောင်အောက်တွင် အခန်းလေး တစ်ခန်း၏ ထားသိုမှုက စိတ္တဇဆန်စွာ ရှိနေသည်။

စာအုပ်များ၊ အဝတ်အစားများ၊ ဗီရို၊ စားပွဲခုံ၊ ချိတ်ဆွဲထားသော ဆန်းချီကား၊ ကပ်တွယ်ထားသော နံရံကပ်ပိုစတာ စတာတွေက မြင်နေ ကျ ထားသိုမှုမှ ခွဲထွက်ကာ တစ်မျိုးတစ်ဖုံ ကွဲလွဲနေသည်။ ဘာတွေ ကွဲလွဲနေလည်း သူ မပြောတတ်။ ထင်သလို့ထားသိုမှုကပင် သူ့စိတ် အမြင်ကို တစ်မျိုးတစ်ဖုံ ဖြစ်စေ၏။

လွယ်ထားသော ကျောပိုးအိတ်ကိုချွတ်ကာ တိုင်တွင်ချိတ်သည်။ ပြီးတော့ ရေတစ်ခွက်သောက်ကာ မှန်ရှေ့တွင် ရပ်၏။ ကိုယ့်ကိုယ်ကိုယ် ကြည့်တော့ မြင်နေကျ ရုပ်လက္ခဏာက မပြောင်းလဲ။ ဒါပေမဲ့ ကြည့်ရင်း ကြည့်ရင်းနှင့် တင်းစေ့ထားသော နှုတ်ခမ်းနှစ်လွှာမှာ ပြုံးယောင်သမ်း လာသည်။

ထို့နောက် မဲ့ပြုံးတစ်ခုနှင့်အတူ အကျႌကို ဆွဲချွတ်တော့ . . . မှန်ထဲတွင် ပေါ်လာသော ခန္ဓာတစ်ခုသည်ကား . . .



www.burmeseclassic.com

www.burmeseclassic.com

အမာရွတ်များ၊ ဓားလှီးရာများနှင့် ယောင်ရမ်းနေမှု၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ပခုံးနှင့် ကျောပြင်၏ အချို့နေရာတွေမှာ၊ အဓိကက လက်မောင်းနှင့် လက်ဖျံ ဓားလှီးရာတွေ ပရပွ။ တချို့က အမာရွတ်အဖြစ် ထင်ကျန်နေပြီ။ တချို့က ခြောက်ကပ်နေပြီ။ တချို့က ရောင်ရမ်းနီရဲလို့။ တချို့က လတ်လတ်ဆတ်ဆတ်။

ကိုယ့်ကိုယ်ကိုယ် ကြည့်ရင်းနှင့် ထိမထင်သော အပြုံးမှာ နာကြည်းမှုတွေ ရောဆွတ်လာသည်။ အံကိုကြိတ်တော့ . . .

မျက်လုံး၏ နက်ရှိုင်းသောတစ်နေရာမှာ ခံပြင်းမှုတွေနှင့်။

• • •

ဘုံဘိုင်ကိုဖွင့်တော့မှ ရေစတွေ ဖွာခနဲ လွင့်ကျလာသည်။

"အား . . ."

အံကိုကြိတ်ရင်း လက်သီးကို ကျစ်ကျစ်ဆုပ်ထားလိုက်မိသည်။ အကြောတွေ ပြိုင်းပြိုင်းထကာ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပါ၏။ ရေပေါက်တွေနှင့် တစ်စက်ချင်း ကျဆင်းမှုက မပျောက်ကင်းနိုင်သေးသော (ဘယ်တော့မှ ပျောက်ကင်းမှာ မဟုတ်သော) သူ့ဒဏ်ရာများအား အပ်နဲ့ တစ်ချက်ချင်း ထိုးနေသလို။

နာလိုက်တာကွယ် . . . နာလိုက်တာ . . .။

အပေါ်ယံ အနာတွေထက် ရင်ထဲက အနာက ပိုနာသည်။ ရင်ထဲက ခံပြင်းမှုက ပိုသာနေသည်။

"အား . . ."

အံကြိတ်ထားသော်လည်း နာကျင်မှုကို မထိန်းချုပ်နိုင်။ လက်မောင်းနှင့် လက်ဖျံတို့မှာ ဒဏ်ရာတွေအပြည့်၊ ခန္ဓာကိုယ်မှ ရေစက်တွေက ဒဏ်ရာနှင့် အမာရွတ်များပေါ် တစ်လိမ့်ချင်း လိမ့်ဆင်းသွားသည်။ တချို့က အနာဖတ်များကြားဆီ တိုးဝင်ပျောက်ကွယ်သွားသည်။



ဘယ်တော့မှ သဘာဝအတိုင်းရှိမှာ မဟုတ်တော့သည့် ခန္ဓာတစ်ခုကို ကြည့်ပြီး အမည်ဖော်ရန် ခက်ခဲသော ဝေဒနာတစ်ခု ရင်တွင်းသို့ ဝင်ရောက်လာသည်။

မှန်ကြည့်တိုင်း သတိရနေလိမ့်မယ်တဲ့။

မဟုတ်ပါဘူးကွယ်။ မှန်ကြည့်တိုင်း ဝမ်းနည်း နေရတာပါ။

• • •

ရေချိုးခန်းကထွက်တော့ တဘက်တစ်ထည်ဖြင့် တစ်ကိုယ်လုံးအား လွှမ်းခြုံလိုက်သည်။ မှန်ရှေ့ကို နောက်တစ်ကြိမ်ပြန်ရပ်တော့ . .

ခြောက်နေသော ဒဏ်ရာတွေက ရေဝင်သွားမှုကြောင့် အနာဖေးထန်ကာ နူးနေသည်။ စိတ်ရှည်ရှည်ထားရင်း ရေခြောက်အောင် သုတ်ရပါဦးမည်။

တကယ်တော့ အဟောင်းပျက် အသစ်ဆက်ကို အခြားတွင် သွားရှာဖို့မလို၊ သူ့ခန္ဓာကိုကြည့်လျှင် အားလုံး တွေ့နိုင်ပါသည်။ ဒဏ်ရာဟောင်းတွေ မကောင်းခင် ဒဏ်ရာသစ်တွေ ဆက်ဆက်ဖြစ်နေ၏။ ထိုအသစ်တွေဟောင်းပြန်တော့ နောက်ထပ်အသစ်တွေ ပေါ်လာသည်။

အင်းပေါ့လေ . . .။

အဟောင်းနဲ့အသစ်ကြားက တည်တံ့မှုဟာ တချို့တွေအတွက်တော့ မြန်လွန်းလှချည်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com

# VIII

အိပ်ရာက နိုးတော့ ခေါင်းတွေ အုံခဲနေသည်။ ညက မပြီးနိုင်သေးသော ဆောင်းပါးတစ်ပုဒ်ကို ဘာသာပြန်နေရာ ညဉ့်တော်တော်နက်သွား၏။ မလုပ်လို့ကလည်းမရ၊ ဖောင်ပိတ်ချိန်နီးပြီမို့ အမှီအပ်ရဦးမည်လေ။ သူများပိုက်ဆံယူထားလေတော့ ကိုယ့်ဘက်မှာ ဘယ်လိုအခက်အခဲတွေပဲရှိရှိ တာဝန်ကျေအောင်တော့ လုပ်ရဦးမည်။

အိပ်ရာမှထပြီးချိန်မှာ ထုံးစံအတိုင်း သတင်းစာကို အပြေးအလွှားရှာဖွေသည်။ ယနေ့တော့ စောစီးစွာ ရောက်ရှိနေပါပြီ။ တံခါးတွင်ညှပ်ထားသောသတင်းစာကို ဆွဲယူ၍ ခုံတွင်ဝင်ထိုင်လိုက်၏။ ပြီးတော့စာမျက်နှာတစ်ခုကို လှန်သည်။

အချိန်တစ်ခုကြာအောင် ရှာဖွေဖတ်ရှုပြီးသွားချိန်မှာ ကောင်းထက်ခေါင်းနားပန်း ကြီးသွားတော့၏။

"ဘယ်လိုဖြစ်တာလဲ"



တစ်ကိုယ်လုံး ထူပူသွားသည်။ လိုချင်သော သတင်းတစ်ပုဒ်သတင်းစာတွင် ပါမလာ။ အလျင်စလိုဖြင့် နောက်တစ်ကြိမ် ပြန်ရှာသည်။ သို့သော် . . . ယနေ့အတွက် မြေချမည့် ရှာပနသတင်းမှာ ပျောက်ကွယ်နေသည်။

ထိုစာမျက်နှာတွင် မတွေ့တော့ နောက်တစ်မျက်နှာ၊ နောက်တစ်မျက်နှာတွင် မတွေ့တော့ နောက်ထပ် တစ်မျက်နှာ။ ပြီးတော့ . . . ပြီးတော့ . . .

သတင်းစာတစ်အုပ်လုံးပင် ကုန်သွားသည်။ ယနေ့အသုဘချမည့်စာရင်းမရှိ။ နလုံးခုန်နှုန်းတို့ မြန်သွားခဲ့ပြီ။ မျက်နှာပင် သစ်မနေတော့။ သတင်းစာကို ပစ်ချပြီး အလျင်စလိုဖြင့် အောက်ပြေးဆင်းခဲ့တော့၏။

သူ၏ ဦးတည်ရာသည်ကား . . .

• • •

"ဦးလေး . . . ဖုန်း . . . ဖုန်း"

"ဟင်"

အလျင်စလိုစကားသံနှင့် ဟန်ပန်ကြောင့် ဦးအိန်ဂျလို မျက်လုံးပြူးသွားသည်။ သူတို့ ဝန်ထမ်းတန်းလျားတွင် ပြည်နယ်မှ ချပေးထားသော ဖုန်းလေးတစ်လုံးသာ ရှိပါ၏။ ဦးအိန်ဂျလိုဆိုသူမှာ ထိုဖုန်းလေးအား စောင့်ရှောက်ရသည့်တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။

"ကျွန်တော် ဖုန်းဆက်ချင်လို့"

မျက်မှန်းတမ်းမိနေတာက တစ်ကြောင်း၊ ဒီလိုပဲ တချို့ရက်များတွင် စောစောစီးစီး ဖုန်းလာဆက်တတ်သည်ကတစ်ကြောင်းတို့ကြောင့်။

"ဘာလဲ . . . ကောင်မလေးနဲ့ စိတ်ကောက်ပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဗျာ . . . မနေ့ကတွေ့ဖို့ ချိန်းထားတာ ကျွန်တော် အလုပ်မအားတာနဲ့ သွားမတွေ့ဖြစ်လိုက်ဘူး။ ညက ဖုန်းဆက်တာလည်း မကိုင်ဘူး။ အခုတောင် အိမ်မှာရှိသေးရဲ့လား မသိပါဘူးဗျာ။ ကျောင်းသွားပြီထင်တယ်"

ဦးအိန်ဂျလိုက သဘောပေါက်သလို ခေါင်းညိတ်၏။ ငါတို့လည်း ဒီအဆင့်တွေ ဖြတ်သန်းလာတာပါကွာဟူသည့် ပုံစံမျိုး။

"ဆက်လေ . . ."

မေးငေါ့ပြတော့ ဖုန်းခုံလေးရှိရာဆီ ပြေးသည်။ ခုံတွေ ဝင်ထိုင်ပြီးနောက် ဦးအိန်ဂျလိုအား တစ်ချက်လှမ်းရှိုးတော့ အလိုက်တသိ အခန်းတွင်းမှ ထွက်သွားပါ၏။ နှစ်ကိုယ်ကြားကိစ္စတွေက လူသူရှေ့တွင် ပြောလို့မဖြစ်မှန်း သဘောပေါက်ထားသည် မဟုတ်ပါလား။

ဦးအိန်ဂျလိုက နံရံတွင် ထောင်ထားသော စက်ဘီးကို ထုတ်ကာ ကွန်ကရစ် လမ်းလေးအတိုင်း နင်းကာ ထွက်သွားသည်။ လက်ဖက်ရည်ထွက် သောက်သည်ထင်၏။

ဒီတော့မှ ဖုန်းကိုကိုင်ကာ ဂဏန်းအချို့ကို နှိပ်လိုက်သည်။ မကြာမီမှာပင် က 'တူ' ဟူသောအသံနှင့် ဖုန်းမှာ သံရှည်ဆွဲသွားသည်။ မကြာပါ . . .

"ဟဲလို . . . မြို့မ သုသာန်ကပါ"

ကြားဖူးနေကျအသံ၊ ကောင်းထက်အသံကို ထိန်းရင်း . . .

"အခု ပြောနေတာ သုဘရာဇာလား မသိဘူး"

"ဟုတ်ပါတယ် . . . သုဘရာဇာပါ"

"သြော် . . . ကျွန်တော် High Way သတင်းဂျာနယ်ကပါ။ တစ်ပတ်အတွင်း လူသေမှုတွေနဲ့ ပတ်သက်ပြီး ကျွန်တော် သတင်းလေး ထည့်ချင်လို့"



"ဟုတ်ကဲ့"

"အဲဒါ ဒီတစ်ပတ်အတွင်း သုသာန်ကို သေဆုံးသူ ဘယ်နှဦး ရောက်ရောက်လည်း သိချင်လို့ပါ"

တစ်ဖက်က အနည်းငယ် တိတ်ဆိတ်သွား၏။ ခဏကြာတော့ . . .

"မနေ့ကထိတော့ လေးလောင်း ရောက်ပါတယ်"

ကောင်းထက် ဒိန်းခနဲ ရင်ခုန်သွားကာ . . .

"ဟုတ်ကဲ့ . . . သူတို့ကို ဘယ်တော့လောက် သင်္ဂြိုဟ်မှာလည်း မသိဘူး"

"နှစ်လောင်းက သင်္ဂြိုဟ်ပြီးပါပြီ။ နောက်နှစ်လောင်းကတော့ နောက်ဖြန်နဲ့ သန်ဘက်ခါပါ"

"ဒီ . . . ဒီနေ့ရော မရှိဘူးလား"

"မရှိပါဘူး . . ."

သွားလေပြီ။

"ဟုတ်ကဲ့ . . . ကျေးဇူးပါနော်"

ဖုန်းချပြီးချိန်မှာ လက်ဖျားတွေ တုန်နေ၏။ အံကိုကြိတ်ရင်း နောက်ဖုန်းနံပါတ်တစ်ခုကို ဆက်နှိပ်သည်။

"ဟုတ်ကဲ့ . . . ပြည်သူ့ဆေးရုံကပါရှင်"

မိန်းကလေးတစ်ဦးရဲ့ ဖြေသံကို ကြားလျှင်ကြားချင်း . . .

"ဒီနေ့ သေမယ့်လူနာရှိလား မသိဘူး"

"ရှင်"

လောနေသောစိတ်ကြောင့် စကားတွေ မှားသွားသည်။ ချက်ချင်းပဲ သတိဝင်ကာ နောက်တစ်မျိုးပြောင်းပြောတော့ . . .

"ဟိုဟာ . . . ဒီနေ့ အသုဘချမယ့်လူနာ ရှိနိုင်လား မေးတာပါ၊ ဥပမာ အက်ဆီးဒင့်တွေ ဘာတွေဖြစ်ပြီးတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်စကားသံမှာ ချက်ချင်းပဲ မာထန်သွားပြီ . . .

"အဲဒါတော့ ရှင်ပဲ ရှိလိမ့်မယ်"

ဝှပ်ခနဲ ဖုန်းချလိုက်သံက နားကိုပင် အူသွားစေသည်။ သွား ပြီ . . .

သူ့အတွက် မျှော်လင့်စရာ မရှိချေတော့ . . .



# IX

လူတစ်ယောက် မြို့မသုသာန်နှင့် မလှမ်းမကမ်း တောတန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ဘယ်လိုပင် ဖုန်းဆက်စုံစမ်းထားပြီးပြီ ဖြစ်သော်လည်း သူ စိတ်မချနိုင်။ တွန်းလှန်မရနိုင်သော ဆန္ဒတစ်စုံတစ်ရာက သူ့ကို ဤနေရာသို့ ရောက်အောင် ဆွဲဆောင်နေပါသည်။

သုသာန်တွင်းမှာ ရှင်းလင်းတိတ်ဆိတ်နေ၏။ ဒီအတိုင်းဆိုလျှင် သုဘရာဇာစကားကို ယုံမှားသံသယဖြစ်ဖွယ်မရှိ။ ဒီတော့ သူ၏ အားကိုးရာမှာ ဆေးရုံသာ ရှိတော့သည်။

အသက်သေနိုင်လောက်သည့် ယာဉ်မတော်တဆမှုမျိုး (သို့) သုသာန်သို့ ချက်ချင်းအသုဘချ သဂြိုဟ်နိုင်လောက်မည့် ရောဂါမျိုး (သို့) အမိဝမ်းတွင်းမှ ထွက်လာသော မွေးကင်းစကလေး အလိုလို သေဆုံးနေမှုမျိုး ထိုကိစ္စမျိုးဆိုလျှင်တော့ သုသာန်သို့ သေချာပေါက်ရောက်လာကြလိမ့်မည်။

ဆုတော့ မတောင်းကောင်း။ သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com

နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီ ကျော်နေပြီ။ ကောင်းထက်အံကိုကြိတ်ကာ တံတွေးကို မျိုချလိုက်၏။ ရှိတော့ ရှိနိုင်ကောင်းမှာပါလေ . . .။

စိတ်ကိုဖြေရင်း ခြေကိုသာ သွက်သွက်လှမ်းနေသည်။ ဘာလို့လှမ်းနေမှန်းလည်း သူမသိ။ သုသာန်ကိုကြည့်လိုက် မြေလိမ်မြွေကောက်တက်လာရသော သုသာန်အဝင်လမ်းကို ကြည့်လိုက်၊ နာရီကိုကြည့်လိုက်နှင့် . . . ။

တစ်လှမ်း . . .

နှစ်လှမ်း . . .

သုံးလှမ်း . . .

နှုတ်ခမ်းကို ကိုက်ထားမိ၏။ တစ်ခါတစ်ရံ ကြက်သီးများ ဖျန်းခနဲ ထလာသည်။ လှုပ်ရှားနေသော ခန္ဓာကိုယ်ကြွက်သားတွေလည်း တင်းကြပ်လာသလို ခံစားရသည်။ တဖြည်းဖြည်းနှင့် သွေးသားဆန္ဒတွေအသုဘတစ်ခုကို တောင့်တလာ၏။ လက်သီးကို တင်းတင်းဆုပ်လိုက်မိပါသည်။

လာတော့မှာပါ။ မကြာခင် ရောက်လာမှာပါ . . .

နှုတ်ခမ်းကို ကိုက်၍ . . .

စိတ်ကို အတတ်နိုင်ဆုံး ထိန်း၍ . . .

မတောင်းကောင်းသောဆုကို အကြိမ်ကြိမ်တောင်း၍ . . .

သို့သော် . . .

ᨁ ᨁ ᨁ



အကယ်၍ မာရ်နတ်က
သင့်လည်ပင်းကို ဓားထောက်ပြီး
လူတစ်ယောက်ကို သတ်ရမည်
သို့မဟုတ် သင့်ကိုယ်သင် သတ်ရမည်ဆိုပါစို့
သင် ဘယ်လမ်းကို ရွေးမည်နည်း



www.burmeseclassic.com

www.burmeseclassic.com

# X

"အား"

အံကိုကြိတ်ရင်း ရှိုက်အော်မိရာ လည်ချောင်းတွေ ကွဲရကုန်သည်။ အကြောတွေ ပြိုင်းပြိုင်းထအောင် ဆုပ်ထားသော သူ့လက် တွေက သွေးဆာနေသည့် Vampire တစ်ကောင်လို တစ်ချောင်းချင်း ပြန့်ကားသွား၏။

ထို့နောက် အသိလွတ်ကာ တောတန်းတွင်း ပြေးဝင်ခဲ့တော့သည်။ မျက်လုံးတို့ ပြူးကျယ်နေသည်။ ခြေလှမ်းတွေ သွက်နေသည်။ ရင်တွေ ပူနေသည်။ အစာငတ်သော ကျားတစ်ကောင်လို . . .

သစ်ပင်ကြီးတစ်ပင်အောက်သို့ အရောက် လက်တစ်ဖက်မှာ အရောင်လက်သွား၏။

ဖြူဝင်းထက်မြနေသော ဓားတစ်လက်။

"ရှိ . . ."

နေရာလွတ်မရှိအောင် အမာရွတ်ပရပွဖြစ်နေသော ဘယ်လက်ဖျံသားတစ်နေရာကို ဓားနဲ့ ဆွဲခွဲလိုက်သည်။



ပြီးတော့ နောက်တစ်ချက် . . .

"ဗြ . . ."

ဓားသွားမှာ သွေးတွေ ရဲခနဲ ပေကျံသွား၏။

ထိုခဏလေးမှာပဲ တဆတ်ဆတ် တုန်ယင်နေသော သူ့ခန္ဓာကိုယ်မှာ . . .

ဆာလောင်မွတ်သိပ်နေသော သူ့ခန္ဓာကိုယ်မှာ . . .

အလိုပြည့်သွားသော တဏှာရူးတစ်ယောက်လို . . .

ဆေးဝင်သွားသော ဘိန်းသမားတစ်ယောက်လို တဖြည်းဖြည်း ငြိမ်ကာသွားတော့၏။

ဆန္ဒပြည့်သွားချိန်မှာ လက်ဖျံမှ နာကျင်မှုကို စတင်ခံစားရသည်။ ကိုင်ထားသောဓားမှာ လွတ်ကျသွား၏။ ပြီးတော့ လူက အလိုလို ဒူးထောက်ကျသွားကာ . . .

"အား . . ."

"အား . . ."

အာခေါင်ကို ခြစ်အော်နေလျက်မှ . . .

မျက်ရည်တွေ ကျလာသည်။ ကိုယ့်ကိုယ်ကိုယ် မုန်းတီးစိတ်၊ နာကြည်းစိတ်တွေနဲ့ . . .

နီးစပ်ရာ သစ်ပင်ကိုသာ တအုန်းအုန်း ထိုးနေမိတော့၏။

သစ်မှုန်စတွေ တဖွားဖွား လွင့်စင်ကုန်သည်။

ထိုးကား ထိုးလျက် . . .

ထိုးကား ထိုးလျက် . . .

ပင်စည်ကြမ်းနှင့်အတူ သူ့လက်တွေမှာလည်း သွေးချင်းချင်း နီလျက် . . .

* * *



www.burmeseclassic.com

www.burmeseclassic.com

အပြုအမူ လေ့လာနည်းဆိုသည်မှာ ထမင်းစားခြင်း၊ စက်ဘီးစီးခြင်း၊ စကားပြောခြင်း၊ ရှက်သွေးဖျန်းခြင်း၊ ရယ်မောခြင်း၊ ငိုယိုခြင်း စသည်ရှုမှတ်၍ ရနိုင်သော အပြုအမူပုံစံအမျိုးမျိုးကို လေ့လာသည့်နည်း ဖြစ်၏။ ၁၉၀၀ ပြည့်နှစ်တစ်ဝိုက်တွင် အမေရိကန်စိတ်ပညာရှင် ဂျေ–ဘီ–ဝက်ဆင် (J.B.Watson) တင်ပြခဲ့သော နည်းဖြစ်သည်။ ထိုနည်းကိုပင် နောက်ပိုင်း၌ ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခဘီ–အက်ဖ်–စကင်းနား (B.f.Skinner) က လှုံ့ဆော်မှု တုံ့ပြန်မှုစိတ်ပညာ (Stimulus Response Psychology) ဟူ၍ ကျယ်ပြန့်စွာ ဖွံ့ဖြိုးခဲ့သည်။

လှုံ့ဆော်မှု၊ တုံ့ပြန်မှု လေ့လာနည်းမှာ တယ်လီဖုန်းစက်ခလုတ်ခုံနှင့် တူ၏။ ဝင်လာသော လှုံ့ဆော်မှုတို့သည် ဦးနှောက်တည်းဟူသော စက်ခလုတ်ခုံတွင် ဆက်သွယ်မှုလမ်းကြောင်းရှာဖွေကာ တုံ့ပြန်မှုအဖြစ် ထွက်သွားသည့်သဘောပင်။ ထို့အတွက် အပြုအမူလေ့လာနည်းမှာ အလွတ်ကျက်ထားသော ဦးနှောက်ကဲ့သို့ ယန္တရားဆန်၏။

ⴳ ⴳ ⴳ



# XI

"စိတ်ပညာမှာ မလုပ်ရ မနေနိုင်တဲ့ရောဂါဆိုတာ ရှိလားဆရာ"

"ဟာ . . . ရှိတာပေါ့"

"ရှိရင် ကျွန်တော့်ကို အဲဒီရောဂါအကြောင်း နည်းနည်းလောက် ပြောပြပေးပါလား ဆရာ"

ဆရာကြီး ဦးအာသာက သူ့အား ဆေချာကြည့်လာသည်။ ပြီးသော့ . . . နီးစပ်ရာခုံတစ်လုံးအား လမ်းညွှန်ပြရင်း . . .

"ထိုင်လေ . . . သား"

ကောင်းထက် စိတ်မသက်မသာဖြင့် ဝင်ထိုင်လိုက်သည်။ စာအုပ်စင်များ ပတ်လည်ကာရံထားသည့်အခန်းလေး တစ်ခန်း ဖြစ်ပါ၏။ ဆရာကြီး ဦးအာသာ၏ စာဖတ်ခန်းဖြစ်သလို စာရေးခန်းလည်း ဖြစ်သည်။ စာအုပ်စင် တစ်ခုနှင့် တစ်ခုကြားမှ ကြည့်လျှင် စာသင်ခန်းကို လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းစရန် နာရီဝက်လောက် လိုသေးသည်မို့ မည်သူမျှ မရောက်သေး။ သူတစ်ယောက်သာ စိတ်ညစ်ညစ်ဖြင့် အစောကြီး ကြို ရောက်နေခြင်း ဖြစ်သည်။

ဆရာကြီးက မျက်မှန်ကို ချွတ်၏။ ပြီး လက်မှာကိုင်ထားသော ဖတ်လက်စ စာအုပ်ထူကြီးကို စင်ပေါ် လှမ်းတင်ရင်း . . .

"မလုပ်ရ မနေနိုင်ခြင်းဆိုတာ စိတ်စွဲခြင်းကနေ စတင်လာတဲ့ ရောဂါတစ်ခုပဲ။ စိတ်စွဲခြင်းရောဂါဆိုတာ မှားယွင်းတဲ့ အတွေးအခေါ် တစ်ခုကို စွဲလမ်းနေတာ။ ရောဂါရင့်သန်လာတဲ့အခါမှာ လူက စိတ်စွဲတဲ့ အတိုင်း လိုက်လုပ်ရတော့တယ်။ အဲဒီအခါမှာ မလုပ်ရ မနေနိုင်တဲ့ရောဂါ ဆိုပြီး ဖြစ်လာတာပဲ။ အင်္ဂလိပ်လို OCD (Ocbsessive compulsive Disorder) လို့ ခေါ်တယ်။ များသောအားဖြင့် ဉာဏ်ရည်မြင့်တဲ့ လူတွေ မှာ အဲဒီရောဂါ အဖြစ်များတယ်။

"သူ့ရဲ့ ရောဂါလက္ခဏာက ဘယ်လိုမျိုးတွေလဲ ဆရာ"

ဒီတစ်ခါတော့ ဆရာကြီး စဉ်းစားသွားပါသည်။ မျက်လုံးကို မှေးကျင်းကာ ငြိမ်လျက်ရှိနေရာမှ ကုလားထိုင်ပေါ် ကျောမှီချရင်း . . .

"အတွေးလွန်တာ၊ လွဲမှားတဲ့ အဓိပ္ပာယ်ကို ကောက်ယူတတ် တာ၊ ပြီးတော့ အကြောက်လွန်တာ၊ ထူးဆန်းတဲ့ အလေ့အထတွေရှိနေ တာ စဉ်းစားမိသလောက် ပြောရရင်တော့ အဲဒါတွေပဲ"

"အကျယ်ရှင်းပါဦး ဆရာ"

"ဒီလိုကွာ . . . အတွေးလွန်တယ်ဆိုတာကတော့ ရှင်းရှင်း လေး။ အချိန်ရရင် ရသလောက် ဦးတည်ချက် အထွေအထူးမရှိဘဲ အဆုံး အစမရှိ တွေးနေတတ်တာမျိုး၊ လွဲမှားတဲ့ အဓိပ္ပာယ်ကောက်ယူတာကျ တော့ ဖတ်မိတဲ့စာ၊ ကြားရတဲ့စကားတွေကို မဆီမဆိုင် အဓိပ္ပာယ်တွေ ကောက်ယူလိုက်တာ။ တခြားရှုထောင့်က မြင်တဲ့အမြင်မျိုးလည်း မဟုတ်



သူ့မှာ သတိ၊ ပညာ မပါဘူး။ ပြီးတော့ အကြောက်လွန်တာ။ ကတော့ လူတော်တော်များများမှာ ရှိတတ်ပါတယ်။ အမှောင်ကြောက် တာ၊ အမြင့် ကြောက်တာ၊ သွေးကြောက်တာ၊ အခန်းထဲ ပိတ်မိနေမှာ ကြောက်တာ စသဖြင့်ပေါ့။ ထူးဆန်းတဲ့ အလေ့အထကတော့ လူတိုင်း မှာ မရှိဘူး။ မြင်မြင်သမျှ ကားနံပါတ်တွေကို လိုက်ပေါင်းကြည့်တာ၊ ကားထစ်တွေကို ရေတွက်တာ။ လမ်းသွားရင်း ဓာတ်တိုင်တွေကို လက် နဲ့ တို့ ထိသွားတာ။ အဲလို အပြုအမူဆန်းတွေပေါ့"

"ခြော် . . ."

ထူးဆန်းတဲ့ အလေ့အထဆိုပါလား။ စိတ်ပညာပါမောက္ခ ပီသ မှာ ဆရာကြီးက သူ့အရိပ်အကဲကို ဖမ်းမိသွားပြီ။

"ဘာလဲ . . . မောင်ကောင်းထက်မှာ မလုပ်ရမနေနိုင်တဲ့ရောဂါ ခုခုများ ရှိနေလို့လား"

"အာ . . . မရှိပါဘူး။ မနေ့က မေးခွန်းနဲ့ ဆက်စပ်ပြီး မေးမိ တာပါ"

သူ့စကားကြောင့် ဆရာကြီးမှာ နားမလည်နိုင် ဖြစ်သွားသည်။ ကြောင့် . . .

"လူတစ်ယောက်မှာ သာမန်လူတွေနဲ့ မတူတဲ့ စိတ်အခြေအနေ ခုရှိနေတယ်ဆိုတဲ့ မေးခွန်းလေ။ အဲလိုလူမျိုးကို ကျွန်တော် တွေ့ခဲ့ ပါ။ ကြာတော့ ကြာပါပြီ။ ဒီမြို့က မဟုတ်ဘူး။ ကျွန်တော် အရင် ခဲ့တဲ့မြို့က . . ."

"ခြော် . . . "

အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားလိမ်ညာခဲ့သည်။ မရိပ် ကဘူးလို့တော့ ထင်ပါ၏။ ထိုစဉ်မှာပဲ စာသင်ခန်းဘက်ဆီ များကို ကြားရသည်။ သင်တန်းသူအချို့ ရောက်လာကြပြီ၊ ကောင်း အလိုက်သိစွာ ထိုင်ရာမှ ထရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးအများကြီးတင်ပါတယ် ဆရာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"အေး . . . ရတယ် သား"

ကိုယ်ကို ညွတ်ရင်း ရှေ့မှ ထွက်ခဲ့ပါသည်။ အခန်းဝရောက်မှ အရေးကြီးကိစ္စကို သတိရပြီး . . .

"ဩော် . . . ဆရာ . . . မလုပ်ရမနေနိုင်တဲ့ ရောဂါရှိသူတွေကို ကုသမယ်ဆို ဘယ်ကုထုံးက အကောင်းဆုံး ဖြစ်မလဲ"

"စိတ်ကုဆရာဝန်နဲ့ သေချာပြကြည့်တာက အကောင်းဆုံးပဲ။ ရောဂါရှိသူကို ကုသနည်းပေးပြီး ကိုယ်တိုင် ကုနိုင်းလို့ မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ အလွန်အကျွံကုသခြင်းဟာ သူတို့ရဲ့ အကျင့်ဟောင်းတွေကို အားဖြည့်ပေးရာ ရောက်လို့"

သက်ပြင်းချမိလိုက်သလား မသိပါ။

• • •

အပျင်းပြေရေးထားသော ဝတ္ထုတစ်ပုဒ်လိုပါပင်။ စာလုံးပေါင်းရတာကိုက သမ်းဝေချင်နေ၏။ စာသင်ချိန်သည် သူ့အတွက် လတ်ဆတ်မှုကို ထုတ်မပေးနိုင်ခဲ့ပါ။

လူသူဝေးသော နောက်ဆုံးတန်း၏ နေရာတစ်ခုတွင် တစ်ယောက်တည်း ထိုင်နေမိသည်။ ဆရာကြီး ပြောပြခဲ့သော ရောဂါလက္ခဏာများတွင် ဘယ်အရာက သူနဲ့ ကိုက်ညီနေသနည်း။ ရှည်ရှည်ဝေးဝေး စဉ်းစားဖို့မလို။ ထူးဆန်းတဲ့ အလေ့အထ . . .

အသုဘ လိုက်ပို့ချင်သော ရောဂါ။

သူ ဘာကို စိတ်စွဲခဲ့ပါသနည်း။



မလုပ်ရ မနေနိုင်ခြင်းသည် စိတ်စွဲခြင်းမှ စတင်လာသည်ဟု ဆိုထားသည် မဟုတ်ပါလား။

မီးခိုးထွက်မတတ် စဉ်းစားသော်လည်း စိတ်စွဲခြင်းဖြစ်စဉ်က ခေါင်းတွင်းမှာ ပေါ်မလာ။

အင်း . . .

သင်တန်းဆင်းလျှင်တော့ လိုအပ်သော စာအုပ်စာတန်းအချို့ ဆရာကြီးထံမှ ငှားရပါဦးမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## XII

"သင်သည် ထာဝရအိပ်စက် အနားယူသွားလေပြီ။ ဘုရာ
သခင်၏ ရင်ငွေ့တော်ကို ခံစားရလိမ့်မယ်။ ကြောက်ရွံ့မှု အလျဉ်းမ
နှင့်။ စိုးရိမ်ကြောင့်ကြမှုလည်း မဖြစ်နှင့်။ သင် ပြုလုပ်ခဲ့တာတွေအတွ
ဝမ်းသာပါ။ ငါတို့သည် သင့်ကို ထာဝရ သတိရနေလိမ့်မည်။ သ
ပျိုးခဲ့သော သစ်ပင်ပန်းမာန်တို့သည် ငါတို့ရဲ့ ဆာလောင်မှုအား တင်းတိ
စေလိမ့်မည်။ ဟေလာတောင်ကုန်းမှ အလင်းကို မြင်သော် . . ."

စသဖြင့် သုဘရာဇာက ရိုးရာမပျက် ဆုတောင်းစာကို ရွတ်ဖ
ပေးနေသည်။ သူ၏နံဘေးမှာ မြေကျင်းတစ်ခုနှင့် ခေါင်းတလားတစ်လ
ရှိနေသည်။ ပေါ်လစ်ရောင်တောက်နေသော ခေါင်းတလားမှာ အသ
လေးဆယ်ခန့် အသက်မဲ့ခန္ဓာတစ်ခုကို ပခုံးထမ်းတင်ထား၏။

တချို့လူတွေရဲ့ ရိတ်သိမ်းချိန်က စောလွန်းလှပါသည်။ အင်အ
အကြီးဆုံးအရွယ်မှာ၊ စဉ်းစားဉာဏ် အရင့်သန်ဆုံးအရွယ်မှာ၊ ပေးဆ
သူဖြစ်ပါက ပေးဆပ်ရ အကောင်းဆုံးအရွယ်မှာ ရုပ်ဆက်ပြတ်သွာ
ပြီ။



ခေါင်းတလားရဲ့ ခြေရင်းမှာတော့ အနက်ရောင် ဆင်တူဝတ်စုံများဖြင့် သေဆုံးသူရဲ့ မိသားစုဝင်များ ရပ်နေသည်။ ဆုတောင်းစာကို နားထောင်ရင်း၊ ခေါင်းတလားထဲမှ အကြွေစောသူအား ကြည့်ရှုရင်း မျက်ရည်များ ဖြိုင်ဖြိုင် စီးကျနေကြ၏။ ဝမ်းပန်းတနည်းလည်း ငိုကြွေးနေကြသည်။

သူတို့ရဲ့ နောက်မှာက အားပေးသမှုဖြင့် လိုက်ပါပို့ဆောင်သူ ရပ်ဆွေရပ်မျိုးများ ရှိနေသည်။ ထိုအရာများအားလုံးရဲ့ နောက်ဖက် ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် ကောင်းထက်တစ်ဦးတည်း ရပ်နေပါ၏။

ဈာပနကို သူ မြန်မြန် ပြီးဆုံးချင်နေပါပြီ။ မလာမဖြစ်၍ လာရသော်လည်း ဤအရပ် ဤဌာနမှာ သူ ကြာကြာမနေချင်။ ဒဿဂီရိလို ခေါင်းအမျိုးမျိုးလည်း မရှိသည်မို့ ရိပ်မိသွားမှာ စိုးရိမ်သည်။

ခေါင်းတလားတွင်းမှ ပုဂ္ဂိုလ်အား မမှိတ်မသုန် ကြည့်နေမိစဉ်မှာပဲ သံဝေဂကို အရည်ချွတ်ကာ မြောက်ပြန်လေတစ်ခု ရောက်ရှိလာသည်။ မြေကို ဝမ်းလျားထိုးရင်း ပွတ်ဆွဲလိုက်သည်မို့ သစ်ရွက်ခြောက်တွေ လေမှာ လွင့်သွား၏။ အပေါ်မှ သစ်ရွက်တွေက အောက်ကို ကြွေဆင်းလာသည်။

ထိုအခိုက်မှာပင် ယဉ်ပါးမှုမဲ့သော မွှေးရနံ့တစ်ခုကို နှာခေါင်းမှာ ရုးခနဲ ရလိုက်သည်။ ထိုမွှေးရနံ့နှင့်အတူ . . .

"ဟင်"

ကြက်သီးတို့ ဖျန်းခနဲ ပွင့်သွား၏။ ရုတ်ခြည်းပင် သူ့တစ်ကိုယ်လုံးက ရေခဲရိုက်ခံရသလို တောင့်တင်းသွားသည်။ သွေးပေါင်တွေ ထိုးကျသွားသလိုမျိုး၊ ခန္ဓာကိုယ်အင်အားတွေ ပိုက်နဲ့ စုပ်ထုတ်သွား သလိုမျိုး ချာတ သွေးဆုတ်ကာ သွားသည်။ အကြောအားနည်းသလို လက်ချောင်းတွေမှာ တစ်ချောင်းနှင့်တစ်ချောင်း ကပ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်သွားတာလဲ . . .

ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ခင်မှာပင် စူးရှသော မြွေးရန့်က နောက်ဖက်မှတစ်ဆင့် သူ့နံဘေးဆီသို့ . . .

နီရဲသော နှင်းဆီတစ်ပွင့်ကို ကိုင်ဆောင်ထားသည့် မိန်းကလေးတစ်ဦး။ သူ၏ တောင်ဘက်အရပ်ဆီမှ ဖြတ်ကျော်သွားသည်။ အနက်ရောင်ဂါဝန်ရှည်ကို ဝတ်ထားသည့်အပြင် လည်ပင်းတွင် အနက်ရောင် မာဖလာပါးလေးတစ်ထည်ကို ဥရောပဆန်ဆန် ပတ်ထားသေးသည် ဖြစ်ရာ အမြင်အာရုံ၌ နက်မှောင်ကျော့ရှင်းကာ နေပါသည်။

ဘေးတိုက်ဖြစ်သည်မို့ မျက်နှာကိုတော့ သေချာမမြင်ရ။ ကြည့်နေစဉ်မှာပဲ သူမက ခြေကို တစ်လှမ်းချင်း လှမ်းပြီး လူအုပ်တွင် ဝင်သွားသည်။ မိသားစုဝင်များနောက်ကို ရောက်တော့ ခြေစုန်ကိုရပ်၍ ငြိမ်သွားသည်။

ဆုတောင်းစာက အဆုံးသတ်ကို ရောက်နေပြီ။ သို့သော် . . . ကောင်းထက် အာရုံတွင် ဆုတောင်းစာသည်လည်းကောင်း၊ ခေါင်းတလားသည်လည်းကောင်း၊ သေဆုံးသူသည်လည်းကောင်း၊ မိသားစုဝင်များသည်လည်းကောင်း ဘာဆိုဘာမျှ မရှိတော့ပါ။ ရှိနေသည်ကား ထူးဆန်းသော မိန်းမပျိုနှင့် သူ၏ကိုယ်တွင်းမှ ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသွားသော ရောဂါဝေဒနာ။

ယခုချိန်ထိ လက်ချောင်းတွေ ကပ်နေဆဲ။ ရေခဲရိုက် ခံထားရသလို တုံ့ဆိုင်းလေကန်နေဆဲ။

ထိုစဉ်မှာပဲ ဆုတောင်းစာမှာ ပြီးဆုံးသွား၏။ ဆုတောင်းစာဆုံးသတ်တော့ မိသားစုဝင်များ ခေါင်းတလားကိုကိုင်ကာ ငိုကြသည်။ အလောင်းကို ပြေးပွေ့မတတ် ပူဆွေးဝမ်းနည်းကြောင်း လိုက်ပို့သူများမြင်အောင် ပြကြသည်။ မြင်ကွင်းက တည်ငြိမ်နေရာမှ လှုပ်ရှားလာသည်။ ထိုအတူ သူမရဲ့ အကြည့်တွေလည်း နံဘေးဝဲယာကို အနည်းငယ်ဝဲသွားကြောင်း သတိထားမိသည်။

ရပ်နေသော ခြေလှမ်းတို့ ရှေ့တိုးသွားသည်ကို မြင်ရ၏။ အနီးရောက်တော့ လက်တွင်းမှ နှင်းဆီပန်းကို ခေါင်းတလားတွင်း ထည့်သည်။ မည်သူတွေ သတိထားမိသည် မသိသော်လည်း သူကတော့ အစအဆုံး မြင်နေသည်။ အချိန်ကျတော့ သုဘရာဇာနှင့် တာဝန်ရှိသူ များက မိသားစုဝင်များကို ဖယ်ပြီး ခေါင်းတလားကို မြေချသည်။

အမှန်ဆို ယခုချိန်ပိုင်းသည် သူထမ်းဆောင်ရမည့် ဝတ္တရားတို့ ပြီးဆုံးကာ လှည့်ပြန်ရမည့်အချိန် ဖြစ်ပါသည်။ သို့သော် လှည့်မပြန်နိုင်သေး။ ကောင်းထက် မလှည့်သော်လည်း ထူးဆန်းသော မိန်းကလေးကတော့ တာဝန်တစ်ခုပြီးဆုံးသလို လှည့်ထွက်လာ၏။ ထိုအခါ သူမ၏ မျက်နှာအား ရှင်းလင်းပြတ်သားစွာ မြင်တွေ့လိုက်ရစဉ် . . .

"ဟာ . . ."

ခေါင်းစဉ်တပ်ရန် ခက်ခဲသည့် ဝေဒနာတစ်ခုကို ရင်တွင်းမှာ ခံစားလိုက်ရ၏။ ဤမြို့၊ ဤအရပ်နှင့် နီးစပ်မှုမရှိသော မျက်နှာစိမ်းတစ်ဦးဝါ။ သို့သော် သူနှင့်က ရင်းနှီးသလို ခံစားနေရ၏။ (သို့) ရင်းနှီးသွားသလို။

သူမကတော့ မည်သူ့ကိုမျှ စောင်းငဲ့မကြည့်ဘဲ ဝင်လာရာ လမ်းအတိုင်း ပြန်ထွက်သွားပါသည်။

သူရပ်နေရာနှင့် အတိုင်းအတာတစ်ခုထိ ကွာလှမ်းသွားစဉ် အလိုလို ရောက်လာသော ဝေဒနာမှာ သိသိသာသာ လျော့ကျသွား၏။ ထပ်ဝေးတော့ ထပ်ပျော့သွားသည်။

သူသာန်ရောက်တော့ ရပ်ထားသော လိပ်ခုံးကားလေးကို တံခါးဖွင့်ပြီး မောင်းသူနေရာမှာ ဝင်ထိုင်သည်။ ထို့နောက် . . .




www.burmeseclassic.com

www.burmeseclassic.com

မောင်းထွက်သွားသော ကားလေးနှင့်အတူ သူ့ကိုယ်တွင်းမှ ရောဂါဝေဒနာများသည်လည်း ယူပစ်လိုက်သလို . . .

လုံးဝ နားမလည်ခဲ့ပါ . . .

သေချာတာက မျက်နှာစိမ်းတစ်ဦး ဖြစ်သည်မို့ သူမကို မည်သူ့ မှု သိလိမ့်မည်မဟုတ်။ ထို့အတူ သူမကလည်း မည်သူ့ကိုမှု သိလိမ့် မည်မဟုတ်။

သို့သော် တစ်ခုကိုတော့ သူ သိလိုက်ပါသည်။

အဲဒါက . . .

သူမသည် အနီရောင် လက်သည်းဆေးကို ဆိုးထားပါ၏။

ᨏ ᨏ ᨏ



သိမှုဟူသည် ပတ်ဝန်းကျင်မှ လှုံ့ဆော်သော အသွင်အာရုံ (Sensory Input) တို့ကို အဓိပ္ပာယ်ဖွင့်ဆို၍ အမှတ်အသားပြု ကာ မှတ်ဉာဏ်တွင်းသို့ သိုမှီးထား၏။ နောင်အခါတွင် အခြေ အနေ တောင်းဆိုလာသည့်အခါ ထုတ်ဖော်သုံးစွဲရန် ဖြစ်သည်။ အာရုံရုပ် ဖြစ်ပေါ်ခြင်း (Imagery)၊ ပြဿနာ ဖြေရှင်းခြင်း၊ မှတ်မိခြင်းနှင့် စဉ်းစားခြင်းတို့ကား သိမှု၏ အရေးပါသော အစိတ်အပိုင်းများပင် ဖြစ်ပေ၏။

သိမှုလေ့လာနည်းက ကွန်ပျူတာနှင့်တူသည်။ တစ်နည်းဆိုရ သော် ဝင်လာသော လှုံ့ဆော်မှုတို့ကို သတင်းအချက်အလက် အဖြစ် မှတ်ယူကာ ရွေးချယ်ခြင်း၊ နှိုင်းယှဉ်ခြင်း၊ ဆက်စပ် ရှာဖွေခြင်းတို့ ပြုလုပ်ရ၏။ မှတ်ဉာဏ်တွင်းရှိပြီး အခြားသတင်း အချက်အလက်တို့နှင့် ရောယှက်ပေါင်းစပ်ခြင်း ပြုပြင်ပြောင်း လဲခြင်း၊ အစီအစဉ် ပြန်လည်ရေးဆွဲခြင်းတို့ကို ပြုလုပ်ကာ နောက်ဆုံးတွင်မှ သက်ဆိုင်ရာ တုံ့ပြန်မှုကို ထုတ်ပြန်ပေးခြင်း သည် သိမှုဆိုင်ရာ လေ့လာနည်း၏ သဘောသဘာဝပင် ဖြစ် တော့၏။

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

# XIII

သုသာန်ကိုရောက်တော့ သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေသည်။ နောက်ကျနေပြီ ထင်ပြီး အပြေးအလွှားလာခဲ့ရာ လာရကျိုးနပ်သည် ဆိုရပါမည်။ ဆုတောင်းစာ၏ နောက်ဆုံးအပိုဒ်ကို မှီ၏။ သို့သော် အမေ မဖြေအား . . .

ဈာပနအား အစအဆုံး ကြည့်ခွင့်မရသည်မို့ ရင်ထဲမှဆန္ဒကို ဖြည့်ဆည်းရန် အလို့ငှာ ခေါင်းတလားအနီး တိုးကပ်သွားလိုက်သည်။ ယနေ့တော့ သေဆုံးသူက လူ့ဘဝကို သက်တမ်းစေ့နေသွားသော အဘွားအိုပါ။

ပြင်ဆင်ခြယ်သထားပေမဲ့ အိတွဲကျနေသော ပါးရည်တွန့်တွေက မီးစာကုန်သည်ထိ ထွန်းလင်းခဲ့သော မီးအိမ်တစ်လုံးဖြစ်ကြောင်း သက်သေခံနေသည်။ အတန်ကြာအောင် ရပ်ကြည့်နေလိုက်တော့ ရင်ထဲက အာသီသတွေ ထိုက်သင့်သလောက် ပြေသွား၏။ မြေချပြီးလျှင်တော့ ယနေ့အဖို့ နေထိုင်ကောင်းလောက်ပါပြီ။



ထို့ကြောင့် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ရန် စိတ်ကူးပြီး ကိုယ်ကိုလှည့်တော့ . . .

"ဟင် . . ."

ခံစားမှု၊ မနေ့ကအတိုင်း ပုံတူကူးထားသည့် ခံစားမှုတစ်ခုက သူ့ကိုယ်တွင်းသို့ ကူးစက်မြန် ဗိုင်းရပ်တစ်ခုကို ဝင်ရောက်လာသည်။ လက်ညှိုးနှင့် လက်ခလယ်မှာ အကြောအားနည်းသူတစ်ယောက်လို ရုတ်ခြည်း ပူးကပ်သွား၏။ ခန္ဓာကိုယ်တစ်ခုလုံးမှာ မော်အတိုက်ခံလိုက်ရသလို နေးကွေးလေးလံကျသွားသည်။

ချက်ချင်းပဲ သိလိုက်ပြီ။

ရောက်နေပါပြီ။ ထူးဆန်းသော မိန်းကလေး ယနေ့လည်း သုသာန်တွင်းကို ရောက်နေပြီ။ ဘယ်မှာလဲ . . .

ချက်ချင်းပဲ မျက်လုံးကစားကာ ရှာဖွေတော့ . . .

သူ့ရဲ့နောက်ဖက် သုံးယောက်မြောက် ညာအစွန်းမှာ၊ ယနေ့လည်း အနက်ရောင်ဝတ်စုံကိုပင် ဝတ်ဆင်ထား၏။ သူ့ ကြည့်နေကြောင်း သတိထားမိပုံ မပေါ်။ ခြေစုံကိုရပ်ပြီး အဘွားအိုဆီကိုသာ သူမ မမှိတ်မသုန် စိုက်ကြည့်နေသည်။

သူမနှင့်အတူ သူ့အကြည့်တွေလည်း ခေါင်းတလားတွင်း နောက်တစ်ကြိမ် ရောက်သွားတော့ . . .

"ဟော . . ."

ဒီတော့မှ ကိုယ့်ပေါ့လျော့မှုကို မျက်ဝါးထင်ထင် မြင်ရသည်။ အဘွားအို၏ ခြေထောက်တစ်နေရာ၌ ဖွဖွရရ တင်ထားသည့် နှင်းဆီနီလေး တစ်ပွင့်ပါလား။

ထိုခဏမှာပင် . . . ဆုတောင်းစာ ပြီးဆုံးသွားရာ ထုံးစံအတိုင်း ခေါင်းတလားအနီး ရှုပ်ထွေးသွားပါသည်။ သူမအနီး သွားမည်ပြုတော့ ရင်တွင်းမှ ဆာလောင်မှုက နောက်ကျောအား ဆောင့်ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပေ၏။ လိုအပ်သော အတိုင်းအတာတစ်ခုရောက်အောင် ရင်မှာ ဆန္ဒမပြည့်သေး။ အသုဘအား ဆုံးအောင် ပို့ရဦးမည်လေ။

အချိန်ကျတော့ သုဘရာဇာနှင့် အပေါင်းပါတစ်စုက ခေါင်းတလားကို ကြိုးဆိုင်းပြီး ကျင်းထဲချသည်။ ကျင်းနှင့် အခေါင်းထိပြီးသည့် နောက်မှာ ရင်တွင်းမှ ဆာလောင်မွတ်သိပ်မှုများ ပျောက်ကွယ်သွားသည့်ခဏ။

သူမကို လှည့်ကြည့်တော့ . . .

"ဟာ . . ."

ရှိမနေတော့ပါ။ ကောင်းထက် ခေါင်းနားပမ်းကြီးသွားသည်။ အပြင်ကို ပြေးထွက်စဉ် သုသာန်ဝတစ်နေရာမှာ သူမ၏ကျောပြင်ကို မြင်ရ၏။ ချက်ချင်းပဲ ပြေးလိုက်ရာ သူ့ခြေသံကို ကြားသည်ထင်သည် ခြေကို သွက်သွက်လှမ်းကာ ကားတံခါးအား ဆွဲဖွင့်ရန်ပြင်တော့ . . .

"ဟေ့ . . . ဒီမှာ"

တားမြစ်သံကြောင့် သူမ လှုပ်ရှားမှုတို့ တီခနဲ ရပ်သွားသည်။ သို့သော် နောက်သို့ လှည့်ကြည့်မလာ။ ခေါ်တုန်းကခေါ်ပြီး ရပ်သွားစဉ် သူလည်း ဘာဆက်ပြောရမှန်းမသိ။

ကြောင်တောင်တောင် ဖြစ်နေစဉ်မှာပဲ သူမက ထိုအခွင့်အရေးကို အခွင့်ကောင်းယူကာ ကားပေါ်တက်၍ မောင်းထွက်သွားပါသည်။

ယနေ့လည်း ပဟေဠိပေါင်းများစွာဖြင့် ကျန်နေခဲ့သူမှာ သူတစ်ဦးသာ . . .

※ ※ ※

# XIV

တတိယနေ့မှာတော့ အသုဘပို့ခြင်းထက် ပိုမိုပြင်းထန်သော စိတ်တစ်ခုဖြင့် သုသာန်သို့ စောစီးစွာ ရောက်နေခဲ့သည်။ ထူးဆန်းသော မိန်းကလေးကို တွေ့ချင်နေတာပါ။ အဖြေက ရှင်းပါသည်။ ကိုယ်ကိုယ်တိုင် အဖြေရှာမရနိုင်သည့် ဖြစ်ရပ်တစ်ခုကို သူမများ သိနေမည်လား။

အသုဘ လိုက်ပို့မည့်သူများ သုသာန်တွင်း တဖွဲဖွဲရောက်လာတာ၊ သုဘရာဇာက ခေါင်းတလားအား 'နှုတ်ဆက်' ခန်းမတွင်း တွန်းထုတ်လာတာ၊ သေသူကိုကြည့်ပြီး ငိုယိုမြည်တမ်းကြတာ၊ ပြီးတော့ . . သင်္ဂြိုဟ်မည့်နေရာသို့ သေသူ၏ ရုပ်အလောင်းကို ယူဆောင်သွားတာ၊ မြေမြှုပ်ခါနီး ဆုတောင်းစာရွတ်ဖတ်တာ စသည်တို့အား ကောင်းထက် အစအဆုံး မြင်နေရ၏။

သို့သော် . . . မျှော်နေသူကို မတွေ့ရ။ နောက်ပဲ ကျတာလား။ ဒါမှမဟုတ် ဒီနေ့ အသုဘရှိတာကို မသိလို့လား။ ဒုတိယတစ်ခုတော့ မဖြစ်နိုင်တာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ . . . ဆုတောင်းစာ ပြီးဆုံးခါနီးထိ ရောက်မလာသည့် အခါမှာ ကောင်းထက် နေလို့ထိုင်လို့ မရတော့ပြီ။ တစ်ဆက်တည်း ဆို သလိုပင် ခေါင်းတွင်းသို့ အတွေးတစ်ခုလည်း ဝင်ရောက်လာသည်။ သူမ ရောက်ရှိနေပြီး သူက မတွေ့တာဆိုလျှင်ရော . . .

"အင်း . . ."

အစအဆုံးတော့ ထိုင်ကြည့်ခဲ့၏။

တကယ်သာ ရောက်နေခဲ့လျှင် လွန်ခဲ့သောနှစ်ရက်ကအတိုင်း သူ့ကို အချိန်တစ်ခု လာဟပ်ရပေမည်။ ကိုယ်တိုင် နားမလည်နိုင်သည့် ဝေဒနာတစ်ခုကို ခံစားရမည်။

အဲဒါကို မခံစားရ။ သို့ပေမဲ့ . . . ထိုအချိန်က လိုအပ်သော အကွာအဝေးတွင်းမှာ ရှိဖို့ လိုသေးသည်။ ဆုတောင်းစာက ပြီးတော့မည်။ သူမှာ အချိန်မရှိတော့ . . .

ဖြစ်နိုင်လို ဖြစ်နိုင်ငြား ရှာဖွေရပါတော့မည်။

ပထမ မျက်လုံးဖြင့် အရင်ဆုံး ရှာဖွေသည်။ မတွေ့တော့ လူ အုပ်တွင်း တိုးဝင်ရှာသည်။

"သူ နင်းဆီကို သဘောကျမှန်း ဘယ်လိုလုပ် သိတာလဲရှင်"

ရှေ့ဆီမှ အမှတ်မထင် ကြားလိုက်ရသော စကားသံတစ်ခု၊ ကောင်းထက် ဆတ်ခနဲ ခေါင်းမော့သွားသည်။ အမေဖြစ်ဟန်တူသူ မိန်းမ ကြီးက သုဘရာဇာအား လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ကောင်းထက် ခေါင်းတလားဆီ အကြည့်ရောက်မိတော့ တက္ကသိုလ်ကျောင်းသူအရွယ် မိန်းကလေးတစ်ဦး အဖြူရောင်ဂါဝန်လေးဖြင့် အတွင်းမှာ လဲလျောင်းနေ သည်။

လက်ထဲမှာ နီရဲသော နှင်းဆီတစ်ပွင့်ကို ကိုင်ထား၏။ နှင်းဆီ ကိုမြင်တော့ ကောင်းထက် 'ဒိန်း'ခနဲ တစ်ချက်ဖြစ်သွားသည်။ သုဘရာဇာ က ကြောင်အမ်းအမ်းဖြင့် . . .



"ဒီလိုပါပဲ . . . သူ သဘောကျလိမ့်မယ် ထင်လို့ပါ"

သုဘရာဇာဆီ လှမ်းကြည့်တော့ နားမလည်နိုင်သော မျက်နှာ [illegible] နင်းဆီပွင့်အား မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။ ထိုစဉ်မှာ [illegible] . . .

"ဒေါက် . . . ရှူး"

ကားစက်နှိုးသံတစ်ခုကို ခပ်သဲ့သဲ့ ကြားလိုက်ရ၏။

"ဟင် . . ."

ချက်ချင်းပဲ လူအုပ်တွင်းမှ ထွက်ကာကြည့်တော့ . . .

သုသာန်ဝမှ မောင်းထွက်သွားသော ကားမည်းလေးတစ်စင်း အား ရိပ်ခနဲ မြင်လိုက်ရ၏။ ယနေ့တော့ ဖြစ်ချင်ရာ ဖြစ်ချေတော့။ ကောင်း ထက်အား ကုန်သုတ်ရပါတော့၏။

သူ သုသာန်ဝရောက်တော့ ကားလေးက ဂငယ်ကွေ့ကာ အောက် သို့ လျှောဆင်းသွားသည်။ လမ်းမှန်အတိုင်းမလိုက်ဘဲ တောထဲမှ ဖြတ် လိုက်၏။ သစ်ပင်များကို ကွေ့သည်။ ပတ်သည်။ ဆူးချုံများကို ကျော် သည်။

လမ်းပေါ်ခြေချတော့ ကားလေးက နောက်တစ်ကွေ့ ထပ်ကွေ့ ကာ အောက်တစ်လမ်း ပတ်ဆင်းနေပြီ။ ဒီတစ်ကြိမ်တော့ မြန်နိုင်သမျှ မြန်မြန်ပြေးရပါသည်။

လမ်းပေါ်ရောက်သွားစဉ်မှာပဲ . . .

"ကျွီ . . ."

အလန့်တကြား ဘရိတ်နင်းသံနှင့်အတူ ကားမှာ သူရှေ့တည့် တည့်တွင် ရပ်သွား၏။ အလျင်စလိုပင် မောင်းသူဘက်ခြမ်းကို သွား ကာ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

'ဝုန်း' ခနဲ တံခါးပွင့်ပွင့်ချင်း သူ့ရင်သို့ လာရိုက်သော အရှိန် တစ်ခု၊ မောင်းထွက်ပြေးမည်စိုးသောကြောင့်ကား စတီရင်ယာကို လှမ်း ထိုင်လိုက်စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

လက်ချင်း ထိမိသွားစဉ်ခဏ . . .

သုံးရက်တိတိ ခံစားလာသော ဝေဒနာတစ်ခုမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်သွား၏။

ကောင်းထက် အကျီလက်မောင်းအား ဆွဲလှန်ကာ . . .

"ငါ့ကိုယုံပါ။ မင်းကို ဒုက္ခပေးမယ့်သူ မဟုတ်ပါဘူး"

လက်မောင်းတစ်လျှောက်မှာကား မြင်မကောင်းအောင် ရှိနေသော ဓားဒဏ်ရာနှင့် အမာရွတ်တွေပြည့်လို့။

* * *



# XV

"တကယ်ပဲလား . . . သမီးရယ်။ ဒေါ်သိန်းဖြင့် ယုံတောင် ယုံနိုင်ဘူး"

"တကယ် . . . ဒေါ်သိန်း၊ သမီး အဲဒီလူနဲ့ တကယ်ကို တွေ့ခဲ့တာ"

"ဒါဆို လောကကြီးထဲမှာ သမီးအပြင် နောက်တစ်ယောက် ထပ်ရှိနေသေးတယ်ပေါ့"

"ဟုတ်တယ် . . . အသုဘမပို့ရ မနေနိုင်တဲ့ လူတစ်ယောက် လောကကြီးထဲမှာ ထပ်ရှိနေသေးတယ်"

မှင်သက်အံ့ဩနေရာမှ ဒေါ်သိန်းရဲ့ ပါးစုံမို့မို့ကြီး ဖောင်းအစ်လာပြီး . . .

"ဝမ်းသာလိုက်တာကွယ် . . . သမီးစကား နားထောင်ပြီး ဒေါ်သိန်းဖြင့် ဘယ်လိုဝမ်းသာသွားမှန်းတောင် မသိဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းသာတာပေါ့ကွယ်။ ဒီရောဂါဆိုးကြီးက ငါ့သမီးလေးမှာပဲ ရှိတယ်ဆိုပြီး ဒေါ်သိန်း ဝမ်းနည်းနေရတာ။ အခု နောက်တစ်ယောက်မှာလည်း ရှိသေးတယ်ဆိုတော့ ဘာပဲပြောပြော စိတ်သက်သာတာပေါ့"

နှစ်လိုဖွယ် သူမ ပြုံးဖြစ်သည်။ ဒေါ်သိန်းလိုပါပင် သူမသည်လည်း ဤရောဂါဆိုးကြီးနှင့် ပတ်သက်ပြီး နေ့စဉ်ရက်ဆက် စိတ်ဆင်းရဲနေရတာပါ။ အခု 'ငါ တစ်ယောက်တည်း မဟုတ်ပါလား'ဟူသော အသိက မွန်းကြပ်သောစိတ်ကို နွေနေပူတွင် သောက်လိုက်ရသော ရေတစ်ပေါက်ကဲ့သို့ပင် ဖြေသာစေခဲ့သည်။

"အဲတော့ ဆက်ပါဦး . . . ။ သူက သမီးကားကို တားပြီး ဘာလုပ်လဲ"

"သမီးကို ဘယ်ကလဲဆိုပြီး မေးတယ်"

"ဒီမြို့ကပဲလို့ ပြန်မဖြေလိုက်ဘူးလား"

"ဖြေတာပေါ့ . . . ဖြေတော့ သူက မယုံဘူးတဲ့။ ဒီမြို့မှာ အရင်က မတွေ့ဖူးဘူးလို့ ပြောတယ်။ ပြီးတော့ သုံးရက်လုံးလုံး သမီး အသုဘလာပို့တာကို သူ သိတယ်တဲ့"

"ဟုတ်လား . . . အဲတော့ သမီးက ဘာပြောလိုက်လဲ"

"သူပြောတာ အကုန်မှန်နေတော့ ဘာမှ မပြောနိုင်ဘူးလေ။ နောက်ပြီး သူ့ကို သမီးက တအားကြောက်နေတာ၊ သမီးကြောက်နေတာကို သိတော့ အန္တရာယ်မပြုပါဘူးတဲ့။ သမီးနဲ့ စကားနည်းနည်းလောက် ပြောချင်လို့ပါတဲ့"

"အင်း . . ."

"သမီးက မေမေမနိုးခင် အချိန်မီ ပြန်ရမှာဆိုတော့ ငြင်းတယ်လေ။ သမီးလည်း ငြင်းရော အိမ်ထိ လိုက်ခဲ့မယ်ဆိုပြီး ကားပေါ်တက်မယ် လုပ်တော့တာပဲ"



"ဟောတော့ . . ."

ဒေါ်သိန်း ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။

နောက်ဆုံး သမီးလည်း မနည်းတောင်းပန်ပြီး အိမ်ထိတော့ မလိုက်ခဲ့ပါနဲ့။ ကျွန်မကို ဆက်သွယ်လို့ရမယ့် လိပ်စာ ယူထားပါဆိုပြီး ဖုန်းနံပါတ်နဲ့ လိပ်စာ ပေးခဲ့ရတယ်"

"ဟယ် . . . ဟုတ်လား၊ အဲလိုဆို ဒီညများ ဖုန်းဆက်မလား မသိဘူး"

နှစ်ဦးသား အနီရောင်စားပွဲခင်းထက်မှ ဖုန်းလေးဆီ အကြည့်ရောက်မိသည်။ ယခုတော့ ဖုန်းလေးမှာ ငြိမ်ရှုပ်လျက်ပင် ရှိနေပါ၏။

"ဆက်လည်း ဆက်ပေါ့ . . . ဒေါ်သိန်းရယ်။ မပေးလို့မှ မရတော့တာ"

လေသံတိုးတိုးနှင့်ဆိုတော့ ဒေါ်သိန်းမှာ မထင်ရလောက်အောင် သက်လက်သွားပြီး . . .

"သူက ဘယ်လိုပုံစံမျိုးလေးလဲ သမီး။ ချောလား . . . နာမည် ဘယ်လိုခေါ်လဲ။ ဒေါ်သိန်းတောင် တွေ့ချင်လာပြီ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သမီးနဲ့ ရှားရှားပါးပါး ရောဂါ လာတူနေလို့လေ"

လရောင် နှုတ်ခမ်းကို ကိုက်ကာ စဉ်းစားရင်း . . .

"နာမည်တော့ မမေးမိလိုက်ဘူး။ လူငယ်ပါပဲ . . . ။ ဆံပင်က တုပ်ပိုးလောက်ထိ ရှည်တယ်။ အသားဖြူဖြူနဲ့ . . ."

"ဟုတ်လား . . . လက်မောင်းက ဒဏ်ရာတွေကရော"

"တော်တော်များတယ် . . ."

"မောင်မင်းကြီးသားလေး ကျန်းမာချမ်းသာပါစေတော်။ ငါ့သမီးလေးရောဂါကို ပျောက်ကင်းစေနိုင်တဲ့ ဆေးကောင်းဝါးကောင်းတွေ သူ့မှာ ရှိပါစေ"



www.burmeseclassic.com

www.burmeseclassic.com

ထိုဆိုကိုတော့ ဒေါ်သိန်းနှင့်အတူ သူမ လိုက်မတောင်းဖြစ်လိုက်။ မမျှော်လင့်ရဲ့ဘူးလေ။ ဒီလောက်ထိ သူမ ကံကြမ္မာ ကောင်းလာနိုင်ပါ့မလား။

"ကဲ . . . အဲလိုဆို ငါ့သမီးလေး နားလိုက်ဦး။ ဒေါ်သိန်းသမီးအတွက် ကော်ဖီ ဆင်းဖျော်လိုက်ဦးမယ်"

"ဟုတ် . . ."

ဒေါ်သိန်း၏ ခန္ဓာကိုယ် ဝဖိုင့်ဖိုင့်ကြီးမှာ ပိုးတီကောင်ကဲ့သို့ တစ်လိမ့်ချင်းလိမ့်ကာ ဆင်းသွားသည်။ တစ်ဦးတည်း ကျန်တော့မှ ပြတင်းတံခါးဆီသွားကာ အပြင်ကို ငေးမိ၏။ အောက်ဖက်အရပ်ဆီမှ အလှစိုက်ပန်းပင်ငယ်များ၊ သစ်ပင်ကြီးငယ်များ၊ အနိမ့်ပိုင်းအရပ်ဆီမှ လူနေအိမ်ခြေအချို့ကို မြင်ရသည်။

အနုပညာသည် သူတို့အတွက် အနုပညာမြောက်သော ပန်းချီကားတစ်ချပ် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူမအတွက်တော့ မြင်မြင်သမျှက အုံ့ပျငြီးငွေ့ဖွယ်။ ဒါပေမဲ့ . . . ယနေ့ကြည့်ရသော မြင်ကွင်းက တစ်မျိုးတစ်မည်သော ခံစားသူတစ်ခုကို ပေးစွမ်းနေသည်။

သူ့နာမည် ဘယ်လို ခေါ်ပါသနည်း။

တကယ်ပဲ သူမလို ရောဂါဝေဒနာ ခံစားနေရသူလား။

ပြီးတော့ . . . ဘာအကြောင်းတွေများများ သူမကို ပြောချင်တာနည်း။ လိပ်စာနှင့် ဖုန်းနံပါတ်ပေးမိခဲ့တာကရော မှားသလော။ မှန်သလား။ အတွေးများ လွန့်လူးပြေးလွှားနေစဉ်မှာပဲ . . .

"ကလင် . . . ကလင် . . . ကလင်"

"ဟင် . . ."

သူမ ခန္ဓာကိုယ်ဆတ်ခနဲ တုန်သွားသည်။

"ကလင် . . . ကလင်"

ဖုန်းကိုကြည့်ပြီး ကြက်သေ သေသွား၏။ ဖုန်းသံကြောင့် အလျင်စလို ပြေးတက်လာသည့် ဒေါ်သိန်းမှာလည်း သူမပုံစံကို ကြည့်ပြီး လှေကားထိပ်တွင် ရပ်သွားသည်။

မည်သူ ဆက်တာနည်း။

သွားကိုင်ရမလား၊ မကိုင်ရဘူးလား။

"သမီး . . . ကိုင်လိုက်လေ"

ဒေါ်သိန်းရဲ့ တိုက်တွန်းစကားကြားမှ သတိဝင်ကာ ဖုန်းရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်မိပါသည်။

စားပွဲနှင့်နီးလေ ဖုန်းသံက ပိုကျယ်လာလေဖြစ်၍ . . .

"ဟဲလို"

ဖုန်းကို ကောက်ယူကာ ထူးလိုက်တော့ . . .

"လရောင်ချယ် . . . လရောင်ချယ်လား မသိဘူးခင်ဗျ"

စိမ်းသက်သက် ယောကျ်ားလေးသံ။ မေ့မေ့ဆီလာနေကျ ကြားဖူးနေသော ယောကျ်ားသံမဟုတ်။ သေချာပါသည်။ သူပါ . . .

"လရောင်ချယ် . . . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် . . . ကျွန်မ လရောင်ချယ်ပါ"

ဒေါ်သိန်းက အနားပြေးလာပြီး ဘယ်သူလဲဟူသည့် သဘောမေးဆတ်ပြသည်။ ဖုန်းခွက်ကို လက်ဖြင့်အုပ်ပြီး 'သူ' ဟု တိုးတိုးဆိုလိုက်တော့ ဖုန်းထဲမှ . . .

"ဟာ . . . တကယ်ကြီးပေါ့။ တကယ်ပဲ လရောင်ချယ် ကျွန်တော့်ကို လိပ်စာမှန် ပေးခဲ့တာပေါ့"

ဝမ်းသာလှိုက်လှဲသော စကားသံများကို ကြားရပြီး . . .

"ကျေးဇူးတင်လိုက်တာဗျာ . . . ကျွန်တော်က လိပ်စာအမှားပေးခဲ့တယ်လို့ပဲ ထင်ထားတာ။ ဟဲလို . . . ဟဲလို . . ."

www.burmeseclassic.com

www.burmeseclassic.com

သူမဘက်မှ ငြိမ်နေ၍ ထင်သည်။ လေ့လာမှုဆန်သော စကားနှစ်ခွန်းက အဆုံးပိုင်းမှာ ကပ်ပါလာသည်။ ထို့ကြောင့် . . .

"ဟုတ်ကဲ့ . . . ကျွန်မ နားထောင်နေပါတယ်"

"ဟို . . . ပြောလို့ အဆင်ပြေရဲ့လား မသိဘူးနော်"

"ပြေပါတယ် . . . ပြောပါ . . . ရပါတယ်"

ပြောဆိုမှု တစ်ဖက်က အသံတိတ်သွားသည်။ အချိန်တစ်ခု ကြာအောင် ဆက်သွယ်မှု မဲ့သွားပြီးကာမှ . . .

"ဒါဆို ကျွန်တော်တို့နှစ်ယောက်က အတူတူပေါ့နော်"

"ရှင်"

"ကျွန်တော်တို့နှစ်ယောက်က အတူတူပဲမလား ဟင်"

"ဘာကို ပြောတာလဲ မသိဘူး"

"ဟို အသုဘလိုက်ပို့တဲ့ ကိစ္စကို ပြောတာပါ"

အနည်းငယ်လေး မျက်မှောင်ကုတ်မိရင်း . . .

"ကျွန်မကို လေ့လာထားပြီးသားလို့ ထင်ထားတာ အဲလိုမဟုတ်ဘူးလား"

"ဟာ . . . ပေါက်တတ်ကရတွေဗျာ။ မလေ့လာရပါဘူး။ သုံးရက်ဆက်တိုက် သုသာန်ကို အသုဘ လာပို့တာရယ်။ ဒီမြို့မှာ မျက်နှာစိမ်း ဖြစ်နေတာရယ်ကြောင့်ပါ။ ဟုတ်တယ်မလား ဟင် . . . မလရောင်ချယ်၊ ကျွန်တော်တို့နှစ်ယောက်က အတူတူပဲမလား"

လရောင်သက်ပြင်းလေးလေးကို ချမိလိုက်ရင်း . . .

"တူတယ်လို့ ထင်ရတာပါပဲ"

"ဟာ . . . ဒါဆို ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးပေါ့။ အသုဘ မပို့ရမနေနိုင်တဲ့ စိတ်ရောဂါ ခံစားနေရတာ ကျွန်တော်



တစ်ယောက်တည်း မဟုတ်ဘူးပေါ့။ ပျော်လိုက်တာဗျာ။ ကျွန်တော် တစ်ယောက်တည်းပဲ ဒီရောဂါကြီး ခံစားနေရတယ်လို့ ထင်ထားတာ"

ပျော်ရွှင်အားတက်သံများ သဲသဲလှုပ် ထွက်လာပါ၏။

"မလရောင်ချယ်နဲ့ စကားတွေ အများကြီးပြောချင်တယ်ဗျာ။ ရမလား"

"အခု ပြောနေတာပဲလေ . . . မဟုတ်ဘူးလား"

"ဟာ . . . မဟုတ်ဘူး . . . အပြင်မှာ နှစ်ယောက်တည်းတွေ့ပြီး ပြောချင်တာ"

သူမဘက်မှ ငြိမ်နေတော့ တစ်စုံတစ်ရာကို စိုးရိမ်မိသွားသော ပုံစံဖြင့် . . .

"ဟိုဟာပါ . . . ကျွန်တော်တို့ ခံစားနေရတဲ့ ရောဂါနဲ့ပတ်သက်ပြီးတော့ပါ။ ဒီလိုလုပ်ပါလား . . . မနက်ဖြန် သုသာန်ကအပြန် တစ်နေရာမှာ တွေ့ကြမယ်လေ"

ဒေါ်သိန်းကို မော့ကြည့်တော့ လက်ခံလိုက်ဟုသည့်သဘော ခေါင်းညိတ်ပြသည်။ သူမ နှုတ်ခမ်းကို ကိုက်မိရင်း . . .

"အဲလိုဆိုရင်တော့ မမေအိပ်ရာထ နောက်ကျပါစေလို့ပဲ ဆုတောင်းရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

# XVI

"ဟေလာ" တောင်ကုန်း။

ဤမြို့၏ အထွတ်မြတ်ထားရာ တောင်ကုန်းလေးတစ်ခု ဖြစ်ပါသည်။ မြို့၏ အရှေ့ဘက်တွင် တည်ရှိပြီး နေမင်းရဲ့ အလင်းရောင်နဲ့ အတူ အစဉ်နိုးထလာလေ့ရှိသော တောင်ကုန်းလေးတစ်ခုဖြစ်၏။ တောင်ကုန်းထိပ်တွင် သူတို့လူမျိုးစု၏ အထိန်းအမှတ်ဖြစ်သော တံခွန်တိုင်များကို စိုက်ထူထားသည်။

တစ်ပတ်တစ်ခါ လာရောက် ဂါရဝပြုကြသည့်နေရာ ဖြစ်သော်လည်း ယခုလိုနေ့များတွင်တော့ ရှင်းလင်းတိတ်ငြိမ်လျက် နေပါသည်။ အစောင့်မရှိ။ သို့သော် စောင့်ရှောက်သူ ပေါသည်ဟု အယူရှိကြသည်။ ယခု ထိုတောင်ကုန်းလေးရဲ့ အောက်ခြေအနီးတစ်ဝိုက်တွင် ကားတစ်စီး ရပ်တန့်ကာ နေပါသည်။

ကားလေးရဲ့ မလှမ်းမကမ်းသစ်တုံးတစ်ခုပေါ်တွင် ရှင်းသန့်ကျော့ရှင်းသော မိန်းကလေးတစ်ဦး ထိုင်နေပြီး အနီးအနားမှာ အစဉ်သဖြင့်



လက်ရှည်အကျီသာ ဝတ်တတ်သော ယောကျ်ားလေးတစ်ဦး ရှိနေပါသည်။ သူတို့နှစ်ဦးသည် အမည်မဖော်နိုင်သော ဝေဒနာတစ်ခုကို အတူတကွ ခံစားနေရပြီး စကားတော့ မဆိုဖြစ်ကြသေး။

ထင်းရှူးနံ့သင်းသော လေတစ်သုတ် ဆွတ်ဖျန်းလာသည်။ ကောင်းထက် အားရပါးရ ရှိုက်သွင်းလိုက်သည်။ သို့သော် အရသာမရှိပါ။ လေက အဆုတ်တွင်းသို့ အပြည့်မရောက်ဘဲ ဇ.စ်ဝက်တစ်ပျက် ရပ်နေသလို၊ လရောင်ထံ လှမ်းကြည့်တော့ သစ်တုံးပေါ်ထိုင်ကာ လက်သည်းချင်း ပွတ်နေ၏။ ရှက်နေတာလား၊ မဝံ့မရဲဖြစ်နေတာလား မသိ။ နိဒါန်းပျိုးရမည်မှာ သူပင် သေချာနေသည့်မို့ ကောင်းထက် ရှေ့ကို တိုးရင်း စကားစလိုက်သည်။ အမှန်တော့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်တာပါ။

"ကျွန်တော့်နာမည် ကောင်းထက်လို့ ခေါ်ပါတယ်ဗျာ။ (× × ×) ဂျာနယ်မှာ ဘာသာပြန် ဆောင်းပါးနဲ့သတင်းတွေ ရေးပါတယ်။ ပန်းဆောက်ရပ်က ဝန်ထမ်းလိုင်းခန်းတစ်ခုမှာ နေပါတယ်"

ငုံ့ထားသော ဦးခေါင်းလေး အပေါ်မော့လာပြီး . . .

"ဟုတ်ကဲ့ . . . ကျွန်မအကြောင်းတော့ သိပြီးလောက်ပြီ ထင်ပါတယ်"

"နာမည်နဲ့ လိပ်စာကလွဲပြီး ကျွန်တော် မသိသေးပါဘူး"

"ပြောဖို့ လိုသေးလို့လား . . . ရှင်"

ကောင်းထက် နှုတ်ခမ်းတွန့်ကွေးရုံ ပြုံးကာ . . .

"မိတ်ဆွေတွေ ဖြစ်မယ်ဆိုရင်တော့ တစ်ယောက်အကြောင်းတစ်ယောက် သိထားတာ ပိုကောင်းတာပေါ့"

ကိုက်သွားသော နှုတ်ခမ်းလေးကို မြင်ရ၏။ ပြီးတော့ . . .

"ကျွန်မက ပန်းဝါမြို့ကနေ ပြောင်းလာတာပါ။ ရောက်တာမကြာသေးဘူး။ တစ်ပတ်လောက်ပဲ ရှိဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်း မြင်တွေ့ဖူးခြင်း မရှိတာပါလေ။ ထို့နောက်မှာ သူတို့နှစ်ဦးကြားတွင် ပြောစရာစကားတို့ မဲ့သွားသည်။ ထိုအခြေအနေကို ပြောင်းလဲဖို့ ကြိုးစားစဉ် သူမဘက်မှ . . .

"လရောင်ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမလို့လဲဟင်"

"ဩော် . . . ဒီလိုပါ။ ကျွန်တော်တို့ အတူတူခံစားနေရတဲ့ ရောဂါနဲ့ ပတ်သက်ပြီး လရောင် ဘာတွေ သိထားလဲ။ ရောဂါကို ပျောက်စေနိုင်လောက်တဲ့ နည်းလမ်းတွေ ဘာတွေများ ရှိလား။ အဲဒါကို သိချင်တာပါ"

"အယ် . . . လရောင်က အဲဒါ သူ့ကို မေးမလို့"

"ဗျာ . . . "

မျှော်လင့်မထားသော်လည်း မျှော်လင့်ချက် ရောင်စဉ်လေးတစ်ခုတော့ ပျောက်ကွယ်သွားသလို ခံစားရသည်။ သူမကို လှမ်းကြည့်တော့ အပြစ်ကင်းသော မျက်နှာနှင့် ပကတိဖြူစင်ကာနေသည်။

"လရောင် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲရှင်။ သိတတ်တဲ့အရွယ်ကစပြီး အိမ်ထဲက အိမ်ပြင်မထွက်ရတာ၊ နှစ်ရှည်လများလည်း ဒီရောဂါဆိုးကြီး ခံစားနေရတော့ ဖိစီးစိတ်နဲ့ စာအုပ်စာပေတွေလည်း မဖတ်ဖြစ်ဘူး၊ လေ့လည်း မလေ့လာဖြစ်ဘူး။ စိတ်ညစ်တာတစ်ခုပဲ လရောင် သိတယ်"

ဖြူစင်သော မျက်နှာမှာ အားငယ်ဝမ်းနည်းစိတ်နှင့် ပန်းရောင်သွေးရောသွားသည်။ ဘာကြောင့်မှန်းမသိ၊ ကောင်းထက်စိတ်၌ သနားသလိုလိုပင် ဖြစ်မိသွားရကာ . . .

"စိတ်မပျက်ပါနဲ့ဗျာ . . . အဲဒီကိစ္စကို ကျွန်တော် အခုစပြီး လေ့လာနေပါပြီ"

ဆံနွယ်လေးများ ဆတ်ခနဲ ဝဲလွင့်သွားပြီး . . .

"ဟယ် . . . ဟုတ်လား။ ပျောက်ဖို့နည်းလမ်း တွေ့ပြီလားဟင်"



ကောင်းထက် ခေါင်းကို ယမ်းရင်း . . .

"မတွေ့သေးဘူး . . . တစ်ချိန်ချိန်တော့ တွေ့မှာပေါ့ဗျာ။ အားမလျှော့ပါနဲ့။ တွေ့မယ့်အချိန်ထိ ကျွန်တော်တို့ တောင့်ခံထားနိုင်ဖို့ လိုတယ်လေ"

သက်ပြင်းချသံသဲ့သဲ့လေး ထွက်ပေါ်လာ၏။ ကောင်းထက် အံကိုကြိတ်ရင်း လရောင် ထိုင်နေရာဆီ ကြည့်မိသည်။ ပြီးတော့ . . .

"စိတ်မဆိုးရင် ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်တယ်ဗျာ"

"ပြောလေ . . ."

"လရောင်လက်ကို ကျွန်တော် ကိုင်ထားလို့ရမလား"

"ရှင် . . ."



www.burmeseclassic.com

www.burmeseclassic.com

# XVII

ရတယ် . . . မရဘူး။ အဖြေကို စောင့်မနေနိုင်တော့။ ဖြစ်ချင်ရာ ဖြစ်ချေတော့ လက်ကို လှမ်းကိုင်လိုက်သည်။ လက်ဝါးပြင်မှ နူးညံ့အိထွေးမှုနှင့် ရှန်းလိုက်သော အားတစ်ခုကိုပါ ခံစားရသည်။ ကိစ္စမရှိပါ။ သူက ဦးသွားခဲ့ပြီ မဟုတ်ပါလား။

ယခုမှ သူ့တစ်ကိုယ်လုံး ဖြစ်ပေါ်နေသော တောင့်တင်းမှုများ ပြေလျော့သွားသည်။ အကြောအားနည်းသလို ကပ်နေသော လက်များလည်း ပုံမှန်ပြန်ဖြစ်သွားပြီး အားအင်များ ပြန်လည်ပြည့်ဖြိုးလာသလို ခံစားရ၏။ လွတ်လပ်သော အသက်ရှူမှုတစ်ခုကို ကောင်းထက် အငမ်းမရ ရှူသွင်းလိုက်သည်။

"အခုမှ အသက်ရှူ ဝတော့တယ်ဗျာ။ ကျွန်တော် တစ်လျှောက်လုံး ဒုက္ခရောက်နေတာ"

"ရှင် . . ."

"ဟုတ်တယ် . . . ဘယ်လိုဖြစ်တယ် မသိဘူး။ လရောင်နဲ့ ကျွန်တော် စတွေ့တဲ့အချိန်ကစပြီး အခုချိန်ထိ သောနားမှာ လရောင်ရှိနေ



ရင် ကျွန်တော့်တစ်ကိုယ်လုံး ရေခဲရိုက်ခံရသလို တောင့်တင်းသွားတယ်။ အားအင်တွေ တစ်စုံတစ်ရာက စုပ်ယူသွားသလိုလည်း ခံစားရတယ်။ လက်ချောင်းတွေလည်း တစ်ခုနဲ့တစ်ခု ကပ်ကုန်တယ်။ လရောင်နဲ့ အသားချင်း ထိမိလိုက်ရင်တော့ အဲဒါတွေက ယူပစ်လိုက်သလို ပျောက်သွားတယ်ဗျာ။ အဲဒါကိုလည်း မနေ့ကမှ လရောင်နဲ့ ကျွန်တော် လက်ချင်း ထိမိတုန်း သိလိုက်တာ။ အခုလည်း တောက်လျှောက် အားတင်းပြီးနေခဲ့တာပါ။ ဘယ်လိုမှ မနေနိုင်တော့တာနဲ့"

"အဲဒါတွေ ရှင်လည်း ခံစားရတယ်လား"

"ဗျာ . . ."

လရောင်၏ တအံ့တသြစကားကြောင့် ကောင်းထက် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ဆိုလိုတာက . . .

"ကျွန်မလည်း အဲလိုပဲ ခံစားရတယ်"

"ဗျာ . . ."

နောက်တစ်ကြိမ် 'ဗျာ' မိတာက သူ။

"ရှင့်အတိုင်းပဲ ကျွန်မလည်း တစ်လျှောက်လုံး ခံစားနေရတာ အခုမှ . . ."

အဖြစ်အပျက်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် တိုက်ဆိုင်လွန်းနေသည်။ ကောင်းထက် မယုံကြည်နိုင်စွာဖြင့် . . .

"စတွေ့တဲ့ နေ့ကတည်းကလား"

"ဟုတ်မယ် ထင်တာပဲ"

"ဟုတ်တယ် . . . အဲဒီနေ့ကမှ သုသာန်ကို ပထမဆုံး စရောက်ဖူးတာမလား။ အနက်ရောင်ဂါဝန်ရှည် ဝတ်ထားတယ်လေ။ နှင်းဆီတစ်ပွင့်ကို အခေါင်းတံထည့်ပြီး ဘယ်သူမှ မကြည့်ဘဲ ပြန်သွားတာ"

"ရှင် အကုန်သိနေတာလား"

"သိတာပေါ့ . . . ဒီမြို့မှာ မင်းက မျက်နှာစိမ်းပဲဥစ္စာ။ ငါ့သားက ဖြတ်သွားကတည်းက မင်းကြောင့်ဆိုတာ သိလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတော့ ရှင့်ကို မတွေ့မိပါဘူး"

"ဟုတ်တယ် . . . မတွေ့ဘူး။ တွေ့တာက ဒုတိယနေ့မှ . . ."

စကားကိုရပ်ပြီး လရောင်ရဲ့ အခြေအနေကို အကဲခတ်လိုက်သည်။ ပြီးတော့ . . .

"ဘာလို့ ကားမောင်းထွက်သွားတာလဲ"

"အာ . . . ကြောက်တာပေါ့ရှင်။ ကိုယ်နဲ့ တစ်ခါမှမသိဘူးတဲ့ လူတစ်ယောက်က နောက်က အပြေးလိုက်ပြီး ခေါ်တာ။ ကျွန်မအကြောင်းများ သိသွားပြီလားဆိုပြီး ကြောက်တာပေါ့"

ပြောပုံနှင့် ဟန်ပန်လေးကို ကြည့်ပြီး ကောင်းထက် သဘောတကျ ရယ်မိသည်။ သူရယ်တော့ သူမလည်း လိုက်ရယ်သည်။ နှစ်ဦးလုံး ပေါ့ပါးသွားသလို ခံစားလိုက်ရ၏။

"တော်တော်တော့ တူသားနော်"

"အင်း . . . "

ဘာမှတော့မဆိုင်။ ဒါပေမဲ့ . . .

"အဲလိုဆို . . . လက်ကို ကိုင်ထားလိုက်တော့မယ်နော်"

မငံ့မရဲ ဖြစ်နေရာမှ တင်းတင်းရဲရဲ ဆုပ်ကိုင်၍ နံဘေးတွင် ဝင်ထိုင်သည်။သူမက နှုတ်ခမ်းကို ကိုင်ရင်း . . .

"မပြန်ခင် ထိပဲနော်"

"ကျွန်တော်လည်း အဲလောက်ပဲ မျှော်လင့်တာပါ"

နှစ်လိုစွာ ပြုံးလိုက်သည်ကို မြင်ရ၏။ ရင်ထဲမှာ အလင်းတစ်ပွင့် ပွင့်ဖူးသွားသည်။ အမှတ်တမဲ့ ကြည့်နေမိသော သူ့မျက်ဝန်းကို မသိယောင်ပြုပြီး အဝေးတစ်နေရာကို ငေးကာ . . .

"လရောင်တို့မှာမှ ဘာလို့ ဒီရောဂါဆိုးကြီး လာဖြစ်ရတယ် မသိဘူးနော်။ လရောင် တအားစိတ်ညစ်တာပဲ"

ဒီလိုဆိုတော့လည်း သိသလောက်၊ မှတ်သလောက် ပြောပြရပါသည်။



"ကျွန်တော် လေ့လာမိသလောက်ကတော့ သာမန်နဲ့ မတူတဲ့ ထူးခြားစိတ်အခြေအနေကို ဖြစ်ပေါ်စေနိုင်တဲ့ ဖြစ်စဉ်နှစ်မျိုးရှိတယ်တဲ့ဗျ။ အဲဒါက ဗီဇနဲ့ပတ်ဝန်းကျင်၊ ဗီဇဆိုတာ မိဘနှစ်ပါးထံကနေ သတ္တဝါတစ်ဦး ရရှိနိုင်တဲ့ မျိုးစေ့၊ ဗီဇ . . . ပတ်ဝန်းကျင်ဆိုတာကတော့ ဗီဇမျိုးအစကလွဲပြီး လူကို ပြုပြင်ဖန်တီးနိုင်တဲ့ အကြောင်းတရားအားလုံး၊ သတ္တဝါတွေနဲ့ ကြီးပွားတိုးတက်ခြင်း (သို့) ဆုတ်ယုတ်ကျဆင်းခြင်းဟာ အဲဒီ အကြောင်းတရား နှစ်ခုပေါ်မှာပဲ မူတည်တယ်။ အခု ကျွန်တော်တို့ ခံစားနေရတဲ့ စိတ်ရောဂါဟာလည်း ဆုတ်ယုတ်ခြင်းတစ်မျိုးပဲ။ အဲဒါ ဗီဇကြောင့်လား . . . ပတ်ဝန်းကျင်ကြောင့်လားဆိုတာ သိချင်လို့ သင်တန်းမှာ ဆရာကြီးကို ကျွန်တော် မေးဖူးတယ်။ ဆရာကြီး ပြန်ဖြေတာက ဗီဇကြောင့်ဖြစ်တာ ဟုတ်မဟုတ်သိချင်ရင် Generation ကို ကြည့်ပါတဲ့။ ကိုယ့်မိဘ၊ ဘိုးဘွား၊ မွေးချင်း၊ အသိုင်းအဝိုင်းထဲမှာ ဒါမျိုးဖြစ်ဖူးလား၊ ခပ်ဆင်ဆင်တူတာရော ရှိဖူးလား။ ရှိရင် အဲဒါသည် ဗီဇကြောင့် . . .၊ အဲလိုမှ မဟုတ်ဘူးဆိုရင်တော့ ပတ်ဝန်းကျင်ကြောင့်တဲ့။ ကျွန်တော့် Generation တစ်လျှောက်လုံးကို လေ့လာကြည့်ပြီးသွားပြီ။ သူတို့ဆီမှာ အခုလိုမျိုး ရောဂါ မရှိဘူး"

"ဒါဆို ပတ်ဝန်းကျင်ကြောင့်ပေါ့"

လရောင်က စိတ်ဝင်တစား နားထောင်နေရာမှ ကောက်ခနဲ ထမေးသည်။

"ဟုတ်တယ် . . . ပတ်ဝန်းကျင်ကြောင့်။ အဲဒါကြောင့်ပဲ ကျွန်တော် ဒုက္ခရောက်သွားတာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ငယ်ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သမျှ အရာအားလုံးကို ဘာတစ်ခုမှ ကျွန်တော် မမှတ်မိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် . . ."

"ဘယ်လိုပဲ စဉ်းစားစဉ်းစား ပေါ်မလာတော့တာ။ အခါခါ စဉ်းစားတယ်။ စဉ်းစားတိုင်းရတဲ့ အဖြေက ဗလာပဲ"

အံ့သြသွားပါသည်။ မယုံကြည်နိုင်သလို အကြည့်လေးများ ရောက်လာပြီး . . .

"ရှင့်ဟာက ဘယ်လိုကြီးလဲ။ ဟုတ်ရောဟုတ်ရဲ့လားရှင်"

"ဘယ်သူ့ကိုပြောပြော ကျွန်တော် လိမ်ပြောနေတယ်လို့ ထင်မှာ အသေအချာပဲ။ ဒါပေမဲ့ အဲဒါက အစစ်အမှန်ပါ။ ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်နေတဲ့အတွက် ကျွန်တော် လုံးဝ မလိမ်ပါဘူး"

အကဲခတ်ဟန် အကြည့်လေးများ ရောက်လာတော့ ရိုးသားမှုနဲ့သာ တုံ့ပြန်ဖြစ်သည်။ သူမက အားနာသလို အကြည့်ကိုလွှဲပြီး . . .

"အင်းပေါ့လေ . . . အခုတောင် ဘယ်လိုမှ မယုံနိုင်စရာ မရှိတဲ့ ရောဂါတွေ ရနေကြတာပဲ။ ဒါလည်း . . . မဖြစ်ဘူးလို့ မပြောနိုင်ပါဘူး။ ထားပါ . . ငယ်ဘဝက လောလောဆယ် ကျွန်မတို့အတွက် အရေးမကြီးပါဘူး။ တကယ်အရေးကြီးတာက ရောဂါပျောက်ကင်းနိုင်တဲ့ နည်းလမ်းကို ရှာတွေ့ဖို့ . . ."

ကောင်းထက် 'ဟက်ခနဲ' တစ်ချက်ရယ်မိရင်း . . .

"အဲဒါ နည်းလမ်းပဲ။ ရောဂါပျောက်ဖို့အတွက် ငယ်ဘဝက အဖြေပဲ"

"ရှင် . . ."

ဝိုင်းကျယ်သွားသော မျက်လုံးလေးကို မြင်ရ၏။

"ရေကြောင့်ဖြစ်တဲ့ ရွံ့ဟာ ရေနဲ့ဆေးမှ ပြောင်သလိုပေါ့။ စိတ်ကြောင့်ဖြစ်တဲ့ ရောဂါဟာလည်း စိတ်နဲ့ကုမှ ပျောက်တယ်။ ကျွန်တော် လေ့လာမိသလောက် အခုကိစ္စက မသိစိတ်နဲ့ အများကြီးဆိုင်တယ်။ ငယ်ဘဝလေးဘဝ၊ ဒါမှမဟုတ် ကျွန်တော်တို့ သတိမထားမိတဲ့ တစ်ချိန်ချိန်မှာ ပြင်ပပတ်ဝန်းကျင်က အပြင်းအထန် တွန်းပို့လိုက်တဲ့ အရာတစ်ခုက မသိစိတ်ထဲမှာ စွဲသွားလိမ့်မယ်။ အဲဒါက အချိန်တစ်ခုကြာပြီးတဲ့နောက် ရောဂါအဖြစ်ကို ဖန်တီးတော့တာပဲ။ အဲဒါကြောင့် ငယ်ဘဝကို သိဖို့လိုတယ်။ စိတ်ပညာသဘောအရ တွန်းပို့လိုက်တဲ့ မသိစိတ်ရဲ့ စတင်ရာကို တွေ့ရင် ရောဂါက အလိုလို ပျောက်ကင်းသွားလို့လေ"

"ဟယ် . . . တကယ် . . . အဲဒါဆိုရင် . . ."

"အထင်မကြီးပါနဲ့။ ကျွန်တော် မကုတတ်ပါဘူး။ လေ့လာထားတာကို ပြောပြတာပါ။ ဒါမျိုးရောဂါတွေက စိတ်ခွဲဆရာဝန်၊ ဒါမှမဟုတ် စိတ်ညှို့အိပ်မွေ့ချ ပညာရှင်တွေနဲ့ ကုမှရမှာ"

"ဩော် . . . စိတ်ပညာဆရာဝန်တွေနဲ့ ပြရမှာလား"

"ဟုတ်တယ်"

"အဲလိုဆို ဘာလို့ ကောင်းထက် မပြတာလဲဟင်"

"အဓိကအချက်ကတော့ အချိန်ပဲ။ စိတ်ရောဂါဆိုတာ အချိန်ယူပြီး ကုရတာမျိုး။ ကျွန်တော် လက်ရှိဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်နဲ့ စိတ်ခံစားမှုအရ အဆင်မပြေဘူး။ အဲဒါကြောင့် . . ."

"နားမလည်ဘူး"

"ဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပါ။ ရှေ့မှာ ကျွန်တော် မြို့တော်တော်များများကို ပြောင်းရွှေ့နေလာခဲ့တာ။ တစ်မြို့တည်းမှာ ကြာကြာ မနေဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို လူတွေ သိသွားကြမှာစိုးလို့"

မျက်ဆန်နက်လေး မော့ကြည့်လာတော့ . . .

"ဟုတ်တယ်လေ . . . သုသာန်ကို အမြဲလာလေ့ရှိတဲ့ လူတစ်ယောက်ကို တစ်ချိန်မဟုတ် တစ်ချိန်တော့ ရိပ်မိကြမှာပဲ။ အဲဒီအခါ ကျွန်

www.burmeseclassic.com

တော် ဘာဆိုတာ သူတို့ သိသွားလိမ့်မယ်။ ကျွန်တော့်အတွက်လည်း လှုပ်ရှားရ ဘောင်ကျဉ်းသွားလိမ့်မယ်။ အမှန်ကိုင်းပြောရရင် ဒီရောဂါကြီး ခံစားနေရတာကို ကျွန်တော် ရှက်တယ်"

အဝေးကို ငေးရင်း ပြောမိသော စကားတို့နောက်မှာ ရိုးသားမှုတွေ တည်ရှိနေကြောင်း သူမနှင့်တကွ လောကကို သက်သေခံချင်ပါသည်။ လောကဆိုတာ တစ်ခါတလေတော့ ညီမျှမှု မရှိကြောင်း သိစေချင်တာလည်း ပါတာပေါ့လေ။

"ဒါပေမဲ့ . . . လရောင်တို့ ဆိုရင်တော့ ဆရာဝန်နဲ့ကုဖို့ အဆင်ပြေပါတယ်"

လရောင်ထံမှာ 'ဟက်' ခနဲ ရယ်သံလေးကို ကြားရသည်။

"လရောင်ကရော ဘာထူးလို့လဲ။ တစ်နေရာပြီး တစ်နေရာ ပြောင်းနေရတာ ပဲ ဥစ္စာ"

"လရောင်လည်း ကျွန်တော့်လိုပဲလား"

ဒီတစ်ခါတော့ ခေါင်းကို ဖြည်းဖြည်းယမ်းသည်။

"လရောင်က မိစုံဖစုံ နေရတာ မဟုတ်ဘူး။ လရောင်ငယ်ငယ်တည်းက လူမှုရေးကိစ္စကြောင့် အကြီးအကျယ် စကားများပြီး အဖေနဲ့ အမေ ကွဲသွားတယ်။ အဖေက နိုင်ငံခြားထွက်သွားတယ်။ အမေကတော့ သူနှစ်သက်တဲ့ လူမှုရေး အရှုပ်အရှင်းတွေထဲမှာ ပျော်ပျော်ကြီး ကျန်နေခဲ့တယ်။ အခုလို တစ်နေရာပြီးတစ်နေရာ ပြောင်းနေရတာလည်း မေမေ့ကိစ္စတွေကြောင့်ပါ"

"ဩော် . . ."

ဒီလောက်နဲ့ပဲ နားလည်မိပါသည်။ သူများ အိမ်တွင်းရေးမို့ စေ့စေ့ပေါက်ပေါက်လည်း မမေးချင်။ ဒါပေမဲ့ . . .



"မေမေက လရောင်ကို လုံးဝဂရုမစိုက်ဘူး။ လရောင် အရေးကိစ္စလည်း စိတ်မဝင်စားဘူး။ သမီးတစ်ယောက်လို့တောင် သဘောထားရဲ့လား မသိပါဘူးရှင်"

ပြောရင်းနဲ့ အသံလေး တိမ်ဝင်သွား၏။

"လရောင်မှာ စိတ်နဲ့ပတ်သက်ပြီး ရောဂါတစ်ခုခု ခံစားနေရတယ်ဆိုတာတော့ သူ ရိပ်မိတယ်။ ဒါပေမဲ့ အဲဒါကို ခေါင်းထဲ မထည့်ဘူး။ သူ့ဟာသူ ပျော်သလိုနေတယ်။ ဒါပေမဲ့ လရောင်ကိုတော့ အိမ်ထဲက အိမ်ပြင်မထွက်ဖို့ အတင်းကြပ် ပိတ်ပင်ထားတယ်။"

"ဘာလို့လဲ"

"ပြင်ပ ပတ်ဝန်းကျင်က လရောင်ကို စိတ်ရောဂါဝေဒနာရှင်လို့ သိသွားမှာ သူ အရမ်းစိုးရိမ်တယ်လေ။ ရှက်လို့နေမှာပေါ့။ နောက်ပြီး သူ့ပျော်ရွှင်မှုတွေ လရောင်ကြောင့် ပျက်စီးသွားမှာကိုလည်း မလိုလားဘူး ထင်ပါတယ်"

"အင်း . . ."

သက်ပြင်းသာ ချမိတော့၏။ ကိုယ့်ထက်ပင် ဆိုးလို့နေပါသည်။

"လရောင် . . . အခုလို ထွက်လာတာကျတော့ရော"

"ဒီအချိန် သူ့အိပ်ရာ မထသေးဘူး။ မိုးလင်းမှ အပြင်က ပြန်လာတတ်တာဆိုတော့ အိပ်ကောင်းတုန်း ရှိဦးမှာပေါ့"

တော်သေးတာပေါ့ဟု စိတ်တွင်းမှ တွေးမိလိုက်သည်။ မဟုတ်ရင် အသုဘတောင် လိုက်ပို့ခွင့်ရမှာ မဟုတ်ဘူးလေ။

"လရောင်ဘဝက လှောင်အိမ်ထဲ ထည့်ပိတ်ခံထားရတဲ့ တိရစ္ဆာန်တစ်ကောင်လိုပဲ။ တစ်ခါတလေတော့လည်း ဖြစ်ချင်ရာဖြစ် အဝေးဆုံးကို ထွက်ပြေးလိုက်ချင်တယ်"

"အဲလိုတော့လည်း မလုပ်ပါနဲ့ဗျာ။ ရင်မဆိုင်ရဲလို့ ရှောင်ပြေးတာ အဖြေမဟုတ်ဘူးလေ။ သာမန်နဲ့ကွဲလွဲတဲ့ စိတ်အခြေအနေ ရှိနေလို့

www.burmeseclassic.com

လည်း ထူးထူးကဲကဲ ဝမ်းနည်းဖို့ မလိုပါဘူး။ 'ပုထုဇနော၊ ဥမ္မတ္တကော' တဲ့။ ပုထုဇဉ်မှန်သမျှဟာ အရူးကြီးပါပဲ။ နည်းနည်းရူးတာနဲ့ များများ ရူးတာပဲ ကွာတာပါ။ စိတ်ရောဂါဆိုတာ ကမ္ဘာနဲ့ တစ်ဝန်းဖြစ်ပျက်နေ ကြတဲ့ သာမန်ရောဂါတစ်ခုပါပဲ။ စစ်တမ်းအရ ကမ္ဘာ့လူဦးရေရဲ့ သန်း (၁၂၀) ခန့်ဟာ စိတ်ရောဂါတစ်ခုခုကို ခံစားနေရတယ်လို့ ဆိုထားတယ်။ ကျွန် တော်လည်း စိတ်ပညာကို လေ့လာနေတာပဲ။ တစ်ချိန်ချိန်တော့ ပျောက် ကင်းနိုင်မယ့် နည်းလမ်းကို တွေ့မှာပါ"

"ပျောက်ရော ပျောက်ပါဦးမလားရှင်"

"လောကသဘာဝအရ ဘယ်အရာမှ အကြာကြီး မရှိပါဘူး။ ကောင်းတာရော၊ ဆိုးတာရောက သူ့အချိန်နဲ့သူ တစ်လှည့်စီဖြစ်နေတာ ပါ။ မှန်တိုင်းလည်း အကြာကြီးမတိုက်နိုင်ပါဘူး။ အမှောင်လည်း အကြာ ကြီး မနေနိုင်ပါဘူး။ သူတို့ရဲ့ ဟိုဘက်မှာ သေချာပေါက် အလင်းရောင် ရှိနေပါတယ်။ ကိုယ်က အချိန်ပေးပြီး ကြည့်နိုင်ဖို့တော့ ပိုတာပေါ့"

ထို့နောက်မှာ သူတို့နှစ်ဦးကြား၌ ပြောစရာစကားတို့ အကြာ ကြီး မဲ့သွား၏။ တံခွန်တိုင်တို့ဆီမှ ဆည်းလည်းခတ်သံတွေကလည်း အားပေးသော တရားတစ်ပုဒ်လို သူတို့နားတွင် ရောက်လာသည်။

ကိုင်ထားသော လက်လေးနှစ်ဖက်မှာ အငွေ့ပြန်သလို ရှိန်းဖြ နွေးထွေးနေ၏။ နှစ်ဦးသား 'ဟေလာ'တောင်ကုန်းလေးရဲ့ အထက်ပိုင်း ဆီ ငေးမိသွားသည်။ အလင်းနှစ်သန်းပေါင်းများစွာတိုင် စိတ်နဲ့ဆေး ဆေး နေဦးမှာလားကွယ်။

နေရောင်က အနောက်ဘက်တောင်တန်းတွေဆီ မျက်စပစ်စ ပြုနေပါပြီ။ ထိုအခါမှ ပြန်ဖို့ သတိရပြီး သူမ ထရပ်တော့ . . .

"စိတ်မရှိရင် လရောင်ကို တစ်ခုလောက် မေးချင်တယ်"



"မေးလေ . . ."

"လရောင် အသုဘလိုက်ပို့တဲ့အခါ ဘာလို့ နှင်းဆီပန်းတစ်ပွင့် ကို ခေါင်းတလားထဲ ထည့်ပေးတာလဲဟင်"

ဝေဝါးသော သက်ပြင်းတစ်ခုနှင့်အတူ . . .

"လရောင်မသိဘူး . . . စိတ်က အလိုလို ထည့်ချင်လာလို့ ပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com

# XVIII

နောက်တစ်နေ့မှာလည်း ကောင်းထက် သုသာန်သို့ စောစီးစွာ ရောက်နေခဲ့ပါသည်။ မသိစိတ်၏ တောင်းဆိုမှုအရ အသုဘလိုက်ပို့ခြင်း ဖြစ်ပြီး သိစိတ်၏ တောင်းဆိုမှုအရတော့ လရောင်ချယ်ဟူသော မိန်းကလေးတစ်ဦးကို လာရောက်စောင့်စားနေခြင်း ဖြစ်၏။

သို့သော် အသုဘချပြီးသည်အထိ သူမမှာ ရောက်ရှိမလာခဲ့။ ထိုအခါ နောက်ထပ်စိတ်တစ်ခု ရင်တွင်းမှာ နေရာယူလာသည်။

"စိုးရိမ်စိတ်"

အသုဘရှိမှန်း သူမ သေချာပေါက်သိပါလိမ့်မည်။ သိလျှင် သွေးသားတို့၏ တောင်းဆိုမှုအရ သုသာန်သို့ မလာမဖြစ် လာရမည်။

အခက်ခဲတစ်ခုခု ရှိနေလို့လား။ ဒါမှမဟုတ် . . .

စိုးရိမ်စိတ်ကြောင့် သုသာန်မှ အပြန်တွင် မြို့နယ်ဆက်သွယ်ရေးရုံးသို့ ဝင်ခဲ့ရသည်။ ပြီးတော့ . . . ပထမအကြိမ် ခေါ်ဆိုဖူးသည့် ဖုန်းနံပါတ်လေးအား နောက်တစ်ကြိမ် . . .



"တူ" ဟူသော အော်သံရှည်ဆုံးတော့ ပထမဆုံး ကြားလိုက်သည်ကား . . ."

"ဟဲလို . . . "

လရောင်မဟုတ်သော အသံတစ်ခု။ ထို့ကြောင့် . . .

"လရောင်ချယ်နဲ့ စကားပြောချင်လို့ပါ ခင်ဗျာ။ လရောင်ချယ် ရှိလားမသိဘူး"

သူ့စကားသံကြောင့် တစ်ဖက်မှ စဉ်းစားသလို ငြိမ်သွားသည်။ ပြီးမှ သာမန်ထက်ပိုသော လေသံတိုးတိုးဖြင့် . . .

"ရှိတယ် . . . သား၊ ဒီနေ့ သူ့အမေ အစောကြီးနိုးနေလို့ လရောင် အပြင်ထွက်မရဘူး။ ဒါပဲနော် . . . သား"

ဖုန်းချသွား၏။

'ငွပ်' ခနဲ မြည်သံက သူ့အား မတင်မကျ ခံစားမှုတစ်ခုကို ဖြစ်သွားစေသည်။

ႏ ႏ ႏ



www.burmeseclassic.com

www.burmeseclassic.com

# XXI

လက်လေးကို လှမ်းယူတော့ အလိုက်သင့်ပါလာသည်။ အယို့အတွေ့ကြောင့် ရင်ခုန်သံနွေးနွေးကို ခံစားရ၏။ ယနေ့လည်း 'ဟေလာ' တောင်ကုန်းလေး၏ အောက်ခြေသို့ ရောက်ရှိနေတာပါ။

"မနေ့က ဘာလို့ မလာတာလဲဟင်"

"ကြီးမေ သူ့ကို ပြောလိုက်တယ် မဟုတ်ဘူးလား"

"ပြောတော့ ပြောတာပေါ့။ ဒါပေမဲ့ . . . ကာယကံရှင် ပြောတာလောက်တော့ အမှန်နဲ့ မနီးစပ်ဘူးလေ"

လရောင်က သက်ပြင်းတစ်ချက်ကို မသိမသာချရင်း . . .

"ကြီးမေ ပြောသလိုပါပဲ။ မေမေ အစောကြီးနိုးနေလို့ပါ"

"ဖုန်းဆက်လို့လည်း အဆင်မပြေဘူး တူတယ်နော်။ မနေ့က စိုးရိမ်ပြီး ဆက်လိုက်မိတာပါ။ ဘာရယ် မဟုတ်ပါဘူး"

"မေမေရှိနေတော့ ဖုန်းပြောလို့လည်း အဆင်မပြေဘူးလေ။ အဲဒါကြောင့်ပါ ဒါပေမဲ့ ညဘက်တွေတော့ ဆက်လို့ ရပါတယ်"

"ဩော် . . ."

အကဲခတ်သလိုကြည့်တော့ သူမ မျက်နှာက ပကတိဖြူစင်ကာ နေသည်။ အလိုလို ဖြစ်ပေါ်လာသော စိတ်တစ်ခုကြောင့် ဖျော့ဖျော့ ကိုင်ထားရာမှ လက်လေးကို တင်းတင်းဆုပ်ကိုင်လိုက်သည်။ ဖောင်းအိနေသော လက်ဝါးပြင်က သူ့အား ဘာမှန်းမသိသည့် အားမလို အားမရစိတ်ကို ဖြစ်စေပါသည်။

"လရောင် နေတော့ နေနိုင်သားနော်"

"ဘာကိုပြောတာလဲ . . . ဟင်"

"ဩော် . . . အသုဘမပို့ဘဲ နေနိုင်တာကို ပြောတာပါ။ ရှိတာတော့ သိတယ်မလား"

"သိတာပေါ့ . . . မနက်မိုးလင်းထဲက အသုဘ ရှိ၊မရှိ နည်းမျိုးစုံနဲ့ စုံစမ်းနေရတဲ့ဥစ္စာ။ နောက်ပြီး ဒီမြို့က နည်းနည်းထူးဆန်းတယ်နော်"

"ဘာဖြစ်လို့လဲ . . ."

"တခြားမြို့တွေဆို အသုဘရှိရင် သတင်းစာကနေ တစ်ရက်နှစ်ရက် ကြိုပြီးထည့်တယ်။ ဒီမှာက ချမယ့်နေ့ရောက်မှ သတင်းစာမှာပါတာ။ လရောင်တို့အတွက် အချိန်နည်းသွားသလိုပဲ။ နောက်ပြီး မနက်တိုင်း ကံစမ်းမဲဖောက်သလို စိတ်တထင့်ထင့်နဲ့ ဖြစ်နေရတယ်"

သူမစကားကြောင့် ကောင်းထက် သဘောကျစွာ ပြုံးရင်း . .

"ကျွန်တော်ကတော့ သုဘရာဇာကိုပဲ တိုက်ရိုက်ဖုန်းဆက်မေးလိုက်တယ်။ သူက အသေချာဆုံးလေ . . ."

"အဲ . . . ဟုတ်သားပဲ။ နောက်ဆို လရောင်လည်း အဲလိုလုပ်မှ . . ."

"လရောင်နဲ့ ကျွန်တော် ရောဂါဖြစ်ပုံချင်း တူပေမဲ့ ခံစားပုံချင်းတော့ မတူဘူး ထင်တယ်နော်။ ကျွန်တော်ဆို အသုဘရှိရင်နဲ့ မပို့ရရင် ဘယ်လိုမှ မနေနိုင်ဘူး။ အသုဘမရှိရင်ကို လူက အရူးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

လို စိတ်တွေ ယောက်ယက်ခတ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာ။ နောက်ဆုံးတော့ . . . အဟင်း . . ."

စကားကိုရပ်ကာ လက်မောင်းသားကို လှန်လိုက်သည်။

"နောက်ဆုံးတော့ ဒီအမာရွတ်တွေပဲ အဖတ်တင်တယ်။ ဆာနေတဲ့သွေးတွေ အပြင်ထွက်သွားမှ လူက နေသာထိုင်သာ ရှိတာ။ လရောင်တော့ အဲလိုဖြစ်မယ်မထင်ဘူး"

သူမ ခန္ဓာကိုယ်၏ နေရာအချို့ကို အကဲခတ်ရင်း ထိုစကားအား ပြောလိုက်ခြင်း ဖြစ်၏။ လရောင်က နူးညံ့စွာ ပြုံးသည်။

"ဒီလိုပါပဲ . . . အနည်းနဲ့ အများတော့ ခံစားရတာပေါ့"

"စိတ်ပညာအရဆိုရင်တော့ လိုဘမပြည့်ခြင်း (FRUSTRATION) လို့ခေါ်မရသော ဆင်းရဲလို့ခေါ်ရမှာပေါ့ဗျာ။ အစကတော့ ဒီဝေဒနာဆိုးကြီး ခံစားနေရတာနဲ့ ပတ်သက်ပြီး စိတ်အရမ်းဆင်းရဲတယ်။ ငါ့ကျမှ ဖြစ်ရလေခြင်းဆိုပြီး ယူကျုံးမရဖြစ်တယ်။ ဝေဒနာကို လက်ခံမထားချင်ဘူး။ တွန်းဖယ်ပစ်ချင်တယ်။ နောက်ပိုင်း စိတ်ပညာနဲ့ ပတ်သက်တာတွေ လေ့လာပြီး တဖြည်းဖြည်း သိလာရတာက ဝေဒနာရဲ့ သဘောဟာ ညံ့လေပိုနာလေပဲ။ မခံချင်စိတ် အားကြီးလေ ခံရခက်လေပဲ။ အကောင်းဆုံးက အရှိကိုအရှိအတိုင်း လက်ခံလိုက်ဖို့၊ တကယ်တော့ ကျွန်တော်တို့က ပြောင်းပြန်ဗျ။ သာမန်လူတွေက ခန္ဓာကိုယ်မှာ အရင်နာတယ်။ အဲဒါကို တွန်းဖယ်ဖို့ ကြိုးစားရင်း စိတ်မှာ နာတယ်။ ကျွန်တော်တို့ကျတော့ စိတ်မှာ အရင်နာတယ်။

အဲဒါကိုဖြေဖျောက်ဖို့ ခန္ဓာကိုယ်ကို ညှဉ်းဆဲရင်းနဲ့မှ ခန္ဓာကိုယ်မှာ ထပ်နာတယ်။ အရှိကို အရှိအတိုင်းတော့ လက်ခံတာပါပဲ။ ဒါပေမဲ့လည်း အခုထိတော့ မထူးသေးပါဘူး"

"စိတ်ရော ကိုယ်ရော နာတယ်ဆိုတဲ့ သဘောပေါ့"

"အမှန်ပဲ"



ထိုစဉ်မှာပင် လရောင်က ထင်မှတ်မထားသော အရာတစ်ခုကို လုပ်ဆောင်သည်။ သူ့လက်ကိုဆွဲပြီး ထရပ်လိုက်တာပါ။

"လာ . . . ကားပေါ်သွားရအောင်"

"ဗျာ . . ."

ကောင်းထက် အံ့သြလျက်ရှိစဉ်မှာပင် လရောင်က သူ့ကို ဆွဲခေါ်ကာ သွား၏။ ကားဆီရောက်တော့ နောက်ခန်းတံခါးကိုဖွင့်ကာ သူ့အား အရင်တက်စေသည်။ ကြောင်တောင်တောင်ဖြင့် ကားတွင်း ဝင်လိုက်ရတော့ သူမလည်း လိုက်ဝင်လာသည်။ ပြီးတော့ ကားတံခါးကို ဝုန်းခနဲ ဆွဲပိတ်၍ . . .

"ကောင်းထက် . . . ဒီမှာကြည့်စမ်း"

စကားနှင့်အတူ လရောင်က ဒူးဖုံးထားသော စကတ်အနီလေးအား အထက်သို့ ဆွဲလှန်လိုက်ရာ . . .

"ဟာ . . ."

ကောင်းထက် ခေါင်းနပမ်း ကြီးသွားတော့သည်။

ဒဏ်ရာတွေက အမာရွတ်ပင်မကတော့ . . . ပေါင်သားမှာ၊ ရှင်းအောင်ပြောရပါက သူမရဲ့ ပေါင်အတွင်းသားမှာ ဓားလှီးရာတွေ၊ မီးရှုရာတွေက အနာများ၊ အမာရွတ်များပင် မဟုတ်ဘဲ ထို့ထက်ပင် ပိုနေပြီ။

ရှင်းပြစရာမလိုဘဲ သဘောတရားတစ်ခုကို ရင်တွင်းမှာ အလိုလို နားလည်လိုက်၏။

ယောကျ်ားလေးတစ်ဦးအဖို့ လက်မောင်း၊ လက်ဖျံ၊ ဝမ်းဗိုက်သည် ကိစ္စမရှိ။ မိန်းကလေးတစ်ဦးအတွက် အလုံခြုံဆုံး နေရာမှာကား . . .

မျက်နှာကို မော့ကြည့်တော့ အံကိုကြိတ်လျက် မျက်ရည်တွေ စီးကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်နဲ့စိတ်တင် မဟုတ်ပါဘူးရှင်။ မိန်းကလေးတစ်ယောက် အတွက် ဘဝပါ နာသွားတာပါ။ မိန်းကလေးတိုင်းက သူတို့ရဲ့ ခန္ဓာကိုယ် ကို တန်ဖိုးထားကြတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်အလှအတွက် သူတို့ ဂုဏ် ယူကြတယ်။ ဒါပေမဲ့ . . . လရောင်ဆိုတဲ့ ကျွန်မအတွက်တော့ . . ."

နှုတ်ခမ်းကို ပြတ်ထွက်မတတ်ကိုက်ရင်း မျက်ရည်တွေ တစ် ပေါက်ချင်း စီးကျလာသည်။ ရင်တွင်းမှ ရှုတ်ခြည်း ဖြစ်ပေါ်လာသော ခံစား မှုတစ်ခုနှင့်အတူ လရောင်၏ ခန္ဓာကိုယ်လေးအား အလျှင်အမြန် ထွေးပွေ့လိုက်ပါသည်။

ချစ်သူ . . .

ပထမဆုံး ပြောမိလိုက်သည့်စကား။

ငိုပါချစ်သူ၊ အားရပါးရ ငိုလိုက်ပါ . . .

မင်းတစ်ယောက်တည်း ငိုခဲ့ရတဲ့ ရက်တွေအတွက် ကိုယ်ချင်း စာပါတယ်။ ဒါပေမဲ့ . . . အခုကစပြီး မင်းဘယ်တော့မှ တစ်ယောက် တည်း မငိုရတော့ပါဘူး။

လက်မောင်းကို ပါးအပ်၍ ရှိုက်ကြီးတငင်ငိုကြွေးနေသော သူမ ၏ ကျောပြင်လေးကို ကြင်နာစွာ ပွတ်သပ်ပေးမိသည်။

မျက်ရည်ရဲ့ ပူနွေးမှုကို လက်မောင်းမှ ခံစားရ၏။ တကယ် တော့ . . .

'ချစ်တယ်' ဆိုတဲ့စကားဟာ တချို့တွေအတွက် ပြောဖို့ မလိုပါ ဘူးလေ။

ကိုယ်သာ တန်ဖိုးရှိရင် မင်းနဲ့ နာကျင်သူတွေ အားလုံးကို တစ်ခါတည်း သပ်ချပေးလိုက်ပါတယ်။

* * *

အဲလိုပါပဲ လရောင် . . .

တချို့တွေရဲ့ ဘဝဟာ ရွေးချယ်ခွင့် မရှိကြဘူး။

အထူးသဖြင့် ဓားတစ်ချောင်းလို ဖြစ်ရတဲ့ ဘဝမျိုးမှာ ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# XXII

"ချောက် . . ."

အတွင်းဘက်ဆီမှ တံခါးမင်းတုံးချသံကို ကြားရ၏။ ပြီးတော့ လူတစ်ကိုယ်စာ တံခါးလေးတစ်ချပ် ပွင့်ဟလာသည်။

"လာ . . . သွား . . . အထဲကို မြန်မြန်ဝင်"

မိန်းမကြီးတစ်ဦး၏အသံကို ကြားတော့ ကောင်းထက် အတွင်းကို အလျင်အမြန် ဝင်လိုက်သည်။ နီကျင်သော ညအိပ်မီးသီးများနှင့် အိမ်ကြီးတစ်လုံး၏ သွင်သဏ္ဍာန်က သူ့အား ဆီးကြိုနေပါသည်။ တံခါးဖွင့်ပေးသူမှာ လရောင်ပြောပြောနေကျ ဒေါ်သိန်းဖြစ်မည် ထင်သည်။ အသက်ငါးဆယ်ဝန်းကျင် ပုပြတ်ပြတ်၊ ဝဖိုင့်ဖိုင့်နှင့် ကောင်းမွန်သော ဥပမိရုပ်ကို ပိုင်ထား၏။

တံခါးကိုပြန်ပိတ်ပြီးနောက် ဒေါ်သိန်းက သူ့အား အတွင်းကို ခေါ်သွားသည်။ မပီဝိုးတဝါးည အလင်းအောက်မှာပင် လွန်စွာ ခမ်းနား



သော အိမ်ကြီးဖြစ်မှန်း သိလိုက်ရသည်။ အလှစိုက်ပန်းအိုးများ၊ ပန်းပင်များ၊ ခေတ်မီအသုံးအဆောင် ပရိဘောဂများက အိမ်တွင်းမှာ သူ့နေရာနှင့်သူ ရှိနေကာ မြင့်မားသော အဆင့်တန်းတစ်ခုကို ဖော်ပြနေ၏။

ထူးခြားတာက တစ်အိမ်လုံး လူသူမရှိသလို တိတ်ဆိတ်နေခြင်းပင်။ ပြီးတော့ သူ၏ ချစ်လှစွာသော လရောင်ချယ်၊ သူမကို အခုထိ မမြင်ရသေး။

တစ်နေရာရောက်တော့ အပေါ်သို့ ကွေ့တက်ရသည့် ကျွန်းလှေကားကြီးတစ်ခုကို မြင်သည်။ လှေကားခြေရင်းရောက်တော့ . . .

"ဒီကနေ တက်သွား . . . အပေါ်မှာ လရောင်ရှိတယ်"

နားမလည်သဖြင့် ပြောသူ ဒေါ်သိန်းကို ငဲ့ကြည့်တော့ ခေါင်းညိတ်ပြပါ၏။ ဒီလိုဆိုတော့လည်း တက်သွားရုံကလွဲပြီး အခြားမရှိတော့ပြီ မဟုတ်ပါလား။

လှေကားမှ တစ်ထစ်ချင်း တက်သွားတော့ ငြိမ်ဝပ်နေသော ရင်ခုန်သံတွေ တစ်ချက်ချင်းလှုပ်ရှားလာသည်။ လှေကားတစ်ဝက်လောက်ရောက်စဉ်မှာ ထုံးစံအတိုင်း နှလုံးသား ရေခဲရိုက်မှုကို ခံစားရ၏။ လက်ချောင်းတွေ ကပ်ပြီး ခြေလှမ်းတွေ လေးလံလာသည်။

အင်း . . . ဒါဆိုလျှင်ဖြင့် လရောင်ဇီအပေါ်မှာ ရှိတာ သေချာနေပြီ။

ထိုခဏမှာပဲ စန္ဒရားလက်သံတစ်ခု အပေါ်ဘက်အရပ်ဆီမှ လွင့်ပျံ့လာတော့သည်။

"ဟင် . . ."

စည်းဝါးတကျ ထွက်လာသည်မဟုတ်။ လက်စမ်းသလို တစ်ချက်ချင်း ထွက်လာသည့်အသံမျိုး၊ မည်သူနည်း။ လရောင်လား။ စန္ဒရားတီးတတ်သည်ဟုတော့ သူ့ကို တစ်ခါမှ မပြောဖူး။



www.burmeseclassic.com

www.burmeseclassic.com

လှေကားထစ်ဆုံးစဉ် ထင်မှတ်ထားတာတွေ အားလုံးမှာ လွဲချော်ကုန်တော့၏။ အပေါ်မှာ ပိန်းပိတ်အောင် မှောင်နေသည်။ အမှောင်ကလွဲပြီး ဘာမှမမြင်ရ။ ဒါပေမဲ့ စန္ဒရားသံမှာတော့ ထွက်ပေါ်လာနေဆဲ။

"ဖျောက် . . ."

တိုးသဲ့သဲ့ ကြားလိုက်ရသော မီးဖွင့်သံတစ်ခုနှင့်အတူ . . .

"ဟာ . . ."

ကောင်းထက် မျက်လုံးပြူးရပြီ။ အမိုး မျက်နှာကြက်ပေါ်မှ ဖြာကျလာသော အလင်းရောင်တစ်ခု၊ ထိုအလင်းရောင်၏ အုပ်မိုးဖြာဆင်းမှုအောက်မှာ အနီရောင် စန္ဒယားတစ်လုံးနှင့် အနီရောင်မိန်းကလေးတစ်ယောက် . . .။

"လရောင် . . ."

ဟုတ်ပါသည်။ လကမ္ဘာပေါ်မှ သက်ဆင်းလာသော မိန်းမပျိုတစ်ဦးလို့ ကြည့်ရတာ ကဗျာဆန်ကာ နေ၏။ အမှောင်ထုကို ဖောက်ထွင်းလိုက်သော အလင်းနတ်သမီးတစ်ပါးလို၊ လရောင်ခြုံထည်ကို လွှမ်းထားသော ကေရီတစ်ပါးလို အမှောင်တို့၏အလယ်မှာ ကွက်စင်းလင်းဝင်းကာနေသည်။

ကြည့်နေစဉ်မှာပင် စန္ဒရားမှ သံစဉ်တစ်ပုဒ် ထွက်ပေါ်လာတော့၏။ သူမ လက်ချောင်းတို့၏ လွှမ်းမိုးမှုအောက်မှ ဖြစ်သည်။

ကြားဖူးနေကျ သီချင်းတစ်ပုဒ်။

တစ်စုံတစ်ဦး၏မွေးနေ့ကို တစ်စုံတစ်ယောက် (သို့) ချစ်ခင်သူအများမှ ဆုတောင်းပေးသော သီချင်း။

"Happy Birthday To You"



သီချင်းသံမပါ။ သို့သော် စန္ဒရားသံစဉ်က နားထောင်လို့ ကောင်းလှသည်။

လရောင် ဤမျှလောက်ထိ စန္ဒရားကို ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်တတ်မည်ဟု ထင်မထား။

နေ့တိုင်းဆော့နေကျ ကစားစရာ ပစ္စည်းတစ်ခုလို ပွတ်သပ်ချော့မြူ၍ ကောင်းသော ကြောင်လေးတစ်ကောင်လို လက်ချောင်းလေးတွေ စန္ဒရားခလုတ်ပေါ် ပေါ့ပါးသွက်လက်စွာ ပြေးလွှားနေ၏။ အဖြူ၊ အမည်း ခလုတ်လေးတွေက သူမရဲ့ ထိန်းချုပ်လွှတ်ကျောင်းမှုအောက်မှာ နိမ့်တစ်ခါ မြင့်တစ်လှည့် ကခုန်နေသည်။

သီချင်းဆုံးတော့ ခလုတ်အားလုံးပေါ် လက်တစ်ချက် ဖြတ်ပြေးပြီး တစ်ကျော့ပြန်တီးသည်။ ဤတစ်ကြိမ်တွင် သံစဉ်ပြောင်းသွား၏။ သီချင်းကတော့ မပြောင်း။

အမှောင်ထဲမှာပင် မြင်ရသော ကြိုးတွေက သူ့အား တုပ်နှောင်ဆွဲခေါ်နေသလို လရောင်ရှိရာသို့ ကောင်းထက် တစ်လှမ်းချင်း လှမ်းသွားနေမိသည်။ သီချင်းဆုံးသွား၏ စက္ကန့်ပိုင်းလောက် ကြောင်သွားပြီးမှ သတိရကာ . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "

အားပေးသူ နည်းလွန်းလှ၏။ သူမက State တွင် တီးသော စန္ဒရားမယ်တစ်ဦးလို ထိုင်နေရာမှ ထပြီး လက်အုပ်ချီ ဂါရဝပြုကာ အားပေးမှုကို ခံယူသည်။

"Happy Birthday လရောင် မွေးနေ့မှာ ပျော်ပြီးပြီ ထင်ပါတယ်"

ထိုစဉ်မှာပဲ တစ်စုံတစ်ယောက်၏ အချိန်ကိုက် လက်ဆော့မှုတစ်ခုကြောင့် ပိတ်လှောင်ထားသော မီးလုံး၊ မီးချောင်းများမှ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ တစ်ချောင်းခြင်း ဆက်တိုက်ဆိုသလို လင်းချင်းလာပါတော့၏။ ထိုအခါမှာ မြင်လိုက်ရသည်ကား . . .

အနီ . . .

အနီများ . . .

နံရံ၊ ခန်းဆီးများပင် မဟုတ်။ ချိတ်ဆွဲထားသော ပန်းချီကား၊ ထားသိုထားသော အသုံးအဆောင်ပစ္စည်းများ။ အလှစိုက်ပန်းအိုး၊ ရေကရားများမှအစ ရဲရဲနီကာနေသည်။ သူ ဖိနင်းထားသည်မှာလည်း ခန်းလုံးပြည့် အနီရောင် ကော်ဇောထူကြီး။ ရှင်းအောင်ပြောရပါက တစ်ခန်းလုံးပင် နီရဲလျက် ရှိနေပါသည်။

အံ့သြလို့ မဆုံးခင် လရောင်က သူ့အား ပြေးဖက်သည်။ အလိုက်သင့် ထွေးပွေ့တော့ ခံစားနေရသော ဝေဒနာတွေ ယူပစ်သလို ပျောက်သွား၏။

"လရောင် . . . မွေးနေ့မှန်း ကောင်း ဘယ်လိုလုပ် သိလဲဟင်"

ကောင်းထက် ပြုံးလိုက်ရင်း . . .

"ဒီနေ့ ကိုယ့်မွေးနေ့ မဟုတ်ဘူးလေ။ နောက်ပြီး လရောင်က မွေးနေ့ ဆုတောင်းသီချင်းတီးနေတော့"

"ဟုတ်တယ် . . . ဒီနေ့ လရောင်မွေးနေ့။ မွေးနေ့မှာ ကောင်းကို လရောင် စန္ဒရားတီးပြီး သီချင်းတစ်ပုဒ် လက်ဆောင်ပေးတာ"

အနည်းငယ်တော့ အံ့သြသွားရ၏။

"လွဲများ လွဲနေလားလို့ . . . ကိုယ်က လက်ဆောင်ပေးရမှာ မဟုတ်ဘူးလား"

သူမက 'ညှို့လိုက်တာ' ဟူသော အကြည့်ဖြင့် ကြည့်ပြီး . . .

"ကောင်းပဲပြောပြီး လရောင်တို့က တခြားလူတွေနဲ့ ဆန့်ကျင်ဘက်ဆို"



"အဲ . . . ဟုတ်သားပဲ"

နဖူးကိုနမ်းတော့ အလိုက်သင့် ခံယူပြီး . . .

"ကောင်း . . . ဒါ လရောင်အခန်းပဲ။ ဒါတွေအကုန်လုံး လရောင်စိတ်ကြိုက် ဖန်တီးထားတာ"

စိုးရိမ်ဖွယ်ကောင်းလှအောင် နီနေတာ တစ်ခုကလွဲပြီး အားလုံးအဆင်ပြေပါ၏။

"အနီက လရောင်အကြိုက်ဆုံးအရောင်လေ။ ကောင်းရော အနီရောင်ကို ကြိုက်လား"

"အင်း . . . ကြိုက်ပါတယ်"

သူမ ပြုံး၏။ ပြီးတော့ တစ်ခု တောင်းဆိုသည်။

"ကောင်း . . . လရောင်ကို ဘာမွေးနေ့ လက်ဆောင်ပေးမှာလဲ"

"ကြိုသိမထားတော့ ဘာမှ ပါမလာခဲ့ဘူး။ ကဗျာတစ်ပုဒ်ဆိုရင် အဆင်ပြေမလား"

"အာ . . . ပြေတာပေါ့။ ဘယ်မှာ ရေးပေးမှာလဲ"

"ဘယ်မှာ ရေးပေးရမလဲ . . ."

"ခဏလေး . . ."

စာအုပ်များတင်ထားသည့် စားပွဲတစ်လုံးဆီ သူမ အပြေးသွားသည်။ ပြီး စာတစ်ရွက်နှင့် ဖောင်တိန်တစ်ချောင်း ယူလာပြီး . . .

"ရော့ . . ."

စာရွက်ကိုယူ၍ စိတ်တွင်းမှ ထွက်လာသော ကဗျာတစ်ပုဒ်အား ရေးပေးလိုက်ပါသည်။ တစ်လုံးတည်း တစ်ကြောင်းတည်းပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဓား"



"ရော . . . ဒါကောင်းရဲ့ မွေးနေ့လက်ဆောင်"

သူ ပေးသောစာရွက်ကို အထူးအဆန်းသဖွယ်ကြည့်၍ . . .

"ဒါက . . ."

"ကဗျာလေ . . ."

"တစ်လုံးတည်းလား"

"ဟုတ်တယ် . . . ဒီထက်ကောင်းတဲ့အမိပ္ပာယ် မပေါ်တော့လို့"

"ဘာကြီးလဲ . . . လရောင် နားမလည်ဘူး"

ခပ်လေးလေးချလိုက်ရသော သက်ပြင်းတစ်ခုနှင့်အတူ . . .

"တကယ်တော့ လရောင် . . . ဓားဖြစ်နေရတဲ့ လူတွေအတွက် ဓားဆိုတဲ့ စကားလုံးဟာ အရမ်းကို နာကြည်းဖို့ကောင်းတဲ့ စကားလုံးပဲ။ လူတွေက ဓားဆိုတာနဲ့ အန္တရာယ်နဲ့တွဲပြီး မြင်ကြတယ်။ ဘယ်လောက်ပဲ အန္တရာယ်ကင်းအောင် လုပ်ထားပါစေ . . . ဘယ်လောက်ပဲ သေသပ်လှပအောင် ဖန်တီးထားပါစေ . . . လူတွေရဲ့ စိတ်ထဲမှာတော့ ဓားဆိုတာ အန္တရာယ်ပဲ။ တကယ်တော့ ဓားတိုင်းဟာ အန္တရာယ်မဟုတ်ပါဘူး။ ဓားတစ်လက်ရဲ့ တန်ဖိုးဟာ အသုံးပြုတဲ့ လူပေါ်မှာပဲ မူတည်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

စကားတစ်ခွန်းကို ကိုယ် ကြားဖူးတယ်။ ကိုယ်ကတော့ အဲဒီစကားကို ငြင်းတယ်”

“. . . . . . . .”

“တကယ်တော့ ဓားတစ်လက်ရဲ့တန်ဖိုးဟာ အဲဒီဓားပေါ်မှာပဲ မူတည်ပါတယ်။ အလှသိမ်းရမယ့်ဓားကို အလှပဲ သိမ်းရမယ်။ အလှသိမ်းရမယ့် ဓားနဲ့ သစ်ခုတ်လို့ မရဘူး။ ကြက်သွန်နွှာရမယ့် ဓားနဲ့ စစ်တိုက်ထွက်လို့ မရဘူး။ ဒါပေမဲ့ လူတွေက တန်ဖိုးဆိုတာကို နားမလည်ဘူး။ ဓားဖြစ်ပြီး ရောသုံးချင်တဲ့နေရာမှာ သုံးချင်သလို သုံးကြတယ်။ အဲဒီအခါမှာ ဓားတစ်ချောင်းရဲ့ တန်ဖိုးဟာ ပျက်စီးသွားတယ်။ ဓားဖြစ်နေတဲ့ ဘဝအတွက် သူ့မှာ ရွေးချယ်ခွင့်မရှိဘူးလေ။

အဲလိုပါပဲ . . . လရောင်၊ တချို့တွေရဲ့ ဘဝဟာလည်း ရွေးချယ်ခွင့် မရှိကြဘူး။ အထူးသဖြင့် ဓားတစ်ချောင်းလို ဖြစ်ရတဲ့ဘဝမျိုးမှာပေါ့”



# XXIII

အပြန်လမ်း၌ ဒေါ်သိန်းပြောခဲ့သော စကားတို့က သူ့အာရုံကို စိုးမိုးခဲ့သည်။ သူ့အား ခြံဝသို့ လိုက်ပို့ပေးစဉ် ပြောခဲ့သောစကားတို့ ဖြစ်ပါ၏။

“တကယ်တော့ သမီးလေးက အရမ်းသနားဖို့ကောင်းတာ။ အခုချိန်ထိ အားကိုးမရှိဘဲ ဘဝကို တစ်ယောက်တည်း ကြီးပြင်းလာရတာလေ။ အဖေက အဝေးမှာ။ အမေကလည်း အမေလို့တောင် တော်တော်ပြောယူရမယ့် အမေမျိုး။ ဒေါ်သိန်းအထင်တော့ သမီးလေးရောဂါက အဖေ၊ အမေကွဲပြီးနောက်ပိုင်း စလာတယ် ထင်တာပဲ။ တစ်ယောက်တည်း မှိုင်တွေနေတဲ့ အချိန်တွေ များလာပြီး ဘယ်သူ့ကိုမှလည်း စကားမပြောဘူး။ ပထမတော့ သိပ်မသိသာပေမဲ့ နောက်ပိုင်းမှာ စိုးရိမ်ဖို့ ကောင်းလာတယ်။ ခြင်၊ ယင်၊ ပိုးဟပ်ကြောက်တတ်တဲ့ ကလေးက သူတို့တွေကို သွေးအေးအေးနဲ့ ဖမ်းပြီး သတ်တတ်လာတယ်။ အိမ်မြှောင်လေးတွေကို ဖမ်းတယ်။ ပြီးတော့ ဓားနဲ့ ခုတ်သတ်တယ်။ သတ်ပြီးသွားရင်လည်း အဲဒီအကောင်သေကို အကြာကြီး ထိုင်ကြည့်နေတတ်တာ”



www.burmeseclassic.com

www.burmeseclassic.com

ကောင်းထက် မျက်လုံးပြူးသွားရပါသည်။ သူ့မှာပင် ရှိမနေသော အတွေ့ကြုံဆန်း မဟုတ်ပါလား။

"နောက်ပိုင်း တစ်ဆင့်တတ်လာတယ် ပြောရမလားမသိဘူး။ ကြွက်လေးတွေကို လှောင်အိမ်နဲ့ ဖမ်းတယ်။ ပြီးတော့ ဓားနဲ့ခုတ်တယ်။ နောက်ဆုံး အိမ်မှာမွေးထားတဲ့ ကြောင်လေး၊ ခွေးလေးတွေထိပဲ"

"ဟာ . . ."

"ဒေါ်သိန်းလည်း တတ်သလောက် မှတ်သလောက် ဆေးမြီးတိုတွေနဲ့ ကုပေးပါသေးတယ်။ ဒါပေမဲ့ . . . ဘယ်လိုလုပ် ပျောက်နိုင်မလဲလေ။ အဲဒီနောက်မှာ ရောဂါပုံစံက နောက်တစ်မျိုး ပြောင်းသွားတယ်ထင်တယ်။ သတ်တာဖြတ်တာအပြင် အနီရောင်ကို တအားကြိုက်သွားတာ။ အနီရောင်ဆို အရူးအမူးပဲ။ နောက်ပိုင်းတော့ ဒေါ်သိန်းလည်း ဘယ်မမီတော့ဘူး။ ဒါပေမဲ့ . . . အရွယ်တဖြည်းဖြည်း ကြီးလာတော့ သတ်တာ ဖြတ်တာလည်း တဖြည်းဖြည်း လျော့သွားပါတယ်။ တော်သေးတယ်လို့ပဲ ပြောရမှာပေါ့"

"ဘာလို့ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်တွေနဲ့ မပြကြည့်ရတာလဲဗျာ"

"အမိက,ကတော့ သူ့အမေပဲ။ လရောင် အရေးကိစ္စတွေကို ဘာတစ်ခုမှ စိတ်မဝင်စားဘူး"

"အဖေကရော"

"အဖေက နိုင်ငံခြားမှာ . . . တကယ့်ကို တာဝန်ကျေတဲ့ အဖေပါကွယ်။ လရောင်အတွက် လိုလေသေးမရှိအောင် ဟိုကနေ ထောက်ပံ့ပေးတယ်။ ဒါပေမဲ့ . . . လရောင်မှာ အခုလို စိတ်ရောဂါရှိနေတာကိုတော့ သူ မသိဘူး"

"ဘာလို့ ပြောမပြတာလဲ"

"လရောင်က အဖေကို အရမ်းချစ်တယ်။ သူ့အတွက်နဲ့ အဖေစိတ်ဆင်းရဲမှာကို လုံးဝမလိုလားဘူး။ မောင်ကောင်းထက် အံ့ဩသွားလားမသိဘူး။ လရောင်အဖေက အထူးကုဆရာဝန်ကြီးတစ်ယောက်လေ"

ဘယ်လိုမှ ယုံနိုင်စရာ မရှိသော စကားတစ်ခွန်းပါပင်။

သမီးကို တစ်စက်ကလေးမှ ဂရုမစိုက်တတ်သည့်အမေ၊

အဖေက အထူးကုဆရာဝန်ကြီး . . .

ပြီးတော့ . . . အနီရောင် . . .

တစ်ချိန်က သတ်ဖြတ်လေ့ရှိတတ်သော . . .

ခေါင်းတွင်း၌ စဉ်းစားစရာများ စုပြုံ အုံခဲသွားသည်။

⁂

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစား၍ မရခြင်းသည်
ဦးနှောက်ကို ပစ္စုပ္ပန်ဆိတ်ထိုက်ခြင်းတစ်မျိုးဖြစ်ကြောင်း
သိပြီးသောအခါ . . .
လူအချို့သည် စဉ်းစားခြင်းကိုရပ်ပြီး
ရေထူးကြ၏။
ထိုအခါ ပစ္စုပ္ပန်ဆိတ်ထိုက်ခြင်းမှ တင်းဝေသော်လည်း
ပစ္စုပ္ပန်တုပ် ခံရလေသည်။



# XXIV

ပြာရီသော ကောင်းကင်အခင်းကျင်းအောက်တွင် ထိုင်ပြီး စိတ်လိုလက်ရ ရှိသောအခါမျိုး၌ သူမကို အဝါရောင် ငှက်ကလေးတွေအကြောင်း ပြောပြချင်ခဲ့တာ သူ၏ အတ္တတစ်မျိုးဖြစ်သည်။

ထိုအခါမျိုးတွင် သူမသည် လက်လေးတစ်ဖက်ကို သူ့လက်တွင်း ထည့်ပေးရင်း၊ နောက်တစ်ဖက်က သူ၏ အင်္ကျီကြယ်သီး (သို့) အင်္ကျီလက်အနားစွန်းလေးများကို လုံးချေရင်း မျက်လုံးလေးမှေးစင်းကာ နားထောင်နေလိမ့်မည် ထင်ပါသည်။

အဝါရောင် ငှက်ကလေးများနှင့်အတူ လူ့ဘဝဆိုတာ ကစားပွဲတစ်ခုမဟုတ်ကြောင်း သူမအား ပြောပြချင်နေခဲ့ပါသည်။

တကယ်တော့ လရောင် . . .

တချို့တွေရဲ့ ဘဝဖြတ်သန်းမှုက ကစားပွဲတွေ အားလုံးထက်ပိုရှုပ်ထွေးလှပါတယ်ကွယ်။ အလျော်အစားလည်း အရမ်းကြီးတယ်။ ဒါပေမဲ့ ကိုယ့်တို့ ဆိပ်ကမ်းတွေကိုက ခိုင်ခံ့မှုမရှိလေတော့ တိုက်စားခံရတာလည်း မဆန်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

စိတ်မပျက်သေးဘူးဆိုရင် နောက်တစ်ခုကိုလည်း ပြောပြပါရစေ။ အဲဒါကိုတော့ 'ချစ်ခဲ့ခြင်း' လို့ ခေါင်းစဉ်တပ်ထားပါတယ်။

အဲဒီနေ့က နှင်းဆီပန်းလေးတစ်ပွင့်ကို မင်း ကိုင်ထားတယ်။ အနက်ရောင် ပဝါလေးတစ်စကိုလည်း လည်မှာပတ်ထားသေးတယ်လေ။ ကိုယ့်ဘေးက ဖြတ်တော့ အကြိမ်ကြိမ် နားဝင်ချိုခဲ့တဲ့ သုဘရာဇာရဲ့ ဆုတောင်းစာရွက်သံကို မကြားရတော့ဘူး။

မထူမပါးလိမ်းကျံထားတဲ့ အနီရောင် လက်သည်းဆိုးဆေးအောက်မှာရှိနေတဲ့အရာကို အချစ်လို့ ခေါင်းစီးတပ်ရရင် အဲဒီအချိန်ကတည်းက ကိုယ်မင်းလို ချစ်ခဲ့တာပါ။

ဆောင်းကာလ၏ ရှည်လျားသော အိပ်မက်တွေလိုလည်း သူမက်ခဲ့ဖူးပြီးပြီ။ ချစ်သူရဲ့ မွေးနေ့မှာလည်း ကဗျာတစ်ပုဒ် ရွတ်ဆိုပေးခဲ့ဖူးပြီးပြီ။

ယခုလည်း ချစ်သူပျော်စေဖို့ တတ်စွမ်းသလောက် သူ ကြိုးစားပေးနေတာပါ။

မြစ်ကမ်းနဖူးက ပင်လယ်ကမ်းစပ်မှာ ထိုင်နေသလိုမျိုး ဆားနံ့သင်းသော လေကို မပေးပါ။ မြစ်လယ်လောက်ဆီမှ တရိပ်ရိပ်ထနေသော တံလျှပ်များကိုကြည့်ပြီး ကောင်းထက် အတွေးတွေ ရှည်နေမိသည်။

ရေပြင်သို့ လျှပ်တိုက်ပစ်လိုက်သော ခဲတစ်လုံးရဲ့ ဂီတသံကို ကြားရ၏။ သူမ၏ ရယ်သံလွင့်လွင့်လေးများက ရေစီးနှင့်အတူ လွင့်မျောလာသည်။

"ပျော်စရာကြီးနော် . . . လရောင် ဒီနေရာကို တစ်ခါမှ မရောက်ဖူးဘူး"

"ဘယ်နေရာကိုရော ရောက်ဖူးလို့လဲ"

"ဘာကွ . . . အထင်သေးလှချည်လား"



ခါးထောက်ကာ ရန်တွေ့သော သူမပုံစံက ချစ်ဖို့ကောင်းလှချေ၏။

"သုသာန် ရောက်ဖူးတယ်လေ"

"အဲ . . ."

ဘာပြောရမှန်းမသိ ဖြစ်သွားသော သူ့ကိုကြည့်တော့ မရှိုမချင် ရယ်ပါသည်။ ပါးချိုင့်လေးများပေါ်သွားသည်ကို ကြည့်ကာ သူလည်း လိုက်ရယ်ဖြစ်သည်။

"ဒါ ရေငန်မြစ်လား . . . ရေချိုမြစ်လား"

"ရေချိုမြစ် . . ."

"ဟုတ်လား . . . ဒီလောက်ရေအများကြီး ဘယ်ကနေ စီးလာလဲ မသိဘူးနော်"

"ဟိုးမှာ မြင်နေရတဲ့ တောင်တန်းတွေကို တွေ့လား"

"အင်း . . . တွေ့တယ်"

"အဲဒါရဲ့နောက်မှာ ရေခဲတောင်တွေရှိတယ်။ အဲဒီရေခဲတောင်တွေကနေ ပျော်ကျလာတဲ့ ရေတွေပဲ"

"ဩော် . . ."

အကြောင်းရင်း တစ်စုံတစ်ရာမရှိဘဲ အတန်ကြာအောင် သူမ ငေးသွားပါသည်။ ကောင်းထက် နာရီကို တစ်ချက်ငုံ့ကြည့်ကာ . . .

"ကဲ . . . ကြည့်လို့ ဝပြီလား။ ဝရင် နောက်တစ်နေရာ ပြောင်းရအောင်"

"ဘယ်လဲ . . ."

"ဥရုဝေလ တံတား"

• • •

www.burmeseclassic.com

တစ်ခါမှ မမက်ဖူးသည့် အိပ်မက်တစ်ခုကို အကောင်ထည်ဖော်ခြင်းသည် လွန်စွာကြည်နူးဖို့ ကောင်းကြောင်း လက်တွေ့သိခဲ့ရသည်။

လက်လေးတစ်ဖက်ကို အပြင်ထုတ်ကာ လေဟုန်ကိုဆန်သော ငှက်လေးတစ်ကောင်အလား သူမ ပျော်ရွှင်ကာ နေသည်။ မြင်ရခဲသော သူမပုံစံကို ကြည့်ပြီး ကားမောင်းနေရခြင်းကို စိတ်မပါတော့သလို ဖြစ်မိ၏။

ဂရုတစိုက် မောင်းနေရသည်မို့ သူမရဲ့ လွတ်လပ်ပျော်ရွှင်မှုတွေကို အချိန်ပြည့် ထိုင်ကြည့်ခွင့်မရတော့ဘူးလေ။ မြို့ပတ်လမ်းမှတစ်ဆင့် မြစ်ကူးတံတားကြီးဆီသို့ ကားလေးအား ဦးတည်လာခဲ့သည်။

တံတားပေါ်ရောက်တော့ . . .

"လေတအားကြမ်းတယ်နော်"

"ဟုတ်တယ် . . . ဒါတောင် ကားနဲ့ဖြတ်တာမလို့ ဆိုင်ကယ်နဲ့ဆို တော်တော် သတိထားမောင်းရတာ"

တံတားဟိုဘက်ခြမ်းရောက်တော့ ကားအား ညာဖက်သို့ ကွေ့ချလိုက်သည်။ ညာဖက်တွင် ခပ်ပြေပြေ တောင်ကုန်းလေးနှင့် ဘာသာရေး အဆောက်အအုံတစ်ခု ရှိနေပါသည်။

ကားကိုရပ်တော့ မြူးတူးသွက်လက်စွာ သူမ ပြေးဆင်းသွားသည်။ ဘေးတိုက်အနေအထားနှင့် အစအဆုံးမြင်နေရသော တံတားကြီးကို ကြည့်ပြီး . . .

"တအား လှတာပဲကွာ"

"လွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်လောက်ကမှ ဆောက်ပြီးခဲ့တာလေ။ ဒီတံတားကြီး မရှိခင်တုန်းက ဟိုဘက်နဲ့ဒီဘက်ကို ကူးတို့နဲ့ပဲ ကူးရတာ"

"ဩော် . . ."



"ဟိုရှေ့နား သွားကြည့်လိုက်။ အောက်ကိုဆင်းလို့ရတဲ့ လမ်းလေးရှိတယ်"

သူ့ ညွှန်ပြရာသို့ လရောင် အလျင်အမြန် ပြေးသွားပြီး . . .

"အဲ . . . ဟုတ်တယ်တော့။ အောက်ကို ဆင်းလို့ရလား"

"ရတယ် . . . အဲဒါ မြစ်ဆိပ်ကို ဆင်းတဲ့လမ်း။ ဟိုမှာ မြင်နေရတဲ့ ကျောက်တုံးတွေကို တွေ့လား"

"အင်း . . . တွေ့တယ်"

"စာမေးပွဲ နီးချိန်တွေဆို ကျောင်းသူ/သားတွေ အောက်ဆင်းပြီး အဲဒီကျောက်တုံးတွေပေါ်မှာ စာထိုင်ကျက်ကြတာ"

"ဟုတ်လား"

"စာမေးပွဲမရှိရင်တော့ အဲဒီနေရာက သမီးရည်းစားတွေအတွက်ပေါ့"

"အဲ . . . တော်ပြီ၊ မဆင်းတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကောင်း . . . ကို ကြောက်လို့"

စိတ်တွင်းမှ ကျိန်ဆဲမိလိုက်သည်။

• • •

"ဟောဒါ မြို့ရဲ့ တစ်ခုတည်းသော ဘူတာရုံ"

"ဟောင်းနေပြီနော်"

"ဟောင်းဆို အင်္ဂလိပ်ခေတ်ကတည်းကလေ"

"ဆောက်တဲ့လူတွေ တော်တယ်နော်။ နှစ်ပေါင်းရာချီနေပြီ အခုထိ သုံးလို့ရနေတုန်း"



www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာကိုပညာနဲ့ သိမ်းခဲ့တဲ့ လူမျိုးတွေပဲကွာ။ ဒီလောက်တော့ ရှိမှာပေါ့"

"ဟုတ်တယ်နော်"

"ဘွဲ့ဝတ်စုံဝတ်ပြီး ဂုဏ်မောက်နေသူတွေထက်တော့ တကယ် လုပ်တဲ့သူတွေက သာနေပြီးသားလေ"

• • •

နောက်တစ်နေ့ရာကတော့ ဒီတစ်နေ့စာအတွက် သူမအား အပျော်ရွှင်ဆုံး ဖြစ်စေခဲ့ပါသည်။

'မြို့မဈေး' ဟူသော ဆိုင်းဘုတ်ကြီးအောက် အရောက်မှာပါ၊ ဈေးဝယ်ထွက်ခြင်းသည် မိန်းကလေးတို့အတွက် စိတ်အပန်းဖြေခြင်း တစ်မျိုးဖြစ်ကြောင်းကို သူမနှင့် ဈေးအတူဝင်ပြီးနောက်မှာ သိခဲ့ရပါသည်။

အနှစ်နှစ် အလလ အိမ်တွင် အောင်းနေခဲ့သူဖြစ်သည်ကြောင့် အပြစ်လည်း မဆိုနိုင်ပါ။ ဈေးကြီးကို ရှစ်ပတ်တိတိ ပတ်ခဲ့၏။ နှစ်ဦး လုံး၌ ပါလာသည့် ပိုက်ဆံကုန်သည့်အပြင် အကြွေးပါ တင်သည်အထိ ဈေးဝယ်ရက်စက်ခဲ့သည်။

ဗိုက်ဆာချိန်မှာ စားဖို့ ပိုက်ဆံမကျန်တော့ . . .

ထိုအခါ ရိုးရာခေါင်ရည်လေး တစ်ယောက်တစ်ခွက် သောက်ပြီး အူသိမ်အူမများကို နှစ်သိမ့်ရပါသည်။ ပြင်းရှရှ ခေါင်ရည်အား မြည်းစမ်းသလို သောက်ရင်းနဲ့ . . .

"ကောင်း . . . ပြီးရင် ဘယ်ဆက်သွားမှာလဲ"

"အထင်အရှား နေရာတွေတော့ ကုန်သလောက် ဖြစ်သွားပြီ။ ဟေလာတောင်ကုန်းနဲ့ သုသာန်ပဲ ကျန်တော့တယ်"

"သုသာန်က ရောက်ဖူးပြီးသားလေ"

"ဟေလာတောင်ကုန်းကရော"

သူမက လျှာလေးတစ်လစ်ထုတ်ကာ . . .

"ဟုတ်သားပဲ . . . အဲလိုလည်း ရောက်ဖူးပြီးသားဥစ္စာ"

ပြီးတော့ ခေါင်ရည်ခွက်လေးအား အကြောင်းမရှိ လက်ဖြင့် ခေါက်ရင်း . . .

"ဟေလာတောင်ကုန်းကလည်း ဒီမြို့ရဲ့ အထင်ကရတစ်ခုပဲ လား"

"အထင်ကရ အဖြစ်ဆုံးလို့တောင် ပြောလို့ရတယ်"

"ဟုတ်လား . . . ဘာဖြစ်လို့လဲဟင်၊ လရောင်ကို ပြောပြပါ လား"

"ဟေလာတောင်ကုန်းဆိုတာ ဒီမြို့ရဲ့ ဘာသာရေးဆိုင်ရာ အထွတ်အမြတ် တောင်ကုန်းတစ်ခုပဲ။ ဘာသာရေးနဲ့ပတ်သက်တဲ့ ဝတ်ပြုဆုတောင်းပွဲတွေ၊ ရိုးရာဆိုင်ရာ ပူဇော်ပသပွဲတွေကို အဲမှာပဲ လုပ်ကြတယ်။ ပြီးတော့ လွတ်လပ်ကင်းရှင်းတဲ့ အမျိုးသားနဲ့ အမျိုးသမီးနှစ်ယောက် ဘဝတစ်ခု ထူထောင်တော့မယ်၊ လင်မယားအဖြစ် အတူနေထိုင်တော့မယ်ဆိုရင် ဟေလာတောင်ကုန်းမှာပဲ အသိသက်သေ ပြုရတယ်။ ကတိသစ္စာ ကျိန်ဆိုရတယ်။ သက်ဆိုင်ရာ မျိုးနွယ်စု အကြီးအကဲရဲ့ ဆုံးမသြဝါဒကို ခံယူနေရတယ်။ အဲလိုမှ မဟုတ်ရင် လက်ထပ်ပွဲက အထမမြောက်ဘူး"

"သြော် . . . "

ခေါင်းကို ညိတ်ရင်း ငြိမ်သက်သွားသော သူမကို ကြည့်ကာ .

"ကိုယ်တို့လည်း တစ်ဝက်တော့ သက်သေပြုပြီးပါပြီ။ နောက် တစ်ဝက်အတွက်တော့ ကြိုးစားရဦးမှာပေါ့"

"ဘာကြီးလဲ"

နားမလည်သလို မေးလာတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဟေလာတောင်ကုန်းရဲ့ အနီးဝန်းကျင်မှာ ချစ်သူတွေဖြစ်ပြီး သွားကြပြီလေ။ ကျန်တာကတော့ . . . "

"ဟီတ် . . ."

အံကြိတ်ပြသော မျက်နှာလေးရဲ့နောက်မှာ ကြည်နူးရက်ရွှ့မှု ကို လှမ်းမြင်ရသည်။ ဘာပဲဖြစ်ဖြစ် တစ်ဘဝလုံးအတွက် မဟုတ်တောင် တစ်နေ့လုံးစာအတွက်တော့ သူတို့ ပျော်ခဲ့ကြပါသည်။

ထို့နောက်မှာ အိမ်ပြန်ဖို့ ပြင်ခဲ့သည်။ အိမ်ပြန်လမ်းတစ်လျှောက် နှစ်ဦးလုံး တိတ်ဆိတ်နေခဲ့တာကိုတော့ ဘာကြောင့်ဟု သူ အဓိပ္ပာယ်မဖွင့် တတ်။

ဒါပေမဲ့ . . . လမ်းခွဲခါနီးမှာ . . .

"ကောင်း . . ."

ᨏ ᨏ ᨏ



တည်ငြိမ်သော သူမ ဟန်ပန်ကြောင့် ဂရုတစိုက် နားထောင် ဖြစ်တော့ . . .

"လရောင်သက်တမ်းတစ်လျှောက် ဒီနေ့လောက် ပျော်ခွင့်ရတဲ့ နေ့ တစ်နေ့မှ မရှိဖူးဘူး။ ကောင်းနဲ့တွေ့မှ လရောင်ဘဝက အသစ်ပြန် မွေးဖွားလာတာပါ။ လူတွေကို ဖန်ဆင်းခဲ့တဲ့ ဘုရားသခင်ဟာ လူတွေ ရဲ့ ကိုးကွယ်ရာဖြစ်သလိုပေါ့။ လရောင်ကို မွေးဖွားပေးခဲ့တဲ့ ကောင်းဟာ လည်း လရောင်ရဲ့ ကိုးကွယ်ရာပါပဲ"

ဘယ်လိုပြောရမလဲ။

ကြည်နူးသွားလိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်သုံးရက်လောက်ကြာတော့ အကောင်းအဆိုး ခွဲခြားရ ခက်သည့် သတင်းတစ်ပုဒ် ရောက်လာသည်။

"ဒီရက်ပိုင်းအိမ်မှာ အရမ်းရှုပ်ထွေးနေတယ် . . . ကောင်း။ နောက်နေ့တွေ ထွက်လာဖို့ မလွယ်တော့ဘူး"

"ဘာဖြစ်လို့လဲ . . ."

"လရောင် ရောဂါဖြစ်နေတာ ဖေဖေ သိသွားပြီ"



ကိုယ်ဟာ မေထုန်ရေသီဗွားတစ်ယောက်ပါ
ချစ်သူ ...
ဒီဟာ 'ရု' နဲ့ မပတ်သက်ပါဘူး
(၉) ရက်ကြာအောင် ကမ္ဘာပျက် မိုးရွာသွန်း
ခဲ့ပေမဲ့ ကိုယ် 'ရု' ကို မမုန်းခဲ့ပါဘူး။

ဘယ်သူက ဒွိကာလီအွန်လဲ
ဘယ်သူက ပီရာအာလဲ
အရေးမကြီးရင် ထားလိုက်တော့။

ခရစ္စမတ်ကို နှမှာ မထားနိုင်တာကိုတော့
စိတ်ဆိုးလည်း မတတ်နိုင်ဘူး ဆောင်းရယ်
အဲဒီအတွက် ဝမ်းသာလိုက်ပါ
ငါ သင်တန်း နားလိုက်ပါပြီ။

တန်ဆောင်မုန်းဖြစ်တာတောင်
လပြည့်ခွင့် မရမတော့ . . .

ဆောင်း . . .
နှင်နဲ့ 'ဂု' ကို ငါမုန်းတယ်
. . . . . . . .
. . . တတယ်



www.burmeseclassic.com

www.burmeseclassic.com

# XXV

မှတ်မှတ်ရရ ဒီဇင်ဘာ (၇) ရက်နေ့။

ဂျာနယ်တိုက်သို့ စာမူပေးပြီးအပြန်တွင် ဖြစ်သည်။ ကတ္တရာ လမ်းလေးက နေ့ခင်းနေ့လယ် ဖြစ်သည့်အတွက် လူသူကင်းရှင်းလျက် ရှိနေသည်။

သစ်ရွက်ခြောက်များလည်း လမ်းပေါ်သို့ တစ်ရွက်ချင်း ကြွေ ကျနေပါသည်။ နွေရာသီမရောက်ခင် ကြွေလွင့်မှုက အနည်းငယ်တော့ အံ့အားသင့်ဖွယ် ကောင်းလှ၏။ ဒါသည်ပင် ဖောက်ပြန်မှုတို့ရဲ့ အစပြု ခြင်းပေပဲလားမသိ။

ကောင်းထက် သစ်ရွက်ခြောက်တို့အား အကြောင်းမဲ့ ရှောင်နင်း လာခဲ့သည်။ ဘာလို့ ရှောင်နင်းလာခဲ့မှန်းလည်း ကိုယ်တိုင်မသိ၊ လမ်း လေးအတိုင်း တစ်ဦးတည်းလျှောက်ခဲ့ရာ မကြာမီမှာပင် အဝါရောင် သုတ်လိမ်းထားသော သူ နေထိုင်ရာ တိုက်တန်းလျားအနီးသို့ ရောက် လာသည်။



အုတ်တံတိုင်း ခတ်ထားသော ဝန်းခြံကြီးအတွင်း ဝင်ရောက် နိုင်မည့် တံခါးနှစ်ပေါက်ရှိသည်။ အခန်းရှိရာကို တစ်ချက်မော့ကြည့် ပြီး နီးစပ်ရာအပေါက်မှ ကောင်းထက် ဝင်ခဲ့ရာ . . .

"ဟာ . . . ကောင်လေး . . . လာဦး"

လှည့်ကြည့်တော့ ဦးအိန်ဂျလို၊ ဖုန်းရုံးရှေ့ ကော်ရစ်တာတွင် ရပ်ပြီး သူ့အား လက်ယပ်ခေါ်နေသည်။

ကောင်းထက် လျှောက်သွားလိုက်တော့ . . .

"တစ်နေကုန် မင်းဖုန်းတွေ လာနေတာကွာ။ အခု နောက်ဆုံး လာသွားတာနဲ့ဆို တစ်မနက်တည်း ရှစ်ခေါက်ရှိပြီ"

"ဟုတ်လား . . . ဘယ်သူဆက်တာလဲ"

"မင်းကောင်မလေး ထင်တာပဲ"

"ဗျာ"

ကောင်းထက် ပျာယာခတ်သွားသည်။ ရှစ်ကြိမ်တောင် ခေါ် ထားရသည့် အကြောင်းရင်းက . . .

"ဘာ . . . ဘာတဲ့လဲ . . . သူ ဘာပြောလဲ"

"နေဦး . . . သူ ပြောခိုင်းတာတွေ ငါ စာနဲ့ ရေးထားတယ်"

ပြောပြောဆိုဆို ဦးအိန်ဂျလိုက ဖုန်းခွက်အောက်မှ စာရွက် ခေါက်လေးတစ်ခုကို ယူပေးသည်။ ကောင်းထက် ကပျာကရာ ဖတ်ကြည့် လိုက်တော့ . . .

ကောင်း . . .

လရောင်ကိစ္စနဲ့ မေမေ ပြန်ရောက်လာပြီ၊ လရောင်ကို တစ်နေရာ ခေါ်သွားဖို့ လုပ်နေတယ်။ ကိုကို မြန်မြန်လာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . "

ဘာတွေ ဖြစ်ကုန်ပြီလဲ။

"ပြီး . . . ပြီးတော့ ဘာမှာသွားသေးလဲ"

"မင်းပြန်ရောက်တာနဲ့ ဖုန်းဆက်ပေးပါတဲ့"

အလျင်စလို ဖုန်းကောက်ဆက်တော့ လိုင်းမှာ ကျနေသည်။ လေးငါးခေါက်ခေါ်မှ ပထမဆုံး တစ်ခါဝင်သွား၏။ သို့သော် တစ်ဖက်မှ ကိုင်သူမရှိပါ။ နောက်တစ်ကြိမ် ထပ်ခေါ်သော်လည်း ဖြေဆိုသူ မဲ့မြဲမဲ့လျက် . . .

စိုးရိမ်လွန်သွားသော စိတ်တို့နှင့်အတူ ဖုန်းကိုချပြီး ကောင်းထက် အပြင် ပြေးထွက်လိုက်ပါသည်။ လမ်းမပေါ်ရောက်မှ သတိဝင်ကာ အတွင်းပြန်ပြေးလာပြီး . . .

"ဦးလေး . . . စက်ဘီး . . . စက်ဘီး ရှိတယ်မလား"

"ဟေ . . ."

"ဦးလေး . . . စက်ဘီးရှိတယ်မလားလို့"

"အေး . . . ရှိတယ်လေ . . . ဟိုမှာ"

ဦးအိန်ဂျလိုက ကြောင်တောင်တောင်ဖြင့် တစ်နေရာကို ညွှန်ပြသည်။ ခွင့်ပြုချက် တောင်းမနေတော့ပါ။ စက်ဘီးကိုဆွဲကာ အသားကုန် နင်းထွက်ခဲ့တော့၏။ လရောင်တို့ အိမ်တော်ကြီးက မြို့စွန်တွင်ဖြစ်ရာ အသက်ပင် ဝအောင်မရှူနိုင်အား။ တစ်ပတ်ခြင်း လည်နေသော ခြေထောက်တို့ကိုသာ မြန်သထက် မြန်စေရင်း . . .

မိနစ်နှစ်ဆယ်လောက်ကြာတော့ မြို့စွန်ကို ရောက်လာသည်။ ကန်တော့ချွန်အမိုးဖြင့် အိမ်ကြီးကိုလည်း ခပ်လှမ်းလှမ်းမှ လှမ်းမြင်ရသည်။ ကုန်းမြင့်ပေါ်တွင်ဖြစ်ရာ အားသွန်ရပြန်ပါ၏။ ခြံရှေ့ကို ရောက်တော့ . . .

"ကလောင် . . . ကလောင် . . . ကလောင်"



တံခါးတွင် ဆွဲထားသည့် ခေါင်းလောင်းအား အလျင်စလို လှုပ်ရမ်းသည်။ အတွင်းမှ လှုပ်ရှားမှုတစ်စုံတစ်ရာ မမြင်ရ။

"ကလောင် . . . ကလောင်"

ထွက်လာသူ မရှိ။

"ကလောင် . . . ကလောင်"

အချိန်အတော်ကြာမှ လူရိပ်တစ်ခုကို မြင်သည်။

လရောင် မဟုတ်ပါ။ ထို့အတူ ဒေါ်သိန်းလည်းမဟုတ်။ မြင်တွေ့ဖူးခြင်း မရှိပေမဲ့ အပြင်အဆင်နှင့် အသွေးအမွေးအရ မည်သူဆိုတာ သိလိုက်သည်။ အသက်လေးဆယ်ကျော်အရွယ် လရောင်နှင့် မဆိုသလောက် တူညီသော ရုပ်ရည်ရှိသူ။

ထိုအမျိုးသမီးက သူ့အား စူးစမ်းသော အကြည့်နှင့် မမိုတ်မသုန် ကြည့်ပြီး . . .

"ဘာကိစ္စလဲ"

"လရောင်နဲ့ တွေ့ချင်လို့ပါ"

မျက်လုံးနှစ်လုံး မှေးကျင်းသွားပြီး သူ့အား အကဲခတ်သလို ထက်အောက် စုန်ဆန်ကြည့်ကာ . . .

"သမီးနဲ့ တွေ့ရအောင် မင်းက ဘယ်သူလဲ"

အဖြေပေးရ ခက်သွားပါ၏။ သူငယ်ချင်းလို့ပဲ ပြောရမလား။ မိတ်ဆွေလို့ပဲ ဖြေရမလား။ ဒါပေမဲ့ ဘယ်လိုပဲဖြေဖြေပါ ယုံကြည်ဖို့ မဖြစ်နိုင်သည်မို့ . . .

"ကျွန်တော် လရောင်ရဲ့ချစ်သူပါ"

မယုံကြည်နိုင်သော မျက်လုံးတွေဖြင့် သူ့အား နောက်တစ်ကြိမ် ထက်အောက် စုန်ဆန်ကြည့်ပါသည်။

"ကျွန်တော့်နာမည် ကောင်းထက်လို့ ခေါ်ပါတယ်။ အခုလည်း လရောင် ဖုန်းဆက်ခေါ်ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

မမိုက်မသုန် စိုက်ကြည့်နေရာမှ အမျိုးသမီး၏ နှုတ်ခမ်းများ တွန့်ကွေးလာပြီး . . .

"သြော် . . . မိန်းမက ရူးတာရူးတယ်၊ ဒါမျိုးတော့ တတ်သားပဲ။ အဲဒါကြောင့် ကောင်မ ဒီအတောအတွင်း အချိုးတွေ ပြောင်းနေတာ"

"လရောင်နဲ့ တွေ့ပါရစေဗျာ။ ကျွန်တော့်ကို လရောင်နဲ့ တွေ့ခွင့်ပေးပါ"

"လရောင် မရှိတော့ဘူး။ သူ့အဖေ ခေါ်သွားပြီ"

"ဗျာ . . ."

သူ၏ အသက်ရှူနှုန်းတွေ ပရမ်းပတာ မြန်ဆန်သွားပြီ . . .

"ဘယ် . . . ဘယ်ကို ခေါ်သွားတာလဲ အန်တီ"

"မသိဘူး"

ရပ်နေသော ကမ္ဘာမြေကြီး တုန်ခါသွားသလို ခံစားလိုက်ရ၏။ မဖြစ်နိုင်ဟူသော အသိကစိတ်ထဲကို အလုံးအရင်းနှင့် ဝင်ရောက်လာသည်။

"မဖြစ်နိုင်တာဗျာ . . . ခေါ်သွားတယ်ဆို ဘယ်ကိုခေါ်သွားတာလဲ အန်တီ သိရမှာပေါ့။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ လရောင်ကို ဘယ်ခေါ်သွားတာလဲ။ ကျွန်တော့်ကို ပြောပြပါ"

"မသိဘူးလို့ ပြောပြီးသွားပြီ။ ယုံတာ မယုံတာ ငါနဲ့ မဆိုင်ဘူး။ ငါ ပြောနိုင်တာက ဒီရှေ့က မင်း ထွက်သွားတော့"

"မထွက်ဘူးဗျာ . . . လရောင်ကို ဘယ်ခေါ်သွားတာလဲ။ မပြောမချင်း ကျွန်တော် မပြန်ဘူး"

"ဘာဖြစ်တယ်"

အမျိုးသမီးကြီး ပေါက်ကွဲသွားသည်။ ကောင်းထက် အိမ်တွင်းလှမ်းကြည့်ပြီး . . .



"ဒေါ်သိန်းရေ . . . ဒေါ်သိန်း . . . ကျွန်တော် ကောင်းထက်ပါ။ လရောင်ကို ဘယ်ခေါ်သွားတာလဲ ပြောပြပေးပါဗျာ"

"တိတ်စမ်း . . . ဒေါ်သိန်းလည်း မရှိဘူး၊ လရောင်လည်း မရှိဘူး၊ သူတို့နှစ်ယောက်လုံး ပါသွားပြီ"

"မယုံဘူးဗျာ . . . ကျွန်တော် ဝင်ရှာမယ်။ ကျွန်တော့်ကို တံခါးဖွင့်ပေး"

"အောင်မာ . . . မင်းက ဘာကောင်မလို့ ငါ့အိမ်ထဲ ဝင်ရှာရမှာလဲ။ မင်းကို ငါ ငါးမိနစ် အချိန်ပေးမယ်။ ငါးမိနစ်ပြည့်လို့မှ ခြံရှေ့က ထွက်မသွားရင် မင်းထိုက်နဲ့ မင်းကံပဲ"

ကိုယ်ကို ချာခနဲလှည့်ရင်း ဒေါသကြီးသော ခြေလှမ်းတွေနဲ့ အတွင်း ပြန်ဝင်သွားသည်။

သံဘာဂျာတံခါးကို ကိုင်လျက် ကျန်ခဲ့သောသူ့မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXVI

"သမီးကို ဘယ်ခေါ်သွားမှာလဲဟင် . . . ဖေကြီး"

ကားမောင်းနေရာမှ သူမဘက် လှည့်ကာ . . .

"နောက်တော့ သိမှာပေါ့ . . . သမီးလေးရယ်။ သိပ်မလိုတော့ပါဘူး"

ဖေကြီးက နှစ်သိမ့်သောအပြုံးဖြင့် သူမခေါင်းလေးကို ပွတ်ကာဖွလိုက်သည်။ ငြိမ်ငြိမ်လေး ထိုင်လိုက်ရုံမှတစ်ပါး လုပ်စရာမရှိတော့ပြီမဟုတ်ပါလား။ ဖေကြီးကတော့ ဆရာဝန်ပီသစွာ အရှယ်နှင့် မလိုက်အောင် သွက်လက်နုပျိုကာနေသည်။ ကျန်းမာရေး လိုက်စားထားသည့်အတွက် ကိုယ်နေဟန်ထားမှာလည်း တောင့်တင်းဖျတ်လတ်နေလျက် –

စိတ်ဖိစီးမှု ကြီးကြီးမားမား ရှိမနေသော မျက်နှာသွင်ပြင်ကိုလည်း အကဲခတ်မိရကာ လရောင် သက်ပြင်းတစ်ချက်ကို မသိမသာချမိလိုက်သည်။ ကွာလိုက်တာလေ၊ ကိုယ့်မှာက ငယ်ငယ်ရွယ်ရွယ်နဲ့ . . .



နောက်ခန်းမှာ ထိုင်နေသည့် ဒေါ်သိန်းကို လှည့်ကြည့်တော့ ငြိမ်ငြိမ်နေဟူသည့်သဘော ခေါင်းယမ်းပြသည်။ ကားလေးက မြို့မှ ထွက်ခွာလာခဲ့တာ အချိန်အတော်ကြာပြီဖြစ်၏။

တစ်ဖက်တစ်ချက်မှာ တောအုပ်ထူထူများ ရှိနေသည်။ ဖေကြီး ဘယ်ကို မောင်းနေတာလဲ သူမ မသိ။ ပြီးတော့ . . . ကောင်း။

ကောင်း ဘယ်တွေ သွားနေတာလဲ။ ဖုန်းအကြိမ်ကြိမ် ဆက်ခဲ့သော်လည်း ကောင်းနဲ့ စကားပြောခွင့်မရခဲ့။ အခုအတိုင်းဆို ကောင်းနှင့် သူမ ဝေးရတော့မည်သဘောလား။ ကောင်းဘက်က သူမမှာ သည်အတိုင်း အိမ်လိုက်လာခဲ့လျှင် မေမေနှင့် ဆော့ချာပေါက် တိုးတော့မည်။ ထိုအခါ . . .

စဉ်းစားရင်းနှင့် စိတ်မောလာရ၏။ တတ်နိုင်သလောက်တော့ အချိန်ဆွဲခဲ့ပါသည်။ သို့သော် မိဘနှစ်ပါးရဲ့ ပြင်းထန်သော စကားလုံး စစ်ပွဲတွေကြားမှာ သူမ အကြာကြီး မတတ်နိုင်ခဲ့။

ကောင်းတော့ စိတ်အပူကြီး ပူနေပေတော့မည်။

ဒါပေမဲ့ ဘုရားပေးလက်ဆောင်တစ်ခု သူမထံမှာ ရှိနေပါသည်။ ကောင်းနှင့် စကားပြောနိုင်မည့် (သို့) ကောင်းကို တစ်ဆင့်ခေါ်ဆိုပေးနိုင်မည့် ဖုန်းနံပါတ်လေး။

အတွေးနှင့် ငြိမ်နေသော သူမကို ဖေကြီးက စကားဆိုသည်။

"သမီးလေး . . . နေမကောင်းဘူးလား"

"ရှင် . . . အင်း . . . ကောင်းပါတယ်"

အလျင်စလိုဖြေလိုက်သော သူမ ပုံစံကြောင့် ဖေကြီးက အတွင်းစိတ်အား နှိုက်ထုတ်နိုင်သည့်အကြည့်ဖြင့် ကြည့်ကာ ခပ်ယောင်ယောင်ပြုံးသည်။ ပြီးတော့ သူမ ဦးခေါင်းအား ညင်သာစွာ နောက်တစ်ကြိမ်ပွတ်သပ်ရင်း . . .

"အခုလို ရောဂါဖြစ်နေတာ ဘာလို့ ဖေကြီးကို အသိမပေးရတာလဲ . . . သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဖေကြီး စိတ်မကောင်းဖြစ်မှာ စိုးလို့ပါ"

ဖေကြီးက သက်ပြင်းကိုချကာ . . .

"သိလား . . . ဒေါ်သိန်း၊ သက်တမ်းတစ်လျှောက် ကျွန်တော် လုပ်ခဲ့တဲ့ အမှားတွေအားလုံးထဲမှာ ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်လို့ မရဆုံး အမှားတစ်ခုက သမီးလေးကို ကျွန်တော်နဲ့အတူ ခေါ်မထားနိုင်ခဲ့တာပဲ။ တရားတဘောင် ရင်ဆိုင်တော့ ကျွန်တော် သမီးကို ချစ်မှန်းသိလို့ ကျွန်တော့်ကို လက်စားချေချင်စိတ်နဲ့ သမီးကို စောင့်ရှောက်ခွင့် ဟိုမိန်းမ မရရအောင် ယူခဲ့မှန်း အဲ့တုန်းက မသိခဲ့ဘူး။ သိတဲ့အချိန်မှာ တော်တော်နောက်ကျသွားပြီ။ တော်တော်အကြံပက်စက်တဲ့ မိန်းမဗျာ"

အံကြိတ်ထားသော ဖေကြီးမျက်နှာက ခက်ထန်လျက် ရှိနေသည်။

"သူ့ကို မျက်နှာချင်းမဆိုင်ချင်လို့ တစ်နှစ်တစ်ခါတောင် သမီးကို လာမကြည့်ခဲ့တဲ့ ကျွန်တော့်အမှားလည်း ပါတာပေါ့လေ။ ဒါပေမဲ့ ကျွန်တော် အမှန်နှစ်ခုကိုတော့ လုပ်ခဲ့ပါတယ်။ တစ်ခုက အဲဒီမိန်းမကို ရအောင်ကွာခဲ့တာ။ နောက်တစ်ခုကတော့ သမီးလေးအတွက်ဆိုပြီး ဒီမှာ အိမ်တစ်လုံး ဝယ်ထားခဲ့တာပဲ"

တအံ့တသြဖြင့် ဖေကြီးကို မော့ကြည့်တော့ . . .

"ဟုတ်တယ် . . . သမီး၊ အခု သမီးအတွက် ဝယ်ထားတဲ့အိမ်ကို သွားနေတာ။ ဘာမှမပူနဲ့ . . . ဟိုမှာ ဖေကြီး အားလုံး စီစဉ်ထားတယ်။ သမီးကိုကုဖို့ ဆရာဝန်ကိုလည်း ဖေကြီး ခေါ်ထားပြီးပြီ။ တခြားသူလည်း မဟုတ်ဘူး။ ဖေကြီးရဲ့ ငယ်သူငယ်ချင်း"

သူမ မျက်နှာအား အကဲခတ်သလို ကြည့်ပြီး ဖေကြီးက . . .

"ဖေကြီးလည်း ရှိတယ်။ ဒေါ်သိန်းလည်း ပါနေတာပဲ။ သမီး အဆင်ပြေမှာပါ"

အဆင်ပြေပါစေလို့ ဆုတောင်းရုံကလွဲပြီး ဘာလုပ်လို့ ရဦးမှာလဲလေ။



"ဖေကြီးကုပေးလို့ မရဘူးလား ဟင်"

"ဘယ်ရမလဲ . . . သမီးရယ်။ ဒါမျိုးရောဂါတွေက ဖေကြီးတို့လို ဆရာဝန်တွေနဲ့ မရဘူး"

ထိုစဉ်မှာပဲ ကားလေးက လမ်းမကြီးမှတစ်ဆင့် ဘယ်ဘက်သို့ ချိုးကွေ့ဝင်သွားသည်။ တောလမ်းဟု ဆိုရပါမည်။ အရှိန်ကြောင့် ကားနောက်ဖက်မှာ ဖုန်မှုန့်နှင့် အမှိုက်သရိုက်များ လွင့်ကျန်ခဲ့သည်။ တစ်ဖက်တစ်ချက်မှာ အစီအရီစိုက်ပျိုးထားသော ရာဘာပင်ငယ်များကို မြင်ရပြီး ရာဘာခင်းမှာ မျက်စိတစ်ဆုံး ရှည်လျားသည်။

ရာဘာခင်းလွန်တော့ မြင့်မားသော တောင်တန်းကြီးများကို အရင်ဆုံး မြင်ရ၏။ တရွေ့ရွေ့ဖြင့်ကားလေးက ထိုတောင်တန်းကြီးများဆီသို့ တိုးကပ်ကာ သွားသည်။ မကြာခင်မှာပဲ ကျယ်ဝန်းသော ခြံကြီးနှင့်အတူ တောင်တန်းအောက်ခြေတွင် ကပ်ဆောက်ထားသော နှစ်ထပ်တိုက်လေးတစ်လုံးအား မြင်ရပါ၏။

"တီ . . . ဂျီ"

ဟွန်းသံကြောင့် အတွင်းမှ ကောင်လေးတစ်ဦး ပြေးထွက်လာပြီး ခြံဝန်းတံခါးကြီးအား လာဖွင့်ပေးသည်။

"ဒါ သမီးအိမ်ပဲ"

အိမ်ရှေ့ရောက်တော့ ကားကို စက်သပ်ကာ . . .

"လာ . . . သမီး၊ ဆင်းရအောင်"

ဖေကြီး ဆင်းတော့ သူမနှင့် ဒေါ်သိန်းလည်း လိုက်ဆင်းရသည်။ အိမ်တွင်းသို့ ခြေလှမ်းချမိစဉ်မှာပဲ . . .

"ဟော့ . . . ဘယ်လိုလဲ"

အသံနှင့်အတူ အိမ်တွင်းမှ အသက်ခြောက်ဆယ်ဝန်းကျင် လူကြီးတစ်ဦး ထွက်လာပါသည်။

"အားလုံး အိုကေတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဖေကြီးက ပြန်လည်ပြောဆိုရင်း အခုမှ တွေ့ရသော မိတ်ဟောင်းများလို နှစ်ဦးသား ပွေ့ဖက်ကြ၏။ ပြီးတော့ . . .

"ဒါ . . . ကိုယ့်သမီးပဲ"

လူကြီးက သူမအား အပြုံးဖြင့် နှုတ်ဆက်ပါလာတော့ ဖေကြီးကပင် . . .

"ဒါ သမီးရောဂါကို ကုပေးမယ့် ဆရာဝန်ပဲ။ ဦးအာသာကိတ်လို့ ခေါ်တယ်။ ဖေကြီးရဲ့ ငယ်သူငယ်ချင်း စိတ်ပညာပါမောက္ခဟောင်းတစ်ဦးပေါ့"

မိတ်ဆက်စကားဆုံးတော့ ထိုဦးလေးကြီးက သူမကို လက်ထိုးပေးကာ . . .

"မင်္ဂလာပါ . . . သမီး၊ ဦးလေး အရင်းတစ်ယောက်လို သဘောထားနိုင်ပါတယ်"

လက်ကိုထိကိုင်စဉ် နွေးရှသော စွမ်းအင်တစ်ခုကို လှစ်ခနဲခံစားလိုက်ရသည်။

* * *

စိတ်ခွဲပညာ လေ့လာနည်းဟူသည်ကား စိတ်ဝေဒနာရှင်တို့၏ ဖြစ်ရပ်သမိုင်းများအပေါ် အခြေခံကာ စိတ်၏ အခြေအနေအရပ်ရပ်ကို ဖော်ထုတ်ရန် ကြိုးပမ်းသည့်ပညာ ဖြစ်သည်။ ခေါင်းဆောင်မှာ ဗီယင်နာမြို့သား ဆရာဝန် ဆစ်ဂမန်ဖရိုက် (Sigmund Freud) ဖြစ်၏။ သူ၏ အခြေခံယူဆအချက်မှာ ကျွန်ုပ်တို့၏ အပြုအမူ အတော်များများသည် မသိစိတ်ဖြစ်စဉ်များ (Unconscious Processes) မှ ပေါ်ထွက်လာခြင်း ဖြစ်သည်ဟူသော အချက်ဖြစ်၏။ မသိစိတ်များဟူသည်ကား ကာယကံရှင်မသိသော စိတ်ကူးများ၊ အကြံအစည်များ၊ ကြောက်ရွံ့စိုးရိမ်မှုများနှင့် လိုအင်ဆန္ဒများက ထိုသူ၏ အပြုအမူအပေါ် လွှမ်းမိုးခြင်းကို ရည်ညွှန်း ပေသည်။

လူနာသည် မိမိစိတ်တွင်းရှိသမျှတို့ကို ဆရာအား ပွင့်ပွင့်လင်းလင်း ပြောပြရ၏။ လူနာပြောသမျှတို့ကို စိတ်ရှည်စွာ နားထောင်ပေးခြင်း၊ အပြန်အလှန် စကားပြောဆိုခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနည်းဖြင့် လူနာ၏ မသိစိတ်တွင်း ကွယ်ဝှက်နေသော အရာတို့ကို ဖော်ထုတ်ပေးခြင်းမှာ စိတ်ခွဲပညာ သဘောတရားပင် ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# XXVII

လှေကားမှတက်တော့ သူမ ရင်တွေ ခုန်နေသည်။ ဦးအာသာကိတ်ရဲ့ အကြည့်က သူမစိတ်ကို ဖောက်ပြီး ရှိသမျှအရာတွေ သိမ်းကျုံးယူငင်သွားသလို ခံစားလိုက်ရသည်။ ဘာကြောင့်မှန်းမသိ အလိုလိုနေရင်း စိတ်မှာ မောနေ၏။

"ဒေါ်သိန်းကိုလည်း သမီးနဲ့အတူနေဖို့ စီစဉ်ထားတယ်။ နေရာသစ်ဆိုတော့ သမီးလည်း အဖော်ရတာပေါ့"

ဒေါ်သိန်းက ဘာမှမပြော။ ခေါင်းငုံ့လျက်သာ ပါလာသည်။ အပေါ်ထပ်ကို ရောက်တော့ . . .

"ဘယ်လိုလဲ . . . သမီး၊ အိမ်က အဆင်ပြေရဲ့လား"

"ဟုတ် . . . ပြေပါတယ်"

"တဖြည်းဖြည်းတော့ နေသားကျသွားမှာပါ"

ခေါင်းညိတ်ပြ၍ သိလိုရာကိုသာ အလျင်စလို မေးလိုက်သည်။

"ဒီအိမ်မှာ ဖုန်းရှိလားဟင်"



"မရှိဘူး . . . သမီးရဲ့၊ မြို့နဲ့ဝေးတော့ တပ်ဖို့ အဆင်မပြေဘူး"

"ဖေကြီး . . . အိတ်ထဲကဟာနဲ့ ဆိုရင်ရောဟင်"

သူမ အမေးကြောင့် ဖေကြီးက အိတ်ကပ်ကို အလန့်တကြား ငုံ့ကြည့်ကာ . . .

"သြော် . . . ဒါလား"

". . . . . . ."

"ဒါ ဟန်းဖုန်းလေ။ မြို့ကြီးတွေမှာတော့ ပြောလို့ရတယ်။ ဒီမှာတော့ လိုင်းမမိဘူး။ ဟို . . . တောင်ကုန်းတွေပေါ် တက်ဆက်ကြည့်ရင်တော့ မပြောတတ်ဘူး။ ဘာလဲ . . . သမီး ဖုန်းပြောစရာ ရှိလို့လား"

ချက်ချင်းပဲ ခေါင်းကိုယမ်းကာ . . .

"မရှိပါဘူး . . ."

"အဲလိုဆို နားလိုက်ဦး။ ဖေကြီး အောက်ဆင်းပြီး အာသာနဲ့ စကားပြောလိုက်ဦးမယ်။ ဒီညတော့ မစလောက်သေးဘူး ထင်တာပဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

# XXVIII

ထင်သည်ဆိုသော်လည်း ထိုညမှာပင် စခဲ့ပါသည်။ ပတ်ဝန်း ကျင်မှ ပိုးကောင်၊ မွှားကောင်တို့၏ တစီစီအော်သံကို ကြားရသည့် တောတောင်ထဲတွင် တစ်ထီးတည်းရှိနေသော အိမ်တစ်လုံးဖြစ်ရာ သက်သက် အထီးအတွေ့တစ်ခုက ရှိနေ၏။

မီးတွေ ထိန်ထိန်လင်းနေသော အိမ်အပေါ်ထပ် အခန်းတစ်ခု ထဲတွင်ဖြစ်သည်။ နီကြန်သော မီးအရောင်တို့က မျက်နှာကြက်မှ ပြေပြေ ထိုးကျနေသည်။

"ပေါ့ပေါ့ပါးပါးပဲနေ . . . သမီး၊ ကုသမှုခံနေတယ်လို့ သဘော မထားနဲ့။ အန်ကယ်နဲ့သမီး တစ်ယောက်အကြောင်းတစ်ယောက် ပြော နေတယ်ပဲ သဘောထား"

"ဟုတ်ကဲ့"



ခပ်လှမ်းလှမ်းတွင် ဖေကြီးနှင့် ဒေါ်သိန်း ရှိနေသည်မို့ စိုးရိမ် စိတ်မဖြစ်မိ။

"အရင်ဆုံး သမီးအကြောင်း အန်ကယ့်ကို ပြောပြ။ အန်ကယ် နားထောင်ချင်တယ်"

"ဘာအကြောင်းလဲ . . ."

"သမီးစိတ်ထဲမှာ ပေါ်လာတဲ့ သမီးနဲ့ပတ်သက်သမျှ အားလုံး ပေါ့"

ဘာပြောရမှန်းမသိ တစ်ခါမှလည်း ဒါမျိုးကိစ္စတွေ မကြုံဖူးတော့ ကြောင်တောင်တောင် ဖြစ်နေသည်။

"သမီး မပြောတတ်ဘူး။ ဘာပြောရမှာလဲ"

"စိတ်အေးအေးထား . . . သမီး၊ အန်ကယ့်ကို လုံးဝ မကြောက်နဲ့။ အခု သမီးစိတ်ထဲမှာ ဘာတွေရှိလဲ။ ဘာတွေပေါ်လာလဲ။ ပေါ်လာ တာကနေ စပြော"

ဒီတစ်ကြိမ်တော့ သူမ ငြိမ်ကာ စဉ်းစားမိလိုက်၏။ စိတ်ထဲ မှာ ဘာတွေပေါ်နေတာလဲ သတိထားကာ ကြည့်သည်။

ဖေကြီးတို့ရှိရာဆီ လှမ်းကြည့်တော့ သူမအား စိုးရိမ်မကင်းသော ဟန်တွေနှင့် ရှိနေကြသည်။ ထိုခဏမှာပဲ အကြောင်းအရာတစ်ခုက စိတ် တွင်းမှာ ရုတ်ခြည်း ပေါ်လာသည်။ ကြာတော့ ကြာနေပါပြီ။

"ဘာပြောပြော ရလား"

"ရတယ်"

မျက်လုံးကို မှိတ်တော့ ပေါ်လာသည့် အာရုံတစ်ခုမှာကား။

"အဲဒီညက သမီးဆေးရုံမှာ"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

"မေမေ အပြင်သွားလို့ ဖေကြီးက သမီးကို ခေါ်ရုံခေါ်လာတာ။ မိုးတွေ ရွာနေတယ်။ ပြီးတော့ ဖေကြီးတို့ ဆရာဝန်တွေ လူတစ်ယောက်ကို ခွဲစိတ်နေတယ်"

"အင်း . . . ဘာမြင်ရလဲ"

"သွေးတွေ . . ."

". . . . . . . . . . . . . ."

". . . . . . . . . . . . . ."

ᴖ ᴖ ᴖ



# XXIV

သွေးစက်စက်ကျနေသော ဓားအား ပဝါဖြင့် သုတ်လိုက်သည်။ တင်းထားသော ကြွက်သားတွေကို ဖြေလျှော့တော့ ရင်ဘတ်ဆီမှ စူးဝင်ထားသော ဓားဒဏ်ရာက တဆစ်ဆစ် နာလာသည်။

ဒီနေ့ အသုဘ မရှိပါ။

ထို့အတွက် သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာနောက်တစ်ခု ဖြစ်တည်ခဲ့ရပြီ။ သွေးစွန်းထားသော ပဝါနှင့်ပင် ရင်ဘတ်မှ စီးကျနေသည့် သွေးကို ထပ်သုတ်သည်။

ဝေဒနာလျော့ပါးသွားစဉ်မှာ နောက်ဝေဒနာတစ်ခုက . . .

"လရောင် . . ."

မင်း ဘယ်တွေ ရောက်နေတာလဲ။ ကိုယ့်စိတ်ဓာတ်နဲ့ အားအင်တွေ ချွတ်ခြုံကျမတတ် မရပ်မနား ရှာဖွေနေတာပါ။ ဒါပေမဲ့ . . . မင်း သတင်းအစအနကို အခုထိ မရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သုံးရက်ဆိုတဲ့ အချိန်ဟာ ဘာမှကြာလှတာ မဟုတ်ဘူး။ ချစ်သူတွေ ဖြစ်လျက်နဲ့တောင် သုံးရက်မက သူတို့ အဆက်အသွယ်မရှိ နေခဲ့ဖူးတာပဲ။ ဒါပေမဲ့ ဤအရပ် ဤဝန်းကျင်မှာ မင်းမရှိတော့ဘူးဆိုတဲ့ အသိက . . .

အခုဆို မင်းနဲ့ စုံနိုင်ဖို့ ကိုယ့်မှာ နည်းလမ်းနှစ်ခုပဲ ရှိတော့တယ်။

ပထမတစ်ခုက မင်း ရှစ်ကြိမ်တိတိ ခေါ်ဆိုထားတဲ့ ဖုန်းလေး။ နောက်တစ်ခုက သုသာန်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။

အသုဘမပို့ရ မနေနိုင်သူတစ်ယောက်အနေနဲ့ ဒီအနီးအနားမှာ မင်း ရှိနေသေးရင် တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ သုသာန်ကို ရောက်လာမှာပါ။

အသုဘနေ့တိုင်း ရှိဖို့နဲ့ ကိုယ် အမြဲတမ်း စောင့်နေနိုင်ဖို့တော့ လိုတာပေါ့။



သွင်ပြင်လက္ခဏာ လေ့လာနည်းက ပုဂ္ဂလိက အတွေ့အကြုံနှင့် ပိုမိုသက်ဆိုင်သည်။ ဖြစ်ရပ်များနှင့် ပတ်သက်၍ တစ်စုံတစ်ဦး၏ ကိုယ်ပိုင်အာရုံသိမှုနှင့် ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ဆိုမှုတို့သည် အရေးပါသည် ဆို၏။ ယင်းလေ့လာနည်းအရ လူ့သဘာဝကို သိလိုပါက လူတို့၏ သူတို့ကိုယ်သူတို့ အာရုံသိမှု၊ သူတို့၏ လောကအပေါ် အာရုံသိမှုတို့ကို လေ့လာပါ။ သူတို့၏ အပြုအမူကို စောင့်ကြည့်နေစရာ မလိုပါဟု ဆိုနိုင်သည်။

အခြေအနေ တစ်ရပ်တည်းကိုပင် လူနှစ်ဦးလည်း လုံးဝ ခြားနားစွာ တုံ့ပြန်တတ်ကြပေသည်။ ယင်းအခြေအနေကို သူတို့ တစ်ဦးချင်း မည်သို့ အဓိပ္ပာယ်ဖွင့်ဆို နားလည်သနည်းဟူသော အချက်ကို ဖော်ထုတ်နိုင်မှသာ သူတို့၏ အပြုအမူကို အပြည့်အဝ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

တစ်နည်းဆိုရသော် ဤနည်းသည် လူ့အပြုအမူကို ယန္တရားသဖွယ် သဘောထားသည့် အပြုအမူ လေ့လာနည်းနှင့် စိတ်ခွဲပညာ လေ့လာနည်းတို့ကို တန်ပြန်သည့် နည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# XXV

မင်္ဂလာရှိသော မနက်ခင်းတစ်ခုတော့ မဟုတ်ပါဘူး ချစ်သူ။ ကိုယ်တို့ ပတ်ဝန်းကျင်မှာ ရွှေရောင်၊ ငွေရောင်တွေ တောက်မနေပါဘူး။ ခြေပြေထိုးကျနေတဲ့ နေရောင်အောက်မှာ လှိုင်းကြက်ခွပ်လေးတွေလည်း ကြယ်ရောင် ထမနေဘူး။ ရှင်းအောင်ပြောရရင်တော့ ဒီရပ်ဝန်းလေးက သနပ်ခါးပန်းရနံ့တွေ သင်းပျံ့ရာ မဟုတ်ဘူးပေါ့။

ထင်းရှူးနံ့ မွှေးနေတယ်။ နားထဲမှာ သုဘရာဇာရဲ့ ဆုတောင်းစာ ရွတ်ဖတ်သံကို ကြားနေရတယ်။ လူတစ်ယောက် သေဆုံးတာပါ။ ကိုယ်တို့အတွက်တော့ ထူးဆန်းသောကိစ္စတစ်ခု မဟုတ်ပါဘူး။ အခု ကိုယ် အသုဘအခန်းနားတစ်ခုကို ရောက်နေတာပါ ချစ်သူ . . . ။

ကောင်းထက် သက်ပြင်းကိုချလိုက်၏။ ယနေ့နှင့်ပါဆို လရောင် သူ့နံဘေးမှ ထွက်ခွာသွားတာ ငါးရက်တင်းတင်း ပြည့်ပါပြီ။

အရင်တည်းက ရူးနေတဲ့လူလို ပိုရူးအောင် လုပ်နေတာလေ ချစ်သူရယ်။ အသုဘတိုင်းလည်း ရောက်ဖြစ်ခဲ့ပါတယ်။ စက္ကန့်တိုင်းလည်း မင်းဆက်မယ့်ဖုန်းကို မျှော်နေခဲ့ပါတယ်။ ဒါပေမဲ့ . . .



အရမ်းကြိုက်ခဲ့တဲ့ သီချင်းလေးတစ်ပုဒ်လိုပေါ့။

"မင်းလေးတစ်ယောက်မရှိတော့ × × ×
လောကကြီးက လှနေလည်း × × ×
မပြည့်စုံဘူးလို့ဆိုမယ် × × ×
အချစ်ဆုံးမင်းမရှိရင် ရင်မှာ ဟာဆဲပဲ × × ×
မပြည့်စုံဘူး × × × အချစ်လေး × × × "

သူများတွေ မသိပေမဲ့ ကိုယ်တို့အတွက်တော့ ဒီရပ်ဝန်းလေးက အလှတရားတွေ ပြည့်စုံနေတဲ့ ရပ်ဝန်းလေးပါ။ မင်းလည်း ကြိုက်နှစ်သက်လိမ့်မယ် ထင်ပါတယ်။

ဒါပေမဲ့ . . .

မင်း ရှိမနေတော့လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com

# XXVI

"ငါကတော့ မင်းကိုပဲ အပြစ်တင်ချင်တယ် . . . နေဝင်း"

"ဟေ . . . ဘာဖြစ်လို့လဲ"

"မင်းသမီး အခုလို စိတ်ရောဂါ ရရှိခဲ့တာ အဓိက တရားခံက မင်းပဲ"

ကုလားထိုင်တွင် ထိုင်နေရာမှ ဦးနေဝင်း မျက်လုံးပြူးသွားသည်။

"သမီးလေးမှာ ငယ်ငယ်က သွေးကြောက်တတ်တဲ့ ရောဂါအခံမျိုး ရှိခဲ့ဖူးလား"

"ဟာ . . . ရှိတာပေါ့။ ငယ်ငယ်က သမီးလေး သွေးအရမ်းကြောက်တာ"

"ဒါဆိုရင် ပိုသေချာသွားပြီ"

ဦးအာသာကိတ်က သူငယ်ချင်းဖြစ်သူရဲ့ မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း . . .

"ငါတို့ စိတ်ပညာမှာ အလျှင်တစ်ခုနဲ့ စီးဆင်းနေတဲ့စိတ်ဟာ ဂိတ်ဆုံးမှတ်ကို ရောက်သွားရင် (သို့) ဆက်လက်မစီးဆင်းနိုင်တော့ရင်



ဆန့်ကျင်ဘက်သဘောကို ဆောင်သွားတတ်တဲ့ အခြေအနေတွေ တစ်ခါတစ်ရံမှာ ရှိတတ်တယ်။ တို့လူတွေမှာ အချစ်လွန်ပြီး မုန်းသွားတာမျိုး။ အမုန်းလွန်ပြီးတော့ ချစ်သွားတတ်တာမျိုး။ ဥပမာကွာ မိန်းကလေးတစ်ဦးက သူ့ကို စိတ်ဝင်စားနေတဲ့ ကောင်လေးတစ်ဦးကို အရမ်းမုန်းနေတယ်။ ကြည့်လို့မရအောင် မုန်းနေတယ်။ ဒါပေမဲ့ တကယ့်တကယ် အိမ်ထောင်ပြုတဲ့အခါ အဲဒီကောင်လေးနဲ့ပဲ ညားသွားတယ်။ အမုန်းလွန်ပြီး ဆက်မုန်းစရာ မကျန်တော့ဘဲအခါမှာ ချစ်သွားတဲ့ သဘောမျိုး။ အခုလည်း ဒီအတိုင်းပဲ။ သမီးလေးက သွေးကြောက်တယ်။ အဲဒါကို မင်းက သတိမမူဘဲ အိမ်မှာတစ်ယောက်တည်း မထားခဲ့ချင်လို့ ဆေးရုံ ခေါ်ခေါ်သွားတယ်။ ပြီးတော့ မင်းက ခွဲစိတ်ဆရာဝန်၊ သွေးသံရဲရဲတွေလို သမီးလေးမှာ နေ့တိုင်းနီးနီး မြင်တွေ့ခဲ့ရတယ်။ အစတော့ ကြောက်တာပေါ့။ ဒါပေမဲ့ ကြောက်ရွံ့ခြင်းရဲ့ ဂိတ်ဆုံးမှတ်လို ရောက်သွားပြီးတဲ့အချိန်မှာ သမီးလေးရဲ့စိတ် တစ်မျိုးပြောင်းသွားတယ်။ မကြောက်တော့ဘူး။ တဖြည်းဖြည်း ယဉ်ပါးလာပြီးတဲ့နောက် သွေးကို ချစ်သွားတော့တာပဲ"

"ဘယ်လို . . ."

"အခုချိန်ထိ အနီရောင်လို စွဲစွဲလမ်းလမ်းဖြစ်နေတာဟာ အဲဒါရဲ့ သက်သေပဲ။ ပြီးတော့ မင်းတို့ မိဘတွေမကောင်းလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ဒဏ်ရာ အကြီးအကျယ် ရခဲ့တယ်။ သူချစ်တဲ့အဖေက အဝေးကို ထွက်သွားတယ်။ အနားမှာရှိနေတဲ့ အမေက သူ့ကို လုံးဝ ဂရုမစိုက်ဘူး။ အရွယ်မတိုင်ခင် အထီးကျန်ဆန်တဲ့ဝေဒနာကို ထပ်ရတယ်။ အဲဒီအချိန်မှာ စိတ်ရဲ့ပုံသဏ္ဌာန်က နောက်တစ်မျိုး ထပ်ပြောင်းသွားတယ်ပေါ့။ မင်းမရှိတော့တဲ့အတွက် ဆေးရုံမသွားရတော့ဘူး။ အဲဒီအခါမှာ ဆေးရုံက စွဲလမ်းခဲ့တဲ့ ခံစားမှုကိုပြန်ရဖို့ အကောင်ဗလောင်လေးတွေကို သတ်တယ်။ သတ်ချင်လို့ သတ်တာတော့ မဟုတ်ဘူး၊ အဓိကက သွေးကိုကြည့်ချင်တာ။ သွေးထွက်တော့ သက်မဲ့ခန္ဓာနဲ့ သွေးကို အကြာကြီး ထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ တားမဲ့သူ ခရှိဘူး၊ မလုပ်နဲ့လို့ ပြောမဲ့သူ မရှိဘူး။ ကြည့်ရင်းနဲ့ သူ့စိတ်မှာ အဲဒါကို ထပ်စွဲလမ်းသွားတာ။ တဖြည်းဖြည်း ကြီးပြင်းလာတာနဲ့အမျှ သူ့ရဲ့စွဲလမ်းစိတ်ဟာလည်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာတယ်။ နောက်ဆုံးတော့ လူသေတွေကို ကြည့်ချင်လာတဲ့အဆင့်ထိ ရောက်လာတဲ့သဘောပဲ"

ဦးနေဝင်းမှာ တုပ်တုပ်မျှ မလှုပ်နိုင်အောင်ပင် ဖြစ်သွားရတော့၏။

"အသက်မဲ့ခန္ဓာ (သို့) လူသေတွေကို ကြည့်ချင်တယ်။ ကြည့်နိုင်ဖို့အတွက် အသေချာဆုံးနဲ့ အများဆုံးနေရာက သုသာန်။ အဲတော့ သုသာန်ကို သွားရတယ်"

"နှင်းဆီပန်းကရော"

"သူ စွဲလမ်းနေတာ သက်မဲ့ခန္ဓာနဲ့ သွေးလေ။ အသုဘချမယ့်အလောင်းတွေမှာ ပြင်ဆင်ချယ်သထားတော့ ဘယ်မှာ သွေးရှိမလဲ။ အဲဒါကြောင့် သွေးနေရာမှာ နှင်းဆီပန်းအနီကို အစားထိုးပြီးကြည့်တာ . . . အဲဒါပဲ"

"ဪ . . ."

သက်ပြင်းရှည်ကြီးနှင့်အတူ . . .

"ဒါဆို အဖြေကို တွေ့ပြီပေါ့"

"ငါ့ရဲ့ သက်တမ်းမှာတော့ ဒါဟာ အမြန်ဆုံးပဲ။ တချို့လူနာတွေဆို လချီ နှစ်ချီပြီး ကြာတတ်တယ်။ ကြာရတဲ့ အကြောင်းရင်းက လူနာရဲ့ ခုခံမှုတွေကိုကြုံရလို့၊ များသောအားဖြင့် လူနာတွေက အတိတ်က သူတို့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို အမှန်အတိုင်း ပြောမပြချင်ကြဘူး။ တချို့ကိစ္စတွေက အသေးအဖွဲ့ဖြစ်လို့ ပြောပြဖို့မလိုဘူး။ တချို့ကိစ္စတွေကျတော့ မမှတ်မိတော့ဘူး။ အဲလိုမျိုး ဆင်ခြေတွေ အမျိုးမျိုးပေးပြီး လျှို့ဝှက်ထားတတ်ကြတာ။ သူတို့ လျှို့ဝှက်လေ ငါတို့အတွက် ပိုခက်ခဲလေပေါ့ကွာ။ အခုတော့ ရှောရှောရှူရှူပဲ။ သူ ကြုံတွေ့ခံစားခဲ့ရတာတွေကို သမီးလေးက ပွင့်ပွင့်လင်းလင်း ပြောပြတယ်။ အဲတော့ အဖြေတွေ့ရှိမှုကလည်း မြန်သွားတာပေါ့"

ဦးအာသာကိတ်မှာ အာညောင်းသွားသလိုမျိုး ရေနွေးတစ်ခွက်ကို ငုံ့သောက်ပါသည်။ ဦးနေဝင်းမှာတော့ သမီးလေးနှင့် ပတ်သက်ပြီး စိတ်စောနေမိသည်။

"ဒါပေမဲ့ . . . သမီးလေး စိတ်ထဲမှာ ဖုံးကွယ်ထားတာတစ်ခုတော့ ရှိတယ်ကွ။ ဘာလဲတော့ ငါမသိဘူး။ ရောဂါနဲ့ အရမ်းကြီးမပတ်သက်ဖူးထင်လို့လည်း ငါ မစစ်ဘဲ ထားတာ"

"ဟုတ်လား . . ."

ဦးအာသာကိတ် ခေါင်းညိတ်တော့ . . .

"အဖြေကို တွေ့ပြီဆိုတော့ ရောဂါကို ကုနိုင်ပြီဆိုတဲ့ သဘောလား . . . သူငယ်ချင်း"

"သူ့ဦးနှောက်မှာတော့ အဖြေကို လက်ခံသွားပြီ။ ဒါပေမဲ့ နှလုံးသားနဲ့ လက်ခံဖို့ အဆင့်တစ်ခု ကျန်သေးတယ်။ ငါတို့ စိတ်ခွဲပညာကုထုံးမှာ ဆရာရဲ့ပညာပေးမှုဟာ အဓိကအကြောင်း မဟုတ်ဘူး။ လူနာကိုယ်တိုင် ဝေဒနာစေတသိက်နဲ့ယှဉ်ပြီး နားလည်သဘောပေါက်သွားဖို့က အဓိက . . .

"ဪ . . ."

အထူးကုဆရာဝန်ကြီး ဦးနေဝင်းမှာ မကျွမ်းကျင်သော ပညာရပ်နယ်ပယ်၌ ကလေးသူငယ်လေးတစ်ယောက်လို ဦးအာသာကိတ်အား အားကိုးတကြီး ကြည့်ပြီး . . .

"အားကိုးပါတယ် . . . သူငယ်ချင်းရာ"

"ရပါတယ်ကွာ . . . လူနာကို ပျောက်ကင်းစေဖို့က ငါတို့တွေရဲ့ တာဝန်ပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com

# XXVII

ဒီနေ့လည်း မင်း ရောက်မလာခဲ့ပါဘူး ချစ်သူ။ ဒါပေမဲ့ ကိုယ်ကတော့ ဝတ္တရားမပျက် သုသာန်ကို ရောက်နေခဲ့တယ်။ မင်းများ ရောက်လာလိမ့်နိုးနိုးနဲ့ပေါ့။

ရောက်မလာခဲ့ပေမဲ့ တစ်ချိန်က မင်း အရမ်းနှစ်သက်ခဲ့တဲ့ နေရာလေးတစ်ခုအကြောင်းကိုတော့ ပြောပြချင်ပါသေးတယ်။ ဒီနေ့ လေအရှင်ငြိမ်နေတယ် . . . လရောင်။ သစ်ရွက်ခြောက်သံတစ်ချက်ကိုတောင် ကိုယ့်နားမှာ မကြားရဘူး။ ပြီးတော့ သုသာန်လေးက ဒီနေ့အရမ်းကို တိတ်ဆိတ်နေတယ်။

ထူးထူးခြားခြားပါပဲ။ သေသူအတွက် မြင်ခွင့်ရှိသေးရင် လူ့လောကကို လုံးဝ စိတ်နာသွားစေလောက်တဲ့ မြင်ကွင်းတစ်ခုပါ။ ကိုယ်အပါအဝင် လိုက်ပို့သူက လေးယောက်တိတိပဲ ရှိနေတယ်လေ။ သုဘရာဇာကတော့ တာဝန်ကျေပါတယ်။ နှစ်သိမ့်ပြုးနဲ့ ဆုတောင်းစာကသေဆုံးသူကို အားငယ်ခြင်းနည်းအောင် တရားပြနေသလိုပါပဲ။



လိုက်ပို့သူ သုံးယောက်ကလည်း လုံးဝ ဝမ်းနည်းခြင်းမရှိပါဘူးကွယ်။ တစ်ယောက်ဆို မျက်မှန်မည်းကြီးတောင် တပ်ထားသေးတယ်။ မပို့မဖြစ်လို့ လာပို့ရတဲ့ တာဝန်တစ်ခုလိုမျိုးပါ။

ဟော . . . ဆုတောင်းစာ ပြီးဆုံးပြီ။ ဒါပေမဲ့ အခေါင်းနားလာပြီး ဘယ်သူမှ မျက်ရည်ဖြိုင်ဖြိုင် မကျပါဘူး။ မှာတမ်း မချွေပါဘူး။ ခပ်တည်တည်ပဲ ရပ်နေကြတော့ သုဘရာဇာတို့လူတစ်စုက အခေါင်းကို ပိတ်တယ်။ ပြီးတော့ ကြိုးနဲ့သိုင်းပြီး ကျင်းထဲကို ချပါတယ်။

ရယ်ဖို့တော့ အကောင်းသား . . . လရောင်ရေ . . .

အရင်တုန်းက ဒီအချိန်ဆို ကိုယ့်စိတ်တွေ ပေါ့ပါးလွတ်လပ်သွားပြီ။ လောကကြီးထဲကို သာမန်လူတစ်ယောက်အဖြစ် ရဲရဲပြန်ဝင်နိုင်ပြီ။ အခု အခေါင်းမြေကျပြီးတာတောင် ကိုယ့်စိတ်တွေ လေးလံနေဆဲပဲ။

ထားပါ။ မင်းကိုယ်တိုင် လိုက်မပို့ရပေမယ့် ကိုယ်ပြောနေတာတွေ ကြားရမယ်ဆိုရင်တော့ သွေးသားရဲ့ ဆာလောင်မှုတွေကို တစ်စိတ်တစ်ပိုင်းလောက်ပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးနိုင်လိမ့်မယ် ထင်ပါတယ်။

ရတယ် . . . လရောင်၊ ကိုယ် မနက်ဖြန် ဆက်လာခဲ့မယ်။

ဘိုင့် . . . ဘိုင့် . . .

သုသာန်ကို ကျောခိုင်းတော့ ငှက်ဆိုးတစ်ကောင်က ဂီးခနဲ ထတွန်၏။ နှုတ်ခမ်းကိုကိုက်ကာ သုသာန်မှ တစ်လှမ်းချင်း ထွက်ခဲ့လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်၍ လွန်စွာ နားငြီးသက်သာသော အသုဘတခုခု ဖြစ်ပါသည်။

မိန်းကလေးတစ်ဦးပါ။ ဒါပေမဲ့ . . . မိတ်ဆွေ၊ အပေါင်းအသင်းနည်းပုံရ၏။ သတင်းသဲ့သဲ့ ကြားရတာတော့ ညဥ့်ငှက်မလေးတစ်ဦးဖြစ်သည်ဆိုပါ၏။ ဘာပဲဖြစ်ဖြစ်ပေါ့လေ . . . ကိုယ်ထမ်းရမယ့်တာဝန်တစ်ခုကို ကိုယ်ကိုယ်တိုင် ကျေပွန်ခွင့်တော့ ရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လေ့ကားထစ်ဆန်သော လမ်းလေးက လူသူကင်းမဲ့ပြီး တိတ်ဆိတ်လို့နေသည်။ ကောင်းထက် တစ်ဦးတည်း လျှောက်လာခဲ့ရာ ဆယ်မိနစ်လောက်ကြာတော့ လမ်းမကြီးဆီ ရောက်လာ၏။

လူတွေနှင့် အဆက်အသွယ်ရဖို့ နောက်ငါးမိနစ်လောက် ထပ်လျှောက်ရဦးမည်။ ဆေးလိပ်ဘူးကို ထုတ်ကာ တစ်လိပ်ယူ၍ မီးညှိလိုက်သည်။ ဆေးသား၏အရသာကို မက်မက်မောမောခံစားရင်း အဆုတ်တွင်းသို့ ရှိုက်သွင်းလိုက်၏။

တစ်အောင့်ကြာတော့ အဆုတ်မှ ဆေးလိပ်ငွေ့တွေက နှာခေါင်းနှင့် ပါးစပ်မှတစ်ဆင့် အပြင်ကို ပြန်ထွက်သွားပါသည်။ ရင်တွင်းမှာ ရှိန်းတိန်းတိန်း အရသာနှင့်အတူ အချမ်းအနည်းငယ် ပြေသွားသလို ခံစားရသည်။ ဆေးလိပ်တစ်လိပ်ကုန်တော့ မြို့သူမြို့သားတို့ နေထိုင်လှုပ်ရှားရာအရပ်ကို ရောက်လာရာ မြင်းလှည်းတစ်စီးကို တားပြီးမြို့ထဲကို လိုက်ခဲ့၏။

လမ်းတစ်လျှောက်လုံးလည်း စိတ်တည်ငြိမ်လို တည်ငြိမ်ငြား အကြံထွက်လိုထွက်ငြား ဆေးလိပ်ကို တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်လာခဲ့သည်။ ဒါပေမဲ့ . . .

ကံကောင်းသည်ဆိုရမလား၊ ကံဆိုးသည်ဆိုရမလား မပြောတတ်။ မြင်းလှည်းပေါ်မှာ ဆင်းစဉ်မှာပဲ နံဘေးသို့ ကားတစ်စီး ထိုးဆိုက်လာသည်။

"ကျွဲ . . ."

မောင်းသူကို လှမ်းကြည့်တော့ . . .

"ဟော့ . . . ကောင်း"

"ဩော် . . . "

သက်မှူးရှင် . . . ။

ⲭ ⲭ ⲭ



# XXVIII

"သမီး . . ."

ဖေကြီးခေါ်သံကြောင့် ဖုန်းကိုင်ထားသော သူမလက်ကလေး ဆတ်ခနဲ တုန်သွားသည်။

"ဖုန်းပြောချင်လို့လား . . . သမီး"

သူမ လက်တွင်းမှ ဖုန်းလေးအား ကြည့်ကာ ဖေကြီးမေးတော့ . . .

"အာ . . . မဟုတ်ပါဘူး။ ဟို . . . ဟို . . . "

"ဒီမှာ လိုင်းမမိဘူး . . . သမီးရဲ့။ သမီးက ဘယ်သူ့ကို ဆက်ချင်လို့လဲ"

ဖုန်းလေးကို စားပွဲပေါ်ပြန်တင်ကာ သူမစကားတို့ မဲ့နေသည်။ နှိပ်ထားသော ဂဏန်းအချို့က ဖုန်းမျက်နှာပြင်တွင် ပေါ်နေသည်ဖြစ်ရာ လိမ်၍လည်း ရမည်မဟုတ်တော့။ ဖေကြီးက သူမ မျက်နှာရိပ်ကဲအား ဖမ်းကာ အဖြေကို ငံ့လင့်နေတော့ ပြောသင့်မပြောသင့် စဉ်းစားရသည်။

နောက်ဆုံး မပြောလို့လည်း မဖြစ်သည်မို့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖေကြီးကို ဝန်ခံစရာတစ်ခု ရှိတယ်။ ဖေကြီး စိတ်မဆိုးရဘူးနော်"

သူမစကားကြောင့် ဖေကြီး အနည်းငယ် ပြုံးသွားကာ . . .

"မဆိုးပါဘူး . . . သမီးရဲ့၊ ဘာပြောမှာလဲ . . . ပြော"

"သမီးမှာ ချစ်သူရှိနေပြီ"

"ဟေ . . ."

ဦးနေဝင်း မျက်လုံးပြူးသွားသည်။ လုံးဝ ထင်မှတ်မထားသော စကား။ သမီးဖြစ်သူရဲ့ မျက်နှာကို ကြည့်ပြီး အနည်းငယ်လည်း ကြောင်ကာ သွားရသည်။ ပြီးတော့ စိုးရိမ်စိတ်တွေလည်း ချက်ချင်းဖြစ်တည်လာရကာ . . .

"ဘယ်သူလဲ . . . သမီး၊ ဘယ်ကလဲ"

"ဒီမြို့ကပါပဲ"

"ဒီမြို့က"

ထပ်ဆင့် အံ့သြရပြန်ပါသည်။

"ဟုတ်ရဲ့လား . . . သမီးရယ်။ ပြောတော့ သမီးက အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဘူးဆို။ ဘယ်အချိန်များ ချစ်သူရသွားရတာလဲ"

"သုသာန်မှာတွေ့တာ . . . ဖေကြီး"

"သုသာန် . . ."

"အသုဘမပို့ရ မနေနိုင်တဲ့ ရောဂါကြောင့် သမီးက သုသာန်ကို အမြဲသွားရတယ်လေ။ ဖေကြီး လက်ခံဖို့ နည်းနည်းခက်ရင် ခက်လိမ့်မယ်။ သူ့မှာလည်း သမီးနဲ့ တစ်ပုံစံတည်းတူတဲ့ ရောဂါမျိုးရှိတယ်။ သိလား . . ."

ဒီတစ်ကြိမ်တော့ အာမေဋိတ်သံပင် မဟုတ်တော့။ ပါးစပ်ဝါ ဟောင်းလောင်း ပွင့်သွားရပါသည်။



"သူလည်း သမီးလိုပဲ။ အသုဘ မပို့ရရင် မနေနိုင်ဘူး။ အဲဒါကြောင့် သုသာန်မှာ ခဏခဏတွေ့ရင်းနဲ့ . . ."

သူမစကား မဆုံးလိုက် . . .

"သမီး ဘာတွေပြောနေတာလဲ"

"ရှင်"

"သမီး ဖေကြီးကို လာနောက်နေတာလား"

"ဟာ . . . မဟုတ်ဘူး . . . ဖေကြီး၊ သမီးနောက်နေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ။ အစကတော့ ရောဂါဖြစ်နေတာ သမီးတစ်ယောက်တည်းလို့ပဲ ထင်ထားတာ။ သူနဲ့တွေ့ပြီးတော့မှ ရောဂါတူနောက်တစ်ယောက်ရှိနေသေးမှန်း သိရတာ"

"တကယ်ပါ . . . မောင်နေဝင်း၊ သမီးလေးပြောတာ အမှန်တွေပါကွယ်"

အသံကြောင့် နှစ်ဦးစလုံး၏အကြည့်များက တံခါးဝဆီရောက်သွားသည်။ ဒေါ်သိန်းက အခန်းတွင်းသို့ တစ်လှမ်းချင်း လျှောက်ဝင်လာပြီး . . .

"ကောင်လေးက တကယ်ပဲ အသုဘ မပို့ရမနေနိုင်တဲ့ ရောဂါ ခံစားနေရတာပါ။ ဒေါ်သိန်းတို့ဆီကိုတောင် တစ်ခါ လာလည်ဖူးပါသေးတယ်"

ဒေါ်သိန်းရဲ့ တည်ငြိမ်သော ထောက်ခံစကားတို့ကြောင့် မယုံကြည်နိုင်ဖြစ်နေသော ဖေကြီးမျက်နှာမှာ အရောင်ပြောင်းသွားသည်။ ပြီးတော့ . . .

"သူ့နာမည် ဘယ်လိုခေါ်လဲ . . . ဘာလုပ်လဲ"

လရောင် အလျှင်စလို ဝင်၍ . . .

"နာမည်က ကောင်းထက်လို့ ခေါ်ပါတယ်။ လူတွေ ရိပ်မိမှာစိုးလို့ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့နေရတော့ အလုပ်က အတည်တကျ



www.burmeseclassic.com

www.burmeseclassic.com

မရှိဘူး။ လောလောဆယ်တော့ (            ) ဂျာနယ်မှာ သတင်းနဲ့ ဘာသာပြန်ဆောင်းပါးတွေ ရေးပါတယ်"

အကဲခတ်တော့ ဖေကြီးပုံစံမှာ လေးလေးနက်နက်ရှိနေကြောင်း သိရသည်။

"နောက်ပြီး သမီးတစ်ခုလောက် တောင်းဆိုချင်တယ်။ သူ့ကို ဒီခေါ်ပြီး ဆရာကြီးနဲ့ ပြပေးချင်တယ်။ ဖေကြီး ခွင့်ပြုပေးနိုင်မလားဟင်"

"ခွင့်ပြုလိုက်ပါ . . . မောင်နေဝင်းရယ်၊ ဒီသူငယ်နဲ့ မတွေ့ရလို့ မင်းသမီး ညဲတိုင်းငိုနေတာ မကြည့်ရက်လို့ပါ"

ဒေါ်သိန်းစကားနောက်မှာ ဖေကြီး အကြည့်တွေက မေးခွန်းထုတ်သလို သူမထံ ရောက်လာ၏။

"ဆရာကြီးနဲ့ကုတာ သမီး အခု တော်တော်သက်သာနေပြီ။ သူ့ကိုလည်း သမီးလို သက်သာသွားစေချင်လို့ပါ"

ခေါင်းကိုငုံ့တော့ မျက်ရည်တစ်ပေါက် တောက်ခနဲ ကျသွားသည်။ ဖေကြီး နှုတ်မှ ထွက်လာသည်ကား . . .

"တို့တွေ အခုပဲ ဟိုတောင်ကုန်းပေါ်သွားပြီး ဖုန်းဆက်ဖို့ ကြိုးစားကြမလား"

"ရှင် . . ."

❦ ❦ ❦



# XXIX

လေကားမှတက်တော့ ကြက်သီးတွေ ဖျန်းဖျန်းပွင့်နေသည်။ တံခါးကိုဖွင့်ကာ အခန်းတွင်းသို့ မြန်မြန်ဝင်လိုက်သည်။ ကာလအတန်ကြာ သူ့အား နားခိုမှုပေးခဲ့သော အခန်းလေးက ယခုတစ်ကြိမ်လည်း လုံခြုံမှုဖြင့် သူ့အား ဆီးကြိုနေသည်။

သွေးအေးတတ်ပြီဖြစ်သဖြင့် အရမ်းကြီးတော့ စိတ်လှုပ်ရှားမနေ။ ဒါပေမဲ့ ပြင်ပလေတစ်သိုက် အေးခနဲ ဝင်လာသည်ကြောင့် အနည်းငယ်တော့ မယုံသင်္ကာဖြစ်သွား၏။ တရားခံကို ရှာဖွေတော့ ပြတင်းတစ်ပေါက်က မလုံမလဲ ပွင့်ဟနေသည်။ မနက်က ပိတ်ဖို့ မေ့သွားခြင်း ဖြစ်နိုင်ပါ၏။

အလျင်စလိုသွားကာ တံခါးအား ပိတ်လိုက်သည်။ အပေါ်အင်္ကျီကိုချွတ်ကာ စားပွဲပေါ် တင်သည်။ ထို့နောက် တည်ငြိမ်သော ခြေလှမ်းတွေဖြင့် မီးဖိုဆောင်တွင်း ဝင်ခဲ့လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုံဘိုင်ခေါင်းကို ဖွင့်တော့ ရေတွေ ဝေါခနဲ ပွင့်ကျလာသည်။

လက်ဝါးနှစ်ဖက်ကို ပွတ်သည်။ ဆပ်ပြာတိုက်သည်။ ရေဆေးသည်။ ပြီးတော့ ဆပ်ပြာ ထပ်တိုက်သည်။ ရေထပ်ဆေးသည်။ အကြိမ်ကြိမ် တိုက်တွန်းနေသော စိတ်တစ်ခုကြောင့် အကြောင်းမည်မည်ရရ မရှိဘဲ လက်ကိုသာ အထပ်ထပ် ရေဆေးနေမိတော့၏။

ထိုစဉ်မှာပဲ . . .

"ဒုန်း . . . ဒုန်း . . . "

ဆတ်ခနဲ ခေါင်းမွေးတွေ ထောင်ထသွားသည်။ တံခါးထုသံ။

"ဒုန်း . . . ဒုန်း . . . "

လူက ရပ်နေလျက်မှ စက္ကန့်ပိုင်းလောက် ကြက်သေ သေသွား၏။ မည်သူနည်း။ ဘုံဘိုင်ကိုပိတ်တော့ အခန်းလေးက ပကတိ တိတ်ဆိတ်ကျသွားသည်။ ဒီတော့ တံခါးထုသံက ပိုကျယ်လာသည်။

"ဒုန်း . . ဒုန်း"

အသက်ပင် ဝဝမရှူရဲဘဲ သတိအနေအထားနဲ့ တံခါးဆီသို့ တစ်လှမ်းချင်း တိုးသွားလိုက်သည်။

အပြင်မှ တစ်စုံတစ်ယောက် ထုအားကြောင့် တုန်ခါနေသော တံခါးလေးလို အနီးကပ် ခြင်နေရ၏။ တံခါးလက်ကိုင်ဘုကို အုပ်ပြီး ဖွင့်ရကောင်းနိုး၊ မဖွင့်ရကောင်းနိုး စဉ်းစားမိပါသေးသည်။ ဒါပေမဲ့ . . .

'ဝုန်း'ခနဲ ဆွဲဖွင့်လိုက်တော့ တံခါးဝမှာ ပေါ်လာသည်ကား . .

"ခေါ်လိုက်ရတာ ကောင်လေးရာ ဟိုမှာ မင်းဖုန်းလာနေတယ်"

"ဦးအိန်ဂျလို"

ရင်ဝမှ အလုံးကြီးတစ်ခု လျှောခနဲ ပြုတ်ကျသွားပြီး အသက်ကို အမောတကော ရှူကာ . . .

"လန့်လိုက်တာ ဦးလေးရာ . . . ဘယ်သူဆက်တာလဲ"

"မင်း ကောင်မလေး"

"ဗျာ"



စောင့်ထိန်းအပ်သော အသိတွေ အတိုင်းတာတစ်ခုကို လွန်မြောက်သွား၏။ ရုတ်ခြည်းထွက်ပေါ်လာသော အားတစ်ခုနှင့်အတူ လှေကားမှ ဝရုန်းသုန်းကား ပြေးဆင်းခဲ့တော့သည်။

လရောင် . . . လရောင် . . .

သူ့ဆီကို ဖုန်းဆက်လာပါပြီ။ သူမမှ ဆက်သွယ်လာပြီ။ ကော်ရစ်တာကို ဖြတ်ကျော်ကာ စားပွဲပေါ် လှဲတင်ထားသည့် စကားပြောခွက်လေးရှိရာဆီ ရောက်တော့ . . .

"ဟဲလို . . . ဟဲလို . . ."

လေသံတရှဲရှဲကို အရင်ဆုံး ကြားရ၏။

"ဟယ်လို . . . လရောင် . . . လရောင် . . . "

မြည်တမ်းမိသော နာမည်တစ်ခု၏ အဆုံးသတ်မှာ . . .

"မကောင်း . . . "

ကြားလိုက်ရသော နာမည်ခေါ်သံကြောင့် သူ၏ တစ်ကိုယ်လုံးမှာကား အရုပ်ကြိုးပြတ် ခွေကျသွားတော့၏။

"လရောင်ရယ် . . ."

ထိုမျှသာ ပြန်ပြောနိုင်ပြီး သူ၏ စကားလုံးတို့က လည်ချောင်းမှာ တစ်ဆို့ကုန်သည်။ မျှော်မှန်းလွမ်းဆွတ်နေမှုတို့ကို တစ်သီတစ်သန်းကြီး ပြောပြလိုက်ချင်ပါသည်။ ဒါပေမဲ့ ယောကျ်ားကြီးတန်မဲ့ ဝမ်းနည်းစိတ်တွေက သူမ အသံကြားပြီးနောက်မှာ စကားလုံးတွေအား ပိတ်ဆို့ထား၏။

"ကောင်း . . . ကောင်း . . . အဆင်ပြေရဲ့လားဟင်"

ဘာကိုမေးတာလဲ ချစ်သူ။ နှလုံးသားကို မေးတာလား။ ရောဂါကို မေးတာလား။ မကွယ်မဝှက်တမ်း ပြောရရင်တော့ တစ်ခုမှ အဆင်မပြေပါဘူး။ ဒါပေမဲ့ . . .

"လရောင်ရယ် . . . ဘယ်တွေ သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ မေးခွန်းတွေ တသီကြီးရှိနေပါလျက် ထိုစကားသာ နှုတ်က ပြောထွက်သည်။

"ကောင်းကို အရေးတကြီး ပြောစရာရှိတယ်။ ကောင်း လရောင်ကို တွေ့ချင်တယ်မလား ဟင်"

မေးမှမေးရက်တယ် ချစ်သူ။

"ကိုယ် ဘယ်ကို လာတွေ့ရမလဲ"

ဒီထက်တိကျတဲ့ စကားလုံးလည်း လောလောဆယ် ရှာမတွေ့ဘူးလေ။

"လာတွေ့စရာ မလိုဘူး။ အိမ်မှာပဲ စောင့်နေ။ တစ်အောင့်နေ ကောင်းကို ဖေကြီး လာခေါ်လိမ့်မယ်"



ရပါတယ်
သိုယ်ခဲ့ပါမယ် . . .
ရပါတယ်
တို့တွေ မကြာခင်တွေ့ကြမယ် . . .
မသေရဲ့ရှင်တောင်
ရှင်တော့ ရှင်ရဲ့ရှူဦးမှာစေ့ပါစေ
မဟုတ်ဘူးလား . . .



www.burmeseclassic.com

www.burmeseclassic.com

# XXX

သစ်ပင်တန်းကို တရိပ်ရိပ် ဖြတ်ကျော်လာခဲ့သည်။ လေအေးပေးစက် ဖွင့်မထားသော်လည်း ကားလေး၏ အတွင်းမှာ ပြင်ပလေအရှိန်နှင့် အေးစိမ့်ကာနေသည်။ ထို့အတူ ကားပေါ်တွင် ရှိနေသူနှစ်ဦးမှာလည်း တစ်ဦးကိုတစ်ဦး အကဲခတ်သလို အေးစက်စက် ရှိနေကြ၏။

"မောင်ရင့်နာမည် ကောင်းထက်နော်"

"ဟုတ်ပါတယ်ဗျ"

"သမီးပြောလို့ သိထားတယ်။ မောင်ရင်က အန်ကယ့်သမီးနဲ့ ရောဂါတူ ခံစားနေရတယ်ဆိုတာ . . . ဟုတ်လား"

"လရောင်က ပြောတာလား"

"ဟုတ်တယ်"

လူငယ်က သက်ပြင်းကို လေးပင်စွာ ချသည်။

"သူ ပြောပြီးပြီဆိုရင်တော့ ဟုတ်ပါတယ်"



"ဘယ်က ဘယ်လို အဲရောဂါ စဖြစ်ခဲ့တာလဲ သိလား"

"မသိဘူး"

"ဦးသမီးကတော့ ငယ်ငယ်ကရခဲ့တဲ့ စိတ်ဒဏ်ရာတွေကနေ စခဲ့တာလို့ ပြောတယ်။ မင်းကရော . . ."

"ငယ်ဘဝနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မမှတ်မိတော့ဘူး အန်ကယ်"

"ဟေ . . ."

အံ့သြသွားသော လရောင်ဖခင်၏ မျက်နှာကို နောက်ကြည့်မှန်မှတစ်ဆင့် မြင်ရသည်။ အမှန်တရားကို ပြောခြင်းဖြစ်ရာ ဒီထက်ပိုပြီးလည်း သူ ဘာမှမတတ်နိုင်တော့။

"အခု လရောင်မှာ ရောဂါ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ သိပြီလား . . . အန်ကယ်"

"ဒီရက်ပိုင်းအတွင်း စိတ်ကုဆရာဝန်ကြီးတစ်ယောက်နဲ့ သမီးလေးကို ကုပေးနေတာ၊ အခြေအနေ တိုးတက်တယ်။ ဘာကြောင့် ဖြစ်ရတယ်ဆိုတာတော့ သိသွားပြီ"

"ဟုတ်လား . . . ဒါဆို ရောဂါပျောက်သွားပြီဆိုတဲ့ သဘောပေါ့"

ဝမ်းသာစိတ်နဲ့ မေးမိတော့ . . .

"အင်း . . . ဘယ်လိုပြောရမလဲ။ အဆင့်တစ်ခုထိတော့ ရောက်သွားပြီဆိုပါတော့။ ဦးနှောက်နဲ့မဟုတ်ဘဲ နှလုံးသားနဲ့ လက်ခံနိုင်ဖို့တော့ လိုသေးတယ် ပြောတယ်"

ကောင်းထက် သေချာစဉ်းစားပြီး ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်မိ၏။ လေ့လာမိသလောက်တော့ ဟုတ်ပါသည်။ ဒါပေမဲ့ ကုသချိန်က အရမ်းကြီး မြန်လွန်းနေသလား။



www.burmeseclassic.com

www.burmeseclassic.com

"အခု မောင့်ရင့်ကို လာခေါ်ရတာလည်း သမီးကို ကုပေးနေတဲ့ စိတ်ကုဆရာဝန်ကြီးနဲ့ ပြပေးမလို့ပါ။ သမီးလေးက မောင်ရင့်ကိုပါ သူနဲ့အတူ ကုပေးဖို့ အရမ်းထက်သန်နေတယ်လေ"

"ဩော် . . ."

ကြည်နူးမှုနှင့်အတူ ကျေးဇူးပါ တင်သွားမိသလား မသိပါ။

နောက် ဆယ်မိနစ်လောက်ကြာတော့ ကားလေးက ခြံကျယ်ကြီးတစ်ခုရှေ့မှာ ရပ်သွားသည်။ အတွင်းမှ ခြံစောင့်တစ်ဦး ပြေးလာကာ အလျင်အမြန် တံခါးဖွင့်ပေး၏။ ပွင့်သွားသော တံခါးမှတစ်ဆင့် ကားလေးက အတွင်းကို မောင်းဝင်လာကာ . . .

အိမ်ရှေ့တည့်တည့်ကို ရောက်တော့ . . .

"လာ . . . မောင်ကောင်းထက်၊ အိမ်ထဲ ဝင်ရအောင်"

ကားပေါ်မှဆင်းစဉ် စိမ်းသက်သော အရိပ်အငွေ့လို ခံစားရသည်။

အိမ်တွင်းသို့ ခြေတစ်လှမ်း ဝင်လိုက်စဉ်မှာပဲ . . .

"ကောင်း . . ."

လှိုက်မောဆို့နင့်သော ခေါ်သံတစ်ခုက သူ့ရှေ့တည့်တည့်ဆီမှာ။

"လရောင် . . ."

ဝင်ပေါက်ရှေ့တည့်တည့်ရှိ ကျွန်းလှေကားကြီးမှတစ်ဆင့် သူ၏ ချစ်လှစွာသော လမင်းလေး ပြေးဆင်းလာသည်။ ပထမဦးဆုံး မြင်ဖူးခဲ့သည့် နေ့ရက်တစ်ခုလို အနက်ရောင်ဂါဝန်ရှည်ကိုဝတ်ပြီး သွေးဆုပ်ဖျော့တော့သော မျက်နှာဖြင့် . . .

အဖေဖြစ်သူ ရှိနေတာကို သတိမထားမိတော့ . . .

ဖိနပ်ချွတ်ဖို့ပင် မေ့လျော့ကာ လရောင်ရှိရာကို အားရဝမ်းသာ ပြေးသွားလိုက်သည်။



နှစ်ဦးသားဆုံတော့ ဖွင့်ဟထားသော သူ့ရင်တွင်းသို့ နူးညံ့သေးသွယ်သော ကိုယ်လုံးလေး အိကျလာသည်။

"လရောင်ရယ် . . ."

လွတ်ထွက်သွားမတတ် ဖက်ထားမိလိုက်သည်။ နှစ်ဦးသား စက္ကန့်ပိုင်းလောက လက်ရှိဘဝကို မေ့လျော့သွားကြ၏။

ဘာကြောင့်မှန်းမသိ ဖက်ထားရင်းနှင့် မျက်ဝန်းမှာ မျက်ရည်တို့ စိုစွတ်လာသည်။

ကိုယ်ကို ပြန်ခွာတော့ တစ်ဦးအကြည့်တွေက နောက်တစ်ဦး နှလုံးသားသို့ ထိုးဖောက်ဝင်ရောက်သွားသလို။

လွမ်းလိုက်တာကွယ်။ ဒီရက်တွေအတွင်း ဘယ်လိုစိတ်တွေနဲ့ အလွမ်းဖြေခဲ့မှန်း မင်းကို သိစေချင်လိုက်တာ။ မျက်ဝန်းမှ ပြောမိသော စကားတို့အား သူမ ကြားရလိမ့်မည် ထင်ပါသည်။

ထို့အတူ သူမမျက်ဝန်းမှ ပြောနေသောစကားတို့ကိုလည်း သူ့နှလုံးသားဖြင့် လက်ခံကြားနာခဲ့သည်။ နောက်တစ်ကြိမ် ပွေ့ဖက်တော့ နှစ်ဦးလုံး၏ ခံစားမှုတွေက ပိုမိုနက်ရှိုင်းသွားသလို။

နောက်ထပ် မဝေးပါရစေနဲ့ကွယ် , . .

ထိုစဉ်မှာပဲ . . .

"မင်္ဂလာပါ . . . သား"

ကြားရသောစကားကြောင့် နောက်ကို လှည့်ကြည့်မိတော့ . . .

"ဟာ . . . ဆရာ"

အမည်းရောင်တိုက်ပုံဖြင့် ဆရာကြီးဦးအာသာကိတ်က သူ့ကို ပြုံးဝံ့ဝံ့ ကြည့်နေသည်။

"သာမန်လူတွေနဲ့မတူ ကွဲပြားတဲ့ စိတ်အခြေအနေကို မင်း မေးကတည်းက ဆရာရိပ်မိခဲ့ဖို့ ကောင်းတယ်"

www.burmeseclassic.com

"ဆရာ . . . ဆရာက . . ."

"ဒါ . . . လရောင်ကို ကုပေးနေတဲ့ ဆရာကြီးလေ။ ကောင်းက သိနေတာလား"

"သိတာပေါ့ . . . ဒါ ကိုယ့်ဆရာပဲ"

"ဟင် . . ."

ဆရာကြီးက ပြုံးသည်။

"မပူပါနဲ့ . . . သားအတွက် ဆရာ့မှာ နည်းလမ်းကောင်းတွေ ရှိပါတယ်"

ᚸ ᚸ ᚸ

တောင်း . . . တစ်ခါပြောခဲ့ဖူးတဲ့
စကားတစ်ခွန်းလိုပေါ့

ဓားဖြစ်နေတဲ့ဘဝတွေအတွက်
ရွေးချယ်စရာ မရှိဘူးလေ

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်စိတ်ထဲ ရှိနေသမျှကို ပြောပြရမှာလား ဆရာ"

"မပြောရဘူး . . . မေ့လျော့နေသူတွေအတွက် ဒီနည်းက အလုပ်မဖြစ်ဘူး။ ဆရာတို့ နောက်တစ်နည်း သုံးရမယ်"

"ဘယ်နည်းလဲ . . . ဆရာ"

"ဒီကို ကြည့်စမ်း"

ထိုခဏမှာပဲ ဆရာကြီးလက်တွင်းမှ ရွှေရောင်အိတ်ဆောင် နာရီလေးတစ်လုံး ဖျတ်ခနဲ လွှင့်ကျလာသည်။

ပြီးတော့ . . . နာရီလေးက သူ၏ မျက်စိရှေ့အထက် နားကျကျ နေရာမှာ ဟိုဘက်ဒီဘက် ယိမ်းနွဲ့လှုပ်ယမ်းသွားတော့၏။

⁂ ⁂ ⁂



# XXXI

"မင်း မျက်စိရှေ့မှာရှိတဲ့ ဒီပစ္စည်းလေးကို စူးစိုက်ကြည့်နေပါ။ မျက်စိညောင်းရင် မျက်တောင်ခတ်လို့ ရတယ်။ ခဏခဏတော့ မခတ်ရဘူး။ စိတ်ကိုလည်း ဘယ်မှ မလွင့်ပါးစေဘဲ အာရုံကို စူးစိုက်ထားပါ။ ခန္ဓာကိုယ်ကိုလည်း တောင့်တင်းမနေပါစေနဲ့။ အသက်ကို မှုလရှူနေကျထက် ပိုပြီး ပြင်းပြင်းလေးနဲ့ ရှည်ရှည်လေးဆွဲပြီး ရှူပေးပါ"

အခန်းလေးတစ်ခန်းက နွေးထွေးရှိန်းမြနေသည်။ ပရိဘောဂ အဆောင်အယောင် ဘာတစ်ခုမှမရှိသော အခန်းလေး ဖြစ်ပါ၏။

နေ့ခင်းနေ့လယ်ပင် ဖြစ်သော်လည်း အခန်းကို အလုံပိတ်ကာ မီးများ ထွန်းညှိထားသည်။ ဘာကြောင့်လဲ မပြောတတ်၊ ဆိုဖာပေါ်တွင် လူနှစ်ဦးရှိနေကာ တစ်ဦးက အိပ်မွေ့ချဖို့ ကြိုးစားနေပြီး နောက်တစ်ဦးက အိပ်မွေ့ကျရန် အဆင်သင့်ရှိနေသည်။

ဆိုဖာပေါ်ထိုင်၍ လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ထားပြီး ပြေလျော့သော အနေအထားဖြင့် ကောင်းထက်ရှိနေပါ၏။ ဦးအာသာကိတ်

www.burmeseclassic.com

မှာတော့ အိတ်ဆောင်နာရီလေးအား ကောင်းထက် မျက်စိရှေ့တွင် လှုပ်ယမ်းပြီး အမိန့်တွေ ဆက်တိုက်ပေးနေသည်။ ကောင်းထက် မျက်လုံးများက ထိုအိတ်ဆောင်နာရီနောက်သို့ လိုက်ပါလှုပ်ရှားနေသည်။

"အခုဆိုရင် မင်း မျက်လုံးတွေ တဖြည်းဖြည်း လေးလာပြီ။ မျက်တောင်တွေလည်း တဖြည်းဖြည်း စင်းလာပြီ။ ခန္ဓာကိုယ် တစ်ခုလုံးလည်း လေးလံလာပြီ။ အိပ်ချင်စိတ်ပေါ်ရင် အိပ်လိုက်မယ်လို့ သဘောထားပါ"

နာရီလေးအား အသွားအပြန် ရှိနေရာမှ အမိန့်သံနှင့် မရှေးမနှောင်းမှာပင် ကောင်းထက် မျက်လုံးများ လေးလံလာပါသည်။ အိပ်ချင်စိတ်တွေလည်း ဖြစ်ထွန်းလာသည်။ အမြင်အာရုံတွေက တဖြည်းဖြည်း ဝေဝါးလာပြီးသကာလ . . .

"အိပ်တော့မယ် မကြာခင် အိပ်ပျော်တော့မယ်။ အသက်ကို လေးလေးနဲ့ မှန်မှန်ရှူပါ။ ခန္ဓာကိုယ်ကို တင်းမထားပါနဲ့။ အသက်ကို အောင့်မထားပါနဲ့"

အသက်ရှူသံတွေ လေးလံလာသော ကောင်းထက်ကို ကြည့်ကာ လရောင် စိုးရိမ်မကင်း ဖြစ်နေမိသည်။ ဖေကြီးကတော့ အေးအေးသက်သာပင် သူ့မသွားတွင် ရပ်ပြီး ကုသသူနှင့် လူနာအား ကြည့်နေပါ၏။

"ကဲ . . . အိပ်တော့၊ အခုဆို မင်း အိပ်ပျော်သွားပြီ"

ထိုခဏမှာပင် ကောင်းထက်၏ ခန္ဓာကိုယ်မှာ အမိန့်သံနှင့်အတူ ဆိုဖာဆက်တီပေါ်သို့ လဲ့မှိုကျသွားတော့သည်။

အိပ်ပျော်ခြင်းအဆင့်သို့ ရောက်သွားလေပြီ။ ထိုမှတစ်ဆင့်ပြီး တစ်ဆင့် . . .

✕ ✕ ✕



# XXXII

"ကျွန်တော့်ရှေ့မှာ ဦးလေးကြီးတစ်ယောက်က လူသေကောင်ရဲ့ ခေါင်းကို အပ်နဲ့ချုပ်နေတယ်။ သူ့မျက်နှာနဲ့ ကိုယ်မှာ သွေးတွေ၊ ဦးနှောက်တွေကို ဘေးမှာပုံထားတယ်။ အခန်းက ကျဉ်းကျဉ်းလေး။ ဘယ်သူမှမရှိဘူး။ ကျွန်တော်ရယ်၊ အပ်နဲ့ချုပ်နေတဲ့ ဦးလေးကြီးရယ်၊ လူသေကောင်ကြီးရယ်"

"ဘယ်မှာ မြင်တာလဲ"

"ဆေးရုံမှာ"

"ဘယ်တုန်းကလဲ"

"ငယ်ငယ်တုန်းက။ ကျွန်တော့်အိမ်က ဆေးရုံနောက်ဖက်မှာ တဲသေးသေးလေး။ ကျွန်တော့်အဖေက ဆေးရုံဝန်ထမ်း။ ကျွန်တော်တို့အိမ်ရဲ့ ဘယ်ဘက်မှာ ရင်ခွဲရုံဆိုတဲ့ အဆောက်ဦးသေးသေးလေးရှိတယ်၊ လူသေတွေကို ရင်ခွဲတဲ့ နေရာပေါ့ဗျာ။ နေ့တိုင်းလိုလို တစ်မျိုးမဟုတ်တစ်မျိုးနဲ့ လူသေတွေ ရောက်လာတာချည်းပဲ။ ကျွန်တော်လည်း သွားကြည့်တာ တစ်ရက်မှ မပျက်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဘာလို့ သွားကြည့်တာလဲ"

"တစ်ယောက်နဲ့တစ်ယောက် သေပုံချင်းမတူလို့၊ ကားတိုက်ပြီး သေတယ်ဗျာ။ စက်ကြိတ်တယ်ဗျာ။ လှေမှောက်လို့ ရေနစ်လို့ဆိုတော့ တစ်မျိုးနဲ့တစ်မျိုး မတူဘူးလေ။ တစ်ခါတလေဆို ဒဏ်ရာများလွန်းလို့ ချုပ်တောင်မနိုင်ဘူး။ ထူးဆန်းလို့ ကြည့်ရင်းကြည့်ရင်းနဲ့ ကျွန်တော် တဖြည်းဖြည်း မကြည့်ရ မနေနိုင် ဖြစ်လာတယ်။ လူသေရောက်လာပြီး ကျွန်တော် မကြည့်လိုက်ရဘဲ လွတ်သွားမှာကို အရမ်းပဲ စိုးရိမ်တယ်။ ဒါပေမဲ့ . . . တစ်ရက်တော့ ကျွန်တော် အဖေ ဆေးရုံပြောင်းဖို့ အမိန့်ကျ လာတယ်။ ကျွန်တော် မလိုက်ချင်ဘူးဗျာ။ မလိုက်လို့လည်း မရဘူး။ ပြောင်းရတဲ့ ဆေးရုံက တောထဲမှာ။ ရောက်ပြီး သိပ်မကြာဘူး ကျွန်တော် ဝမ်းရောဂါ ဖြစ်ပြီး အပြင်းဖျားတာ သုံးရက်လောက် သတိလစ်သွားတယ်။ ပြန်လည်း နိုးရော အရင်ကအကြောင်းတွေ မမှတ်မိတော့ဘူး"

"အတိတ်မေ့သွားတာလား"

"မဟုတ်ဘူး . . . လူသေကြည့်ချင်တဲ့ အကြောင်းတစ်ခုတည်း ပျောက်ကွယ်သွားတာ"

နောက်ဖက်မှနေ၍ တစ်လှမ်းချင်းတိုးလာသော ခြေသံကို ကြား ရ၏။ ကောင်းထက် ပြောနေသော အကြောင်းအရာများကို ဦးနေဝင်း စိတ်ဝင်စားလာပြီး ခပ်လှမ်းလှမ်းတွင် ရပ်နေရာမှ ရွေ့တိုးလာခြင်း ဖြစ် သည်။

"အင်း . . . ဆက်ပြောပါဦး"

"အဲဒီအတိုင်း ကျွန်တော် နေလာခဲ့တာ ဆယ်တန်းနှစ်မှာ အဖေ ဆုံးသွားတယ်။ အဖေဆုံးတော့ ကျွန်တော်တို့သားအမိနှစ်ယောက် ဆေးရုံ ဝန်းထဲမှာ နေလို့မရတော့ဘူး။ မြို့ကပါ တစ်ခါတည်း ပြောင်းပြီး အခြား တစ်မြို့မှာ အခြေချတယ်။ ဒါပေမဲ့ ကျွန်တော် ဆယ့်ရှစ်နှစ်လောက်မှာ အလိုလိုနေရင်း လူသေကြည့်ချင်တဲ့စိတ်က ပြန်ပေါ်လာတယ်"



"ဟော . . ."

"မင်းရဲ့စိတ်တွေ အဲဒီအချိန်မှာ တအားရှုပ်ထွေးနေတာလား"

"စိတ်ဓာတ်ကျနေတာ။ အဖေမရှိတော့ ပင်ပင်ပန်းပန်း ရပ်တည် ရတယ်လေ။ ကျောင်းကတစ်ဖက်၊ အလုပ်ကတစ်ဖက်၊ ရည်းစားရှယ်ချက် တွေက တစ်ဖက်နဲ့"

"အင်း . . . ဖြစ်တတ်ပါတယ်"

ဦးအာသာကိတ်မှ ဖြစ်တတ်ပါတယ်ဆိုသော်လည်း ဦးနေဝင်း ကတော့ မျက်မှောင်ကြုတ်ကာနေသည်။ ထို့အတူ လရောင်လည်း နား မလည်ခဲ့။ ဒီတော့ ကောင်းထက်အား အံ့ဩပြီးမွေ့ပေးနေလျက်မှပင် . . .

"အဓိကကတော့ မသိစိတ်ဘဲ။ မြင်အောင်ပြောရရင်တော့ အခန်းငယ်တစ်ခုထဲမှာ လူတစ်ယောက်ရှိနေတယ် ဆိုပါစို့။ အဲဒီအခန်း ဟာ မနောဝိညာဉ်ရဲ့ အပေါ်လွှာ သိစိတ်ပဲ။ အဲဒီအခန်းနဲ့ ကပ်လျက်မှာ အခန်းကြီးတစ်ခု ရှိနေတယ်။ အဲဒါကတော့ မနောဝိညာဉ်ရဲ့ အောက်ခြေ မသိစိတ်ပေါ့။ မသိစိတ်ထဲမှာ ကောင်းတာတွေရော၊ ဆိုးတာတွေရော ရှိနေတယ်။ အဲဒါတွေက အခန်းငယ်ထဲကို အချိန်ပြည့်ဝင်ဖို့ ကြိုးစားနေ ကြတယ်။ ဒါပေမဲ့ ဝင်ချင်တိုင်းတော့ ဝင်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခန်းဝမှာ ပရအတ္တဆိုတဲ့ အပေါက်စောင့်ရှိနေလို့ ပရအတ္တအားနည်း သွားတဲ့အခါမှာတော့ သိစိတ်နယ်ပယ်ထဲကို မသိစိတ်ထဲက ကောင်းတာ၊ ဆိုးတာတွေ အားလုံး အလုံးအရင်းနဲ့ ဝင်လာတော့တာပဲ။ အခုကိစ္စက အဲဒီသဘောပါ"

လရောင်ရဲ့ သက်ပြင်းချသံကို ကြားရ၏။ ဦးနေဝင်းကတော့ တည်ငြိမ်လျက်သာ ရှိနေသည်။

"ဆက်ပြောပါဦး . . ."

"ဘယ်လိုဖြစ်တယ် မသိဘူး။ လူသေတွေကို ကြည့်ချင်စိတ် ပေါ်လာပြီးတဲ့နောက်မှာ ဆယ့်ရှစ်နှစ်ကျော် ဖြတ်သန်းခဲ့တဲ့ ငယ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတွေကို ဦးနောက်က တဖြည်းဖြည်း မေ့ချင်လာတယ်။ တချို့ ကိစ္စတွေဆို လုံးဝ မေ့သွားတယ်"

"ဒါလည်း ဖြစ်တတ်တယ်"

စကားနဲ့အတူ ဆရာကြီးက တစ်ဆက်တည်း ဆက်ရှင်းပြသည်။

"မှတ်ဉာဏ်ရဲ့ သဘောပါပဲ။ သောကဖိစီးမှု များလာတဲ့အခါ ၊ စိတ်ဓာတ်အကျလွန်လာတဲ့အခါ မှတ်ဉာဏ်တွေ ကွယ်ပျောက်သွားတတ်တယ်။ မှတ်ဉာဏ်ပျက်စီးတာ မဟုတ်ဘူး။ ဦးနောက်ကလာပ်စည်းအတွက် မူလအတိုင်းပဲ။ စိတ်ကြောင့် မှတ်ဉာဏ်ကွယ်သွားတာ။ စောင့်ကြည့်ပါ။ အခု အိပ်မွေ့ချနိုးပြီးတဲ့နောက်မှာ သူ့မှတ်ဉာဏ်တွေ အရင်အတိုင်း ပြန်ဖြစ်လာလိမ့်မယ်"

ထို့နောက် ကောင်းထက်အား ဆရာကြီးမှ အမိန့်ပေးကာ ဆက်ပြောစေပါသည်။

"ဘယ်လိုပဲ ထိန်းချုပ်ပေမဲ့ လူသေဆိုရင် မကြည့်ရ မနေနိုင်ဘူး၊ ဒါပေမဲ့ မြို့က ကြီးပြီး စည်းကမ်းရှိတော့ ရင်ခွဲရုံထဲကို အပြင်လူတွေ ပေးမဝင်ဘူး။ အဲဒါကြောင့် သုသာန်ကိုပဲ သွားရတယ်။ မကြာပါဘူး မြို့ကနေ ပြောင်းဖို့ ဖြစ်လာတယ်။ သုသာန်ကို မဆီမဆိုင် နေ့တိုင်းလာနေတဲ့ လူတစ်ယောက်ကို ကြာရင် ဘယ်သူမဆို မှတ်မိနိုင်လာတယ်လေ။ အဲဒီအခါမှာ ကျွန်တော်ဟာ စိတ္တဇဝေဒနာရှင်တစ်ယောက်ဆိုတာ သူတို့ သိသွားလိမ့်မယ်။ အဲဒါကို အသိမခံနိုင်ဘူး။ ကျွန်တော် ရှက်တယ်။ အဲဒါကြောင့် လပိုင်းအတွင်း မြို့ကနေ ပြောင်းရွှေ့ခဲ့တယ်။ နောက်ပိုင်း တစ်မြို့ပြီးတစ်မြို့ ကျွန်တော် ပြောင်းပြီး နေထိုင်တယ်"

စကားမှာ ထိုမျှနှင့် ရပ်သွားသည်။ ဘာကြောင့်မှန်းမသိ ကောင်းထက်မျက်နှာမှာ ဝေဒနာတစ်ခုဖြစ်ပေါ်လာသလို မြင်ရသည်။ နှုတ်ခမ်းလေးများပင် အနည်းငယ် ပြုံးသွားသလို . . .



"တစ်ရက်မှာ ကျွန်တော့်လိုပဲ ဝေဒနာခံစားနေရတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဆုံတယ်။ ချစ်ဖို့ အရမ်းကောင်းတယ်ဗျာ။ တကယ်ပါပဲ ကျွန်တော် သူ့ကို အရာအားလုံးထက် ပိုချစ်သွားတယ်။ သူကလည်း ကျွန်တော့်နည်းတူ ပြန်ချစ်ခဲ့တယ်။ ကျွန်တော်တို့ လျှောက်လည်ကြတယ်။ စကားတွေ အကြာကြီး ပြောကြတယ်။ သူ့မွေးနေ့မှာ ကျွန်တော့် ကဗျာလေးတစ်ပုဒ် လက်ဆောင်ပေးခဲ့တယ်။ ကျွန်တော် သူ့ကို အရမ်းချစ်တာပဲ . . . ဟား"

လရောင်မျက်နှာတွင် ပန်းရောင်သွေးတို့ ရဲထွေးသွား၏။ ကြည်နူးစိတ်ကြောင့် မျက်ရည်များပင် လည်လာမိသလို။

ကြည့်နေစဉ်မှာပင် ကောင်းထက်မျက်နှာ၌ ကြည်နူးနေသော သရုပ်သဏ္ဌာန်မှ ချက်ချင်း ညှိုးလျော်ကျသွားသည်။ အောက်မေးရိုးများ မသိမသာ တင်းမာလာသည်ကိုလည်း မြင်ရ၏။

"တစ်ရက်မှာ ကျွန်တော့်ကမ္ဘာထဲက သူ ထွက်သွားတယ်။ ကျွန်တော့်ဆီ သူ ပြန်မလာတော့ဘူး။ ကျွန်တော့်မှာ . . . ကျွန်တော့်မှာ . . ."

ပြောရင်းနဲ့ အသံတွေ တုန်ခါလာသည်။ ဖြေလျှော့ထားသော လက်သီးတွေ ဆုပ်လာသည်။ ဆရာကြီးက အခြေအနေကို ရိပ်စားမိကာ . . .

"ဘာဖြစ်တာလဲ . . . မင်း ဘာမြင်ရလို့လဲ"

"ကျွန်တော် . . . ကျွန်တော်တစ်ယောက်တည်း မြစ်ကူးတံတားကြီးပေါ်မှာ"

ဦးအာသာကိတ် မျက်မှောင်ကြုတ်သွားသည်။ ဦးနေဝင်းနှင့် ၊ လရောင်မှာလည်း . . .

"ပြောစမ်း . . . မင်း ဘာဖြစ်ခဲ့တာလဲ"

"ကျွန်တော် . . . လူတစ်ယောက်ကို မြင်တယ်။ အဲဒီ . . . အဲဒီလူက . . ."



www.burmeseclassic.com

www.burmeseclassic.com

# XXXIII

ညသည် နက်နေပြီ။ ဥရုဝေလတံတားကြီးက တစ္ဆေကြီးတစ်ကောင် ပက်လက်လှဲနေသလို မြစ်ကို ဖြတ်ထိုးထားသည်။ မြစ်ပြင်မှ ဖြတ်တိုက်လာသော လေက တံတားပေါ်တွင် တဟူးဟူး မြည်နေသည်။

ဒါပေမဲ့ ကောင်းထက် စိတ်အစဉ်နှင့် ခန္ဓာကိုယ်က အေးစက်ခြင်း မရှိဘဲ ပူလောင်ကာနေပါ၏။

"လရောင် . . ."

အိပ်လို့မပျော်ဘူး ချစ်သူ။ မင်း ထွက်သွားပြီးတည်းက ကိုယ် တစ်ညမှ အိပ်လို့မပျော်ခဲ့ဘူး။ ဒီညကိုရော ကိုယ် ဘယ်လိုဖြတ်ကျော်ရဦးမှာလဲ။ ဆေးလိပ်တစ်လိပ် ထုတ်သောက်မည်ကြံတော့ ရှေ့မှာ လူတစ်ယောက် . . .

"ဘုရားရေ . . ."

ညကြီးအချိန်မတော် လူတစ်ယောက်ကို တွေ့ရခြင်းသည် ထူးဆန်းသော ကိစ္စတစ်ခုမဟုတ်။ ဒါပေမဲ့ ထိုလူ့အပြုအမူက ထူးဆန်းနေသည်။ တံတားလက်ရမ်းပေါ် ကုတ်တက်နေ၍ . . .



"ဟာ . . . ဟေ့လူ"

ကောင်းထက် အလျင်အမြန်ပြေးကာ ထိုလူအား လှမ်းဆွဲလိုက်သည်။ အရှိန်ကြောင့် ပလက်ဖောင်းပေါ်သို့ နှစ်ဦးသား လုံးထွေးကျသွား၏။ ထိုလူက အလျင်စလို ကုန်းထကာ . . .

"ဟေ့ကောင် . . . မင်း ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲက ခင်ဗျားကို မေးရမှာ။ ခင်ဗျား ဘာလို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေတာလဲ"

"ဟ . . . သေကြောင်းကြံပါတယ်ဆိုမှ သေချင်လို့ပေါ့ကွ"

"သေချင်တိုင်း သေလို့ မရဘူးလေဗျာ။ သူ့ဟာသူ သေချိန်တန်ရင် သေမှာပေါ့။ ခင်ဗျား အခုလို ကိုယ့်ကိုယ်ကိုယ် သတ်သေတော့ နောက်ဘဝ ပြန်ခံရမှာ မကြောက်ဘူးလား"

လူကြီးက သူ့ကိုကြည့်ကာ ပြုံးသည်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်သည်။ ဆံပင်ဆုတ်ဖွား၊ ခန္ဓာကိုယ်မှာလည်း ချေးအလူးလူး။ အင်္ကျီအဝတ်အစားကလည်း အပေါက်အပြဲများနှင့် . . .

"ဟား . . . ဟား . . . ဟုတ်ပါပြီ။ အရင်က . . . ငါလည်း မင်းလိုမျိုးပဲ တွေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကြုံတုန်းလေး မင်းကို နားလည်အောင် ရှင်းပြခဲ့မယ်"

လူကြီးက ဘောင်းဘီကိုဆွဲမပြီး တံတားလက်ရန်းမှာ မှီထိုင်သည်။

"လာလေကွာ . . . ဒီနားကို"

ကောင်းထက် ကြောင်တောင်တောင်ဖြင့် ထိုလူကြီးဘေး ဝင်ထိုင်တော့ . . .

"မင်း ငါ့ကိုသိလား"

"မသိဘူး . . ."

သဘာဝကျကျ ခေါင်းကိုညိတ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"အရင်တုန်းက ငါဟာ ဒီမြို့ရဲ့ လူချမ်းသာ စာရင်းဝင်တစ်ယောက်ပဲ။ ငါ့အဖေလက်ထက်မှာ စီးပွားတွေ မတရားဖြစ်ခဲ့တယ်။ ငါ တတော့ သူဌေးသားပေါ့ကွာ။ ငါ့ကို ထိန်းကျောင်းမဲ့သူ၊ ချီပိုးမယ့်သူ၊ အနှစ်နာခံမယ့်လူ၊ အရွယ်လေးရောက်တော့ ကပ်စားယက်စားလုပ်ပြီး ညာစားမယ့်လူ၊ မြှောက်ပင့်မယ့်လူတွေ ဒုနဲ့ဒေးပေါ့။ ငါ့အဖေဆုံးသွားတော့ အမေက စီးပွားရေးကို ဦးစီးတယ်။ မိန်းမသားဖြစ်တဲ့အပြင် အလုပ်များ၊ ဆုံးဖြတ်ချက်မှားတွေကြောင့် စီးပွားရေးက တဖြည်းဖြည်းကျလာတယ်။ အဲဒီအချိန် ငါ ပညာသင်နေတဲ့ အရွယ်ပေါ့။ ငါ့ခေါင်းထဲမှာ ပညာမှ ပညာပဲ။ ဘာမှမရှိဘူး။ နောက်ဆုံး ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ အခြေအနေမှာ စီးပွားရေးကို ငါ ဝင်ယူရတယ်။ စီးပွားကျနေမယ့် သူဌေးပေါ့။ ဝန်ထမ်းတွေ လက်အောက်ငယ်သား တွေနဲ့ပေါ့။ ဒါပေမဲ့ . . . ငါ့ရဲ့ ကောင်းတဲ့အကျင့်လား၊ မကောင်းတဲ့အကျင့်လား မသိတာတစ်ခုက အတ္တနဲ့ ပရမှာ ပရဘက်ကို ငါက ပိုအားသန်တယ်။ လူတွေကို လိုတာထက်ပိုပြီး ကြည့်ရှုခဲ့တယ်။ လက်အောက်ငယ်သားတွေကို ထိုက်သင့်တာထက် ပိုမိုပြီး စောင်မကရုစိုက်ခဲ့တယ်။ ငါ့လက်ထက်မှာ စီးပွားရေးက လုံးဝ ယိုဆင်းသွားတယ်။ နောက်ဆုံး ရပ်နားလိုက်ရတဲ့အထိပေါ့။ ဝမ်းနည်းဖို့ ကောင်းတာတစ်ခုက ငါ့ဆီက ဘာမှရဖို့ မမျှော်လင့်နိုင်တော့ တဲ့အချိန်မှာ ငါ့နားမှာ ဘယ်သူ မှ မရှိတော့ဘူး"

"အင်း . . ."

တရားကျသလို ကောင်းထက် ထောက်ပေးမိသည်။ ဒါဟာ ထုံးစံပဲလေ။

"စီးပွားကျတော့ မြို့နဲ့ဝေးတဲ့ ရွာတစ်ရွာကိုသွားပြီး တတ်ထားတဲ့ပညာနဲ့ ကျောင်းလေးတစ်ကျောင်း ဖွင့်တယ်။ အောင်မြင်ပါတယ်။ ပိုက်ဆံမရှိတော့ပေမဲ့ ပညာလာသင်တဲ့တပည့်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းလေး ဖြစ်လာတယ်။ ဒါပေမဲ့ နောက်ထပ် နှစ်အနည်းငယ်ကြာတော့ ရွာကို မြို့က တခြားကျောင်းတွေ ရောက်လာတယ်။ ကျောင်းအပြိုင်တွေ ပေါ်လာတယ်ပေါ့ကွာ။ အဲဒီမှာ သူတို့က ငါ့ကျောင်းကို ဝိုင်းပြီး အပုတ်ချတော့တာပဲ။ ငါကတော့ မသိဘူး။ ပညာဖြန့်ဝေသူ အချင်းချင်းဆိုတော့ မလုပ်လောက်ဖူး ထင်တာပေါ့။ သိတဲ့အချိန်မှာ ကျောင်းက ပိတ်ရတော့မယ့်အဆင့်ကို ရောက်သွားပြီ။ နောက်ဆုံးတော့ ကျောင်းပိတ်လိုက်ရတယ် ဆိုပါတော့။ ကျောင်းပိတ်ပြီးတော့ မြို့ကို ပြန်ပြောင်းပြီး ဘဝရပ်တည်မှုအတွက် အလုပ်မျိုးစုံ လုပ်တယ်။ တစ်ခုမှ အဆင်မပြေဘူး။ အကျိုးပေးညံ့တာလည်း ပါတာပေါ့လေ။ အခုတော့ မြင်းလှည်းမောင်းနေတယ်"

လူကြီးအား ကောင်းထက် မယုံနိုင်သလို ကြည့်မိ၏။ တကယ်သာဆိုရင်တော့ ဘဝအလှည့်အပြောင်းက ကြောက်စရာပါပင်။

"မြင်းလှည်းမောင်းမှ ဘဝဆိုတာ ထပ်သိတော့တာ။ ငါ သူဌေးသားဘဝ ငါ့ကို ချီပိုးခဲ့တဲ့ သူတွေ၊ သူဌေးဘဝက ငါ့ဝန်ထမ်းတွေ။ ကျောင်းဆရာဘဝ ငါ့တပည့်တွေ သူတို့တွေကို မြင်းလှည်းမောင်းသမားဘဝနဲ့ ပြန်တွေ့ရတယ်။ ငါ့ကို သူတို့တွေ မမှတ်မိကြဘူး။ အဲမှာ ငါ စဉ်းစားမိတယ်။ ဒါ နောက်ဘဝ မကူးသေးဘူးနော်။ ဒီသက်တမ်းအတွင်းမှာပဲ သူတို့တွေကို ငါဘဝမျိုးစုံနဲ့ တွေ့ဆုံရတာ။ ဘယ်လောက် အံ့ဩဖို့ကောင်းလဲ။ သံသရာဆိုတာ ဒီလိုကြီးပါလား။ နောက်ဘဝမျိုးစုံမှာလည်း သူတို့တွေကို ပုံသဏ္ဍာန်မျိုးစုံနဲ့ တွေ့ဆုံရဦးမယ်၊ ဘဝမျိုးစုံနဲ့ ရင်ဆိုင်ရဦးမယ်၊ ဘယ်လိုဘဝမျိုးနဲ့ တွေ့ဆုံရင်ဆိုင်မလဲဆိုတာတော့ ဒီဘဝမှာ ကိုယ့်ရဲ့ နေမှုထိုင်မှု၊ ကြိုးစားအားထုတ်မှု၊ ကျင့်ကြံမှုတွေပေါ်မှာပဲ မူတည်တယ်"

"ဒါ အမှန်ပဲလေ။ အမှန်ကို သိနေရက်နဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဘာလို့ ကြိုးစားရတာလဲ"

လူကြီးက ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

"လူမှာ သေးမျိုးလေးစား ရှိသေးတယ်ကွ။ ဒါကိုလည်း မင်းကို ပြောပြဦးမယ်။ ပထမတစ်မျိုးက ဘယ်ဟာ အမှန်လည်း မသိဘူး။ အမှန်ကို မသိတဲ့အတွက် မှန်အောင် မလုပ်နိုင်ဘူး။ ဒုတိယတစ်မျိုးက အမှန်ကို သိတယ်။ ဒါပေမဲ့ မှန်အောင်မလုပ်ဘူး။ တတိယက လုပ်တော့ လုပ်နိုင်တယ်။ လုပ်နိုင်တဲ့စွမ်းရည်တွေ သူ့မှာရှိတယ်။ ဒါပေမဲ့ ဘဝပေးကုသိုလ်ကြောင့် ဘယ်ဟာအမှန်လဲ သူတို့မသိဘူး။ အမှန်ကို သင်ပြပေးနိုင်မယ့်ဆရာနဲ့ မဆုံရဘူး။ စတုတ္ထကတော့ အမှန်ကိုလည်း သိတယ်။ မှန်အောင်လည်း လုပ်နိုင်တယ်။ အဲဒီလေးမျိုးထဲမှာ ငါက ဒုတိယအမျိုးထဲမှာ ပါတယ်။ အမှန်ကိုတော့ သိတယ်။ ဒါပေမဲ့ မလုပ်နိုင်ဘူး"

လူကြီးက သူ့အား အဓိပ္ပာယ်တစ်ခုပါတော့ အကြည့်နှင့် ကြည့်သည်။ ပြီးတော့ . . .

"ဘာလို့ မလုပ်နိုင်လဲဆိုတာတော့ နောက်ဘဝမှပဲ သိအောင် လုပ်တော့မယ်ကွာ။ ကဲ . . . သွားတော့မယ် . . ."

စကားဆုံးသည်နှင့် လက်ရန်းဘောင်ကို ကျော်ကာ လှစ်ခနဲ တံတားအောက် ခုန်ဆင်းသွားသည်။

"ဟာ . . ."

ကြောင်အမ်းသွားရာမှ ကပျာကရာ ကုန်းထလိုက်တော့ . . .

"ဝုန်း . . ."

ᐳᐸ ᐳᐸ ᐳᐸ



"ဒါဆို ရေနစ်သေတဲ့ မြင်းလှည်းသမားက မင်းနဲ့ နောက်ဆုံးတွေ့ခဲ့တာပေါ့"

"ဟုတ်တယ် . . . သူ့အလောင်းဆယ်တော့ ကျွန်တော်ရှိတယ်။ မျက်နှာမှာ ငါးတွက်ရာတွေနဲ့"

ဦးအာသာကိတ်နှင့် ဦးနေဝင်းတို့ သက်မကိုယ်စီ ချမိကြသည်။ လရောင်မှာတော့ ကောင်းထက် ပြောပြတာတွေ နားထောင်ပြီး အသက်ရှူမှားနေ၏။

"ဒါဆို သူက ရိုးရိုးသေသွားတာပေါ့။ ဒါကို ရဲတွေက လူသတ်မှုဆိုပြီး အမှုတွေ ဘာတွေ ဖွင့်နေတယ်"

"ဟုတ်တယ် . . . သူက ရိုးရိုးသေသွားတာ။ ဒါပေမဲ့ . . ."

ပြောနေရင်းနဲ့ ကောင်းထက် မျက်နှာမှာ အရောင်နောက်တစ်ချက် ပြောင်းသွားသည်။

"နောက် . . . နောက်တစ်ယောက်ကတော့ ကျွန်တော်"

ᐳᐸ ᐳᐸ ᐳᐸ



www.burmeseclassic.com

www.burmeseclassic.com

## XXXIV

"တစ်ယောက်တည်းလား . . ."

"ဟုတ်တယ် . . . တစ်ယောက်တည်း"

"အဖော်လိုရင် ခေါ်လေ"

ခြေလှမ်းကိုရပ်တော့ အပေါ်စား ရေမွှေးနံ့နှင့် မသိုးသန့်သော ခံစားမှုတစ်ခုကို စိတ်မှ ရရှိသည်။ ရည်ရွက်ချက်တစ်ခုနှင့် ကောင်းထက် အပြင်ထွက်လာခဲ့ခြင်းပါ။ သန်းခေါင်တောင် နီးလုနေပြီ။

မြို့ကြီးတစ်ခုတန်းက ညလုံးပေါက်ဖွင့်သော အလင်းဆိုင်တွေမှလွဲ၍ တိတ်ဆိတ်အိပ်မောကျနေကြပြီ။ မြို့ထဲတွင် လူသူရှင်းလင်းနေသည်ကြောင့် ဘူတာဘက်သို့ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဘူတာမရောက်ခင် လမ်းတစ်နေရာမှာ ဤမိန်းကလေးနှင့် လာဆုံနေခြင်းပင်။ အနီရောင်ဆွဲသားပျော့ ဂါဝန်တိုကို ဝတ်ဆင်ထားပြီး ဖြူဖြူပါးပါး ငှက်လေးတစ်ကောင်။



သူရပ်နေတာကိုမြင်တော့ မိန်းကလေးက အနီးသို့ ကနွဲ့ကလျ လျှောက်လာပြီး . . .

"သုံးထောင်ပဲပေး"

ကောင်းထက် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်ပြီး သက်ပြင်းကို ချလိုက်၏။

"မင်းတော့ နေရင်းထိုင်ရင်း ကြမ္မာဆိုးဝင်ပြီး . . . မိန်းကလေးရေ"

ပတ်ဝန်းကျင်က တိတ်ဆိတ်ရှင်းလင်းနေရာ . . .

"ဘယ်မှာ လှုပ်ရှားရမှာလဲ"

"လာ . . . တို့နောက် လိုက်ခဲ့"

သူမက နေရာတစ်ခုသို့ ဦးဆောင်ခေါ်သွားသည်။ ဘူတာသို့ သွားသောလမ်းမှ သွေဖယ်၍ မှောင်ရိပ်တွင်း ဝင်သွားခြင်းပါ။

မကြာခင် ရထားသံလမ်းကို ရောက်လာသည်။ တစ်ဖက်ခြမ်းမှာက လူတစ်ရပ်ကျော်ကျော်လောက်ရှိသည့် ကိုင်းပင်များ။

"ဟို . . . ကိုင်းတောထဲမှာလား"

"ဟုတ်တယ်လေ . . . အဆင်မပြေဘူးလား"

မှဆိုးက သားကောင်အား လုံးဝ လွှတ်မလွှတ်ချင်သည့် အကြည့်ဖြင့် ကြည့်လာတော့ . . .

"အင်း . . . ရပါတယ်"

တစ်ညလုံး ဈေးဦးမပေါက်သေးပုံရသည်။ လှုပ်ရှားနေကျ နေရာတစ်ခု ဖြစ်မည်ထင်ရကာ ကိုင်းတောကား လျှောက်ပါများ၍ လမ်းလေးသဖွယ်ပင် ဖြစ်နေ၏။ တစ်နေရာရောက်တော့ . . .

"ပေး . . . ပိုက်ဆံ"

သုံးထောင် ထုတ်ပေးတော့ ပိုက်ဆံကိုခေါက်ပြီး အင်္ကျီရင်ဘတ်တွင်း ထိုးထည့်သည်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"လာလေ . . ."

ကိုယ်ကို လှည့်လိုက်စဉ်မှာပဲ . . .

ကောင်းထက် ဆတ်ခနဲသိုင်းဖက်ပြီး ပါးစပ်ကို အရင်ပိတ်သည်။ ပြီးတော့ အသင့်ယူဆောင်လာသော ခါးကြားမှ ဓားဖြင့် . . .

"ဒုတ် . . . အင့်"

ရှန်းကန်လှုပ်ရှားမှုတစ်ခုကို ရင်ဆိုင်ရသည်။ ကောင်းထက် အချိန်မပေးတော့ပါ။ နောက်တစ်ချက် . . .

"ဒုတ်"

ⵣ ⵣ ⵣ



## XXXV

"အမေ့ . . ."

လရောင် အာမေဋိတ်သံဖြင့် ထွက်သွားပါသည်။ ဦးအာသာတို့မှာလည်း ပျာယာခတ်သွားသည်။

"ဘာဖြစ်လို့လဲ . . . ဘာဖြစ်လို့ မင်း သူ့ကို သတ်ရတာလဲ"

"လရောင်နဲ့ တွေ့ချင်လို့"

"ဘာ . . ."

"ရှင် . . ."

"မဆိုင်တာ . . ."

လူသုံးယောက်ထံမှ အာမေဋိတ်သံ တစ်ယောက်တစ်မျိုးဆီ ထွက်သွားတော့ . . .

"မောင်ကောင်းထက် . . . သေချာစဉ်းစားပြီး ပြောပါ။ လရောင်ကို တွေ့ချင်တာနဲ့ လူသတ်တာက ဘာမှမဆိုင်ဘူး ထင်တယ်နော်"

"ဆိုင်တာပေါ့ . . . လရောင် ကျွန်တော့်အနားမှာမရှိတော့ဘူးလေ။ ဖုန်းလည်း မဆက်ဘူး။ အဲတော့ ကျွန်တော်တို့နှစ်ယောက်ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

တွေ့စေနိုင်ဖို့က အသုဘ မပို့ရ မနေနိုင်တဲ့စိတ်နဲ့ သုသာန်ပဲ ရှိတော့တယ်။ လရောင်သုသာန်ကို ရောက်လာဖို့က အသုဘရှိနေဖို့ လိုတယ်။ အသုဘက နေ့တိုင်းမရှိဘူး။ အဲဒီအတွက် သတ်ရတာ"

'အင့်' ခနဲ ရှိုက်သံတစ်ချက် လရောင်ထံမှ ထွက်ပေါ်လာသည်။

"ဒါပဲလား . . . မင်း ဘယ်သူ့ကို ထပ်သတ်သေးလဲ"

ကောင်းထက် တိတ်ဆိတ်ကာနေသည်။ ကောင်းထက်ပုံစံကို ကြည့်ပြီး ဆရာကြီးက အားမလိုအားမရ ဖြစ်လာကာ . . .

"မှန်မှန်ဖြေပါ . . . မောင်ကောင်းထက်။ သေချာစဉ်းစားပြီး ဖြေပါ။ ဒါ ဆရာက မင်းကို အမိန့်ပေးနေခြင်း ဖြစ်တယ်"

ကောင်းထက် အသက်ရှူသံများ ပြင်းထန်လာသည်။ ပြီးတော့ . . .

"နောက်တစ်ယောက် ထပ်သတ်ခဲ့သေးတယ်"

"ဘယ်သူလဲ . . ."

"သက်မှူးရှင်"

"ဘာ . . ."

ဒီတစ်ကြိမ်တွင်တော့ ဦးအာသာကိတ် အကြီးအကျယ် ထိတ်လန့်သွားတော့၏။ သက်မှူးရှင်ဆိုသည်ကား သူ့အတန်းမှ တပည့်မတစ်ဦး ဖြစ်နေရာ . . .

"ဘာလို့ သတ်တာလဲ . . . သူ့ကို ဘာလို့ သတ်ရတာလဲ"

"ဒီနေ့ ဟိုကောင်မလေးကို သင်္ဂြိုဟ်တယ်လေ။ သက်မှူးရှင်က နောက်တစ်ရက်အတွက်"

"ကျွတ် . . . ဘာလို့များ သတ်ရတာလဲကွာ"

တပည့်တစ်ဦးအပေါ် စိတ်မကောင်းဖြစ်မှုတွေနှင့် ဆရာကြီး အသံမှာ ပျော့တော့ကာ သွားသည်။



'သုသာန်ကပြန်တော့ လမ်းမှာ သက်မှူးရှင် ကားနဲ့တွေ့တယ်။ နောက်လူရှာရမယ့်အတူတူ သူ့ကိုပဲ ညာခေါ်သွားပြီး မြစ်ကမ်းစပ်မှာ ဓားနဲ့ ထိုးသတ်လိုက်တာ။ အခုထိ ကားပေါ်မှာ သူ့အလောင်းရှိဦးမယ်"

"ဟော . . ."

ဆရာကြီးက တစ်ဖက်ကိုလှည့်ပြီး ဖေကြီးကို ခေါင်းညိတ်ပြသည်။ ဖေကြီးက သဘောပေါက်သလို ခေါင်းပြန်ညိတ်ကာ အခန်းတွင်းမှ ထွက်သွားပါ၏။

လရောင် ကြောင်အမ်းနေရာမှ တစ်စုံတစ်ခုကို သတိရပြီး ဖေကြီးနောက်ကို အပြေးလိုက်သည်။ ထင်ထားသလိုပါပင် ဖေကြီးက စားပွဲပေါ်တင်ထားသော ဖုန်းကို ကောက်ယူကာ အောက်ထပ်သို့ . . .

"ဖေကြီး . . . ဘယ်လဲဟင် . . . ဖေကြီး . . . ဘယ်သွားမလို့လဲ"

"ရဲကို အကြောင်းကြားမလို့ သမီး"

"ရှင် . . ."

ရင်တစ်ချက် ဒိန်းခနဲ ဆောင့်ခုန်ကာ . . .

"ဟာ . . . မလုပ်ပါနဲ့ . . . ဖေကြီးရယ်။ ရဲကို အကြောင်းမကြားပါနဲ့။ ရဲကို အကြောင်းကြားရင် ကောင်း အဖမ်းခံရမှာပေါ့"

"ခံရမယ် . . . သမီး၊ ဒါ လူသတ်မှုပဲ။ သူ အဖမ်းခံရလိမ့်မယ်"

"မလုပ်ပါနဲ့ . . . ဖေကြီးရယ်။ မလုပ်ပါနဲ့နော်"

ဖေကြီး၏ လက်မောင်းကိုဆွဲကာ သူမ တားနေမိသည်။

"မလုပ်လို့ မရဘူး . . . သမီး။ ကိုယ့်ရှေ့မှာ လူသတ်သမားတစ်ယောက် ရှိနေတာကို ဒီအတိုင်း လွှတ်မပေးနိုင်ဘူး"

"ကောင်းက သမီးချစ်သူလေ . . . ဖေကြီးရဲ့"

"တိတ်စမ်း . . . သမီး၊ ဒီလို လူသတ်သမားကို ဖေကြီး လက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူမကို တွန်းဖယ်၍ အိမ်တွင်းမှ ဖေကြီး ထွက်သွားသည်။ ဘယ်ကိုသွားတာလဲ သူမ သိပါသည်။ အိမ်နောက်ဖက်ရှိ တောင်ကုန်းများဆီသို့။ ထိုအပေါ်မှနေ၍ ဖုန်းလိုင်းမိရာအရပ်တွင် ဖေကြီး ရဲစခန်းကို အကြောင်းကြားလိမ့်မည်။

ဖေကြီးကို တားမရသည့်အခါ သူမ အပေါ် ပြန်ပြေးတက်လာပြီး . . .

"ဆရာကြီးရယ် . . . ကောင်းကို အိပ်ငွေ့ဖြေပေးပါနော်၊ မဟုတ်ရင် ကောင်း အဖမ်းခံရမှာ။ ဖေကြီးက ရဲစခန်းကို လှမ်းဆက်သွယ်နေပြီ"

"ဖမ်းဖို့အတွက်ပဲ . . . သမီး၊ ဆရာ အိပ်ငွေ့ဖြေမပေးနိုင်ဘူး။ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို သူ ခံရလိမ့်မယ်"

မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာသည်။

ကောင်းဆီကို ပြေးသွားပြီး အတင်းလှုပ်နှိုးသည်။

ဒါပေမဲ့ မရ။ နောက်ဆုံးတော့ . . .

"အိပ်ငွေ့ ဖြေမလား၊ မဖြေဘူးလား ဆရာ"

လရောင်စကားတို့ တင်းစေ့ပြတ်သားသွားသည်။ ထို့အတူ ထိုင်နေသော ဦးအာသာမှာလည်း ဆတ်ခနဲ ခါးမတ်သွား၏။ အကြောင်းက ဦးအာသာ၏ ကျောပြင်ကို ဓားတစ်လက် ထောက်ထားခဲ့လေပြီ။ လရောင် နောက်တစ်ကြိမ် ထပ်မေးသည်။

"အိပ်ငွေ့ ဖြေမလား မဖြေဘူးလား ဆရာ"

"မဖြေနိုင်ဘူး သမီး"

"ရတယ်"

လရောင် စဉ်းစားမနေတော့။ ပြင်းထန်သော ဓားသွားတစ်ချက်သည်ကား . . .

"အင့် . . . "



ဆရာကြီးနှုတ်မှ ညည်းညူသံတစ်ချက် ထွက်သွားသည်။ အံကို ကြိတ်၍ ဓားသွားကို ဆွဲနှုတ်လိုက်သည်။ ပြီတော့ အားအပြည့်သုံးကာ နောက်တစ်ချက် . . .

"ဒုတ် . . . အား"

ထိုခဏမှာပင် ကောင်းထက်ရဲ့ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွား၏။ ပြီးတော့ . . . မျက်လုံးတို့ ပွင့်ဟလာသည်။ မျက်လုံးပွင့်ပွင့်ချင်း မြင်လိုက်ရသည်ကား . . .

"ဟာ . . . လရောင်"

ဓားကို လွှတ်လိုက်စဉ် ဆရာကြီး ဦးအာသာ၏ ခန္ဓာကိုယ်မှာ ကြမ်းပေါ်သို့ . . .

"ဝုန်း"

ဓားတန်းလန်းနှင့် မှောက်လျက်လဲကျသွားသည့် ဆရာကြီးကို ကြည့်ကာ . .

"ဟာ . . . ဆရာကြီး"

ဦးအာသာ မလှုပ်ရှားနိုင်တော့ပြီ . . .

"လရောင် . . . ဘာဖြစ်လို့"

စကားမဆုံးလိုက်။ လရောင် နှုတ်မှထွက်လာသည့် စကားတစ်ခွန်းမှာက . . .

**"ကောင်း တစ်ခါပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းလိုပေါ့။ ဓားဖြစ်နေတဲ့ ဘဝတွေအတွက် ရွေးချယ်စရာ မရှိဘူးလေ"**



www.burmeseclassic.com

www.burmeseclassic.com

## XXXVI

ဆိတ်ငြိမ်သော ရပ်ဝန်းလေးမှာ ရဲကား ဥသြဆွဲသံတွေ ဆူညံလာသည်။ တရားခံကို ဖမ်းဆီးရန်အတွက် တာဝန်ရှိသူများ ရောက်လာကြပြီ။

ဦးနေဝင်းက ထိုသူတို့ကို ဦးဆောင်ကာ အပေါ်ထပ်သို့ အပြေးတက်ချလာ၏။

"ဒီအခန်းထဲမှာ . . . ဒီအခန်းထဲမှာ . . ."

တံခါးမှာ ထွက်လာတုန်းက ဖွင့်လျက်ဖြစ်သော်လည်း ယခု ပိတ်လျက်သား ဖြစ်နေသည်။ ရဲနှစ်ဦးက ခြေထောက်ဖြင့် အပြင်းအထန်ကာ တံခါးကို ဖွင့်သည်။

"ဝုန်း"

တံခါးပွင့်သွားစဉ် သူတို့ မြင်လိုက်ရသည်ကား . . .

"ဟာ . . ."

ဦးနေဝင်းတစ်ယောက် မူးမိုက်လဲမတတ်ပင် ဖြစ်သွားရပါသည်။ လူတစ်ယောက်။ ရှင်းအောင်ပြောရပါက လူသေတစ်လောင်း။

ခုတွင် ပြေပြေလျော့ထိုင်ကာ အသက်ပျောက်နေပြီ။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ပိတ်ဖြူတစ်စ လွှမ်းတင်ထားသည်။ ထူးခြားတာက သူငယ်ချင်းဖြစ်သူ၏ လက်ထဲမှာ နီရဲသော နှင်းဆီတစ်ပွင့် ကိုင်ထားခြင်းပင်။

သူတို့ ရှိမနေကြတော့ . . .

သူတို့တွေ အာသာကို သင်္ဂြိုဟ်သွားကြပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## XXXVI

လွှန်စွာ နက်ရှိုင်းသော တောအုပ်ကြီးတစ်ခုရဲ့ အလယ်တွင် လူနှစ်ဦး ပြေးလွှားနေကြသည်။

တစ်ဦးလက်ကို တစ်ဦး ကိုင်ထား၏။

တစ်ဦးစိတ်ကိုတစ်ဦး အဆုံးစွန် နားလည်သိရှိထားကြ၏။ သူတို့မျက်နှာတွင် နောင်တ၊ ဝမ်းနည်းမှု၊ အားငယ်မှု အလျဉ်းမရှိ။ အရာရာ ရင်ဆိုင်ဖို့ အသင့်ပြင်ထားသည့် ပုံစံမျိုး။

ဒါဟာ ဘဝဟောင်းကို စွန့်ပစ်၍ ဘဝသစ်သို့ ဦးတည်ခြင်းလား၊ (သို့) ဘဝဟောင်းကိုပင် နောက်တစ်နေရာပြောင်း၍ ဖြတ်သန်းရန် ကြိုးစားနေကြခြင်းလား။

ပြောခွင့်ရှိဦးမည်ဆိုလျှင်တော့ စကားတစ်ခွန်းကို အတူပြောချင်ပါသည်။

"လောကဟာ လူအချို့အတွက် ရွေးချယ်ခွင့် အများကြီး ပေးမထားဘူးလေ။ ဒါပေမဲ့ . . ."

ရပါတယ်။

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက် (၃)နာရီ

နှစ်ဆယ့်လေးမိနစ် ရှိပါပြီခင်ဗျာ။



# သူဝေး

လုံးချင်းဝတ္ထုသစ်

SHWE THANMEE PUBLISHING HOUSE

www.burmeseclassic.com